ကြေးမုံ
The Mirror Daily
၁၉၅၇ ပြေီ ၁၆ တွင် စတင်တည်ထောင်သည်။
Established in 1957

**လောကကို ထွန်းလင်းတောက်ပ**

အချင်းချင်း ခိုက်ရန်ဖြစ်ပွားခြင်းသည် မကောင်း။ ရန်ပြုတတ်သူတို့အလယ်တွင် ရန်မပြုဘဲနေခြင်းသည်လည်းကောင်း၊ ကိလေသာအနှိပ်စက်ခံရသူတို့အလယ်၌ ကိလေသာ အနှိပ်အစက်မခံရဘဲနေခြင်းသည်လည်းကောင်း၊ ကာမဂုဏ်ကို ကြောင့်ကြစိုက်ကုန်သောသူတို့အလယ်၌ ကြောင့်ကြမစိုက်ကုန်ဘဲနေခြင်းသည်လည်းကောင်း ချမ်းသာ၏။

လောကဝင်(ဓမ္မပဒ-၁၇၃)

၁၃၈၄ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၂ ရက်၊ ကြာသပတေးနေ့။ Thursday, 14 July 2022 ၁၀၇၉၆

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများ စစ်ဆေးခြင်းများ အပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှ နည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထားလုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ Republic of the Tatarstan ရှိ PJSC "Tatneft" ကုမ္ပဏီအမှုဆောင်အရာရှိချုပ်နှင့် တွေ့ဆုံဆွေးနွေး၊ Kazan Hi-Technology Park သို့ သွားရောက်လေ့လာ




**နေပြည်တော် ဇူလိုင် ၁၃**

ရုရှား ဖက်ဒရေးရှင်းနိုင်ငံ၌ ရောက်ရှိနေသည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် စစ်သံမှူး ဗိုလ်မှူးချုပ် မိုးကျော်နှင့် တာဝန်ရှိသူများ လိုက်ပါ၍ ယနေ့ ဒေသစံတော်ချိန် နံနက်ပိုင်းတွင် Republic of the Tatarstan၊ ကာဇန်မြို့ရှိ PJSC "Tatneft" ကုမ္ပဏီမှ တာဝန်ရှိသူများနှင့် တွေ့ဆုံဆွေးနွေးပြီး Kazan Hi-Technology Park သို့ သွားရောက်လေ့လာကြည့်ရှုသည်။

စာမျက်နှာ ၃ ကော်လံ ၁ သို့ ☆

**ကြည့်ရှုလေ့လာ**

နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် Kazan Hi-Technology Park တွင် ကြည့်ရှုလေ့လာစဉ်။




ကြေးမုံ

# အခွင့်အလမ်းကိုအမိအရဆုပ်ကိုင် ကောင်းမွန်သည့်အနာဂတ်တည်ဆောက်

ကမ္ဘာကြီးတွင် ရာသီဥတုပြောင်းလဲမှုကြောင့် စားနပ်ရိက္ခာ ထုတ်လုပ်မှုကျဆင်းခြင်း၊ ရေရှားပါးပြတ်လပ်မှုနှင့် ကြုံတွေ့လာခြင်း စသည်တို့နှင့် ကြုံတွေ့လာရချိန်၌ လက်ရှိတွင် ကိုဗစ်-၁၉ ကပ်ရောဂါ မျိုးကွဲအမျိုးမျိုးနှင့် တစ်နေ့တခြား တိုးပွားလာသော ကမ္ဘာ့လူဦးရေတိုးတက်နှုန်းအရ အနာဂတ်တွင် ကမ္ဘာပေါ်၌ စိန်ခေါ်မှုများစွာတို့ကို ရင်ဆိုင်ကျော်လွှားကြရတော့မည်ဖြစ်သည်။

ကမ္ဘာကြီးတွင် ၁၉၈၇ ခုနှစ် ဇူလိုင်လ ၁၁ ရက်နေ့က ကမ္ဘာ့လူဦးရေသည် သန်းပေါင်း ၅၀၀၀ ပြည့်ခဲ့ပြီး နှစ်ပေါင်း ၃၅ နှစ်ကြာသည့် ယနေ့အခါတွင် ကမ္ဘာ့လူဦးရေသည် သန်းပေါင်း ၇၉၀၀ ကျော်ရှိလာရာမှ မကြာမီကာလတွင် သန်းပေါင်း ၈၀၀၀ ပြည့်တော့မည်ဖြစ်သည်။ ကမ္ဘာ့လူဦးရေသည် ၂၀၂၀ ပြည့်နှစ်မှ ၂၀၂၅ ခုနှစ်အထိ လူဦးရေတိုးနှုန်း နှစ်စဉ်ပျမ်းမျှ တစ်ရာခိုင်နှုန်းဖြင့် တိုးပွားနေပြီး အာဖရိက နိုင်ငံအများစုတွင် လူဦးရေ နှစ်ရာခိုင်နှုန်းမှ အချို့နိုင်ငံများတွင် သုံးရာခိုင်နှုန်းနှင့် အထက် တိုးပွားနေသည်။ ထို့ကြောင့် ခရစ်နှစ် ၂၀၅၀ ပြည့်နှစ်ကျော်လျှင် လူဦးရေ သန်းပေါင်း တစ်သောင်းကျော်ရှိလာမည်ဖြစ်၍ တိုးပွားလာသည့်လူဦးရေနှင့်အတူ နောက်ဆက်တွဲ ဂယက်ရိုက်ခတ်မှုမျိုးစုံတို့နှင့် ကြုံတွေ့ကြရတော့မည်ဖြစ်သည်။

ကမ္ဘာကြီးတွင် လူဦးရေသန်းပေါင်း ၈၀၀၀ ပြည့်လာခြင်းသည် ကျန်းမာရေး ကဏ္ဍဖွံ့ဖြိုးတိုးတက်လာမှုကြောင့် လူ့သက်တမ်းပိုမိုရှည်လာခြင်း၊ ကိုယ်ဝန်ဆောင် မိခင်နှင့် ကလေးသေဆုံးမှု လျော့ကျလာခြင်းစသည့် ကောင်းမွန်တိုးတက်မှုများ ရှိလာသည်။ တစ်ဖက်တွင် ဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံများ၌ မွေးဖွားနှုန်း နိမ့်ကျမှုနှင့် အတူ သက်ကြီးရွယ်အိုများ များပြားလာသည့်အတွက် လုပ်သားအင်အား ရှားပါးလာသည်။ ဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံများတွင်မူ အလျင်အမြန် တိုးပွားလာသော လူဦးရေ၏ လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရန် အပြင်းအထန်လှုပ်ရှား ရုန်းကန်နေကြရသည်။ တစ်ဖက်တွင် ရာသီဥတုဖောက်ပြန်မှု၊ နိုင်ငံရေး မတည်ငြိမ်မှုများကြောင့် စားနပ်ရိက္ခာလိုအပ်ချက်များ မြင့်မားလာသည်။

လူဦးရေအလျင်အမြန်တိုးပွားလာသောကြောင့် ဝင်ငွေနည်းပါးသော နိုင်ငံများနှင့် အလယ်အလတ်အောက်သာ ဝင်ငွေရရှိကြသော နိုင်ငံများတွင် ဆင်းရဲနွမ်းပါးမှု၊ ငတ်မွတ်ခေါင်းပါးမှုနှင့် အာဟာရချို့တဲ့မှု လျော့ပါးရေးလုပ်ငန်းများ၊ လူတိုင်းလက်လှမ်းမီသော ကျန်းမာရေးစောင့်ရှောက်မှု၊ ပညာရေးနှင့်အခြား အရေးကြီးသည့် ဝန်ဆောင်မှုများ စသည့်နိုင်ငံ့ဘဏ္ဍာငွေဖြင့် ဆောင်ရွက်ရသည့် စီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော်ရာတွင် အခက်အခဲများနှင့် ကြုံတွေ့လာရသည်။ ထို့ကြောင့် လူဦးရေဆိုင်ရာ ပြဿနာများကို ကြံ့ကြံ့ခံရင်ဆိုင်ပြီး လိုက်လျောညီထွေ တုံ့ပြန်နိုင်သည့် ခံနိုင်ရည်စွမ်းရည်ရှိသော အနာဂတ်ကို ပိုင်ဆိုင်နိုင်ရန် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်သည်။

မြန်မာနိုင်ငံအနေဖြင့် ကမ္ဘာပေါ်ရှိ နိုင်ငံများနှင့်နှိုင်းယှဉ်ကြည့်လျှင် နိုင်ငံ အရွယ်အစား၊ အကျယ်အဝန်းနှင့် လူဦးရေတိုးပွားနှုန်းအရ နှစ်ပေါင်းများစွာ ချောင်ချောင်ချိချိ ကျယ်ကျယ်ဝန်းဝန်း နေထိုင်နိုင်သောနိုင်ငံဖြစ်သည်။ နိုင်ငံအတွင်း သဘာဝသယံဇာတနှင့်ရေခံမြေခံကောင်းသည့်ပတ်ဝန်းကျင်ကောင်းများစွာ ရှိသဖြင့် တိုးပွားလာသောလူဦးရေနှင့် လိုအပ်လာသော စားနပ်ရိက္ခာလောက်ငဖူလုံမှုရှိသည့်အပြင် အပိုအလျှံများကို အခြားနိုင်ငံများသို့ပင် တင်ပို့ရောင်းချနိုင်သော အခြေအနေရှိသည်။ ယခုလက်ရှိတွင် ကမ္ဘာတစ်ဝန်း ကျရောက်လာသော ကပ်ရောဂါများနှင့်ပတ်သက်၍မူ မြန်မာနိုင်ငံအနေဖြင့် ခံနိုင်ရည်ရှိသော အခြေခံကောင်းများစွာ ပိုင်ဆိုင်ထား၍ အခြားနိုင်ငံများနှင့်မတူ ကြံ့ကြံ့ခံရပ်တည်နိုင်စွမ်းရှိသည်။

၂၀၂၂ ခုနှစ် ကမ္ဘာ့လူဦးရေနေ့၌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်က "မိမိနိုင်ငံအတွက် လူဦးရေဆုလာဘ် ရရှိနေချိန်တွင် တိုးပွားလာသည့် လူငယ်လူရွယ်များအတွက် အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးရန်၊ မြန်မာနိုင်ငံအတွင်း ကိုဗစ်-၁၉ ကပ်ရောဂါပျံ့နှံ့မှု လျော့ပါးသက်သာလာချိန်တွင် ပြန်လည်ကုစားရေး အစီအစဉ်များကို ဆောင်ရွက်ပြီး ရရှိလာသည့် အခွင့်အရေးကို မိမိရရဆုပ်ကိုင်နိုင်အောင်ကြိုးပမ်းကြရန် တိုက်တွန်းလိုကြောင်း" ပြောကြားခဲ့သည်။ ကမ္ဘာ့နိုင်ငံများအနေဖြင့် လက်ရှိကြုံတွေ့နေရသော အခက်အခဲများကို အခွင့်အလမ်းအဖြစ် ပြောင်းလဲယူနိုင်အောင် ကြိုးပမ်းဆောင်ရွက်လျက်ရှိပြီး မြန်မာနိုင်ငံအနေဖြင့်လည်း ကြုံတွေ့နေရသည့် အခက်အခဲအကျပ်အတည်းစိန်ခေါ်မှုများကို ကြံ့ကြံ့ခံရင်ဆိုင်ရင်း အခွင့်အလမ်းများအဖြစ် ပြောင်းလဲယူကြရမည်ဖြစ်သည်။

သို့ဖြစ်ရာ ယနေ့ကမ္ဘာတွင် စိန်ခေါ်မှုများ များပြားလာသောကာလ၌မြန်မာနိုင်ငံအနေဖြင့် ရရှိလာသော အခွင့်အလမ်းများကို အမိအရဆုပ်ကိုင်ပြီး ကောင်းမွန်သော အနာဂတ်သစ်ကို ဝိုင်းဝန်းလက်တွဲ ကြိုးပမ်းဆောင်ရွက်ကြပါရန် တိုက်တွန်းအပ်ပါကြောင်း။ ။

## မြန်မာနိုင်ငံလုံးဆိုင်ရာ ဗုဒ္ဓသာသနာပြုအဖွဲ့ချုပ်၏ ဓမ္မစကြာအခါတော်နေ့ ကျင်းပ

ရန်ကုန် ဇူလိုင် ၁၃



မြန်မာနိုင်ငံလုံးဆိုင်ရာ ဗုဒ္ဓသာသနာပြုအဖွဲ့ချုပ်က ကြီးမှူးကျင်းပသော (၄၅) ကြိမ်မြောက် ဓမ္မစကြာအခါတော်နေ့တွင် ဘုရားအမှူးရှိသော ပဉ္စဝဂ္ဂီငါးပါးရုပ်ပွားတော်များကို ရွှေကြာသင်္ကန်းဆက်ကပ်ခြင်း၊ ပင့်သံဃာဆရာတော်အရှင်သူမြတ်တို့အား လှူဖွယ်ပစ္စည်း၊ နေ့ဆွမ်းဆက်ကပ်လှူဒါန်းခြင်းအခမ်းအနားများကို ယမန်နေ့ နံနက် ၉ နာရီက ရွှေဂုံတိုင်မြို့နယ် အမှတ် (၂၂) မြန်မာနိုင်ငံလုံးဆိုင်ရာဗုဒ္ဓသာသနာပြုအဖွဲ့ချုပ် ဓမ္မာရုံ၌ ကျင်းပသည်။

အခမ်းအနားတွင် မြန်မာနိုင်ငံလုံးဆိုင်ရာ ဗုဒ္ဓသာသနာပြုအဖွဲ့ချုပ် နာယက ဦးဗိုလ်သောင်း၊ ဥက္ကဋ္ဌ ဦးစန်းထွန်း၊ အတွင်းရေးမှူး ဦးစိုးနိုင်၊ တွဲဖက်အတွင်းရေးမှူး ဦးမင်းဇော်ထွန်းနှင့်အဖွဲ့ဝင်များက ဘုရားအမှူးရှိသော ပဉ္စဝဂ္ဂီငါးပါးရုပ်ပွားတော်များကို ရွှေကြာသင်္ကန်း ဆက်ကပ်ခြင်းနှင့် ပန်း၊ ရေချမ်း၊ ဆီမီး၊ ဆွမ်းတို့ ဆက်ကပ်လှူဒါန်းကြသည်။ ထို့နောက် ဝတ်အဖွဲ့က ဓမ္မစကြာတရားတော်ကို ရွတ်ဆိုပူဇော်ကြသည်။

ယင်းနောက် မာဂဓီသာစည်ဆရာတော်နှင့် ပင့်သံဃာတို့အား နေ့ဆွမ်းဆက်ကပ်ပြီး လှူဖွယ်ပစ္စည်းများလှူဒါန်းခဲ့ကြကြောင်း သိရသည်။

**စောလှိုင်ဝင်း**

## မြို့နယ်အဆင့်ဌာနဆိုင်ရာများနှင့် ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးများ ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်း



ကြို့ပင်ကောက် ဇူလိုင် ၁၃

ကြို့ပင်ကောက်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး၌ မြို့နယ်အဆင့်ဌာနဆိုင်ရာများနှင့် ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးများ စုပေါင်းဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲကို ယမန်နေ့ နံနက်ပိုင်းက ကျင်းပခဲ့သည်။

ကြို့ပင်ကောက်မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇင်မင်းဌေး မိသားစုနှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ဝတ္ထုများကို ဆက်ကပ်လှူဒါန်းပေးကြသည်။ ထို့နောက် မြို့နယ်သံဃနာယက ဥက္ကဋ္ဌ ဆရာတော်ကြီးက လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချအမျှပေးဝေ၍ဆရာတော်သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းပေးခဲ့ကြသည်။ **ဇေယျာထွန်း(ကြို့ပင်ကောက်)**

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက် (၁၃ - ၇ -၂၀၂၂)

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၇,၄၀၀ | ၇,၅၀၀ | ၂ | ၁၄,၉၀၀ |
| MTSH | ၂,၆၀၀ | ၂,၆၅၀ | ၁,၂၉၂ | ၃,၃၈၉,၃၀၀ |
| MCB | ၇,၁၀၀ | ၇,၁၀၀ | ၀ | ၀ |
| FPB | ၁၇,၅၀၀ | ၁၇,၅၀၀ | ၀ | ၀ |
| TMH | ၂,၄၅၀ | ၂,၄၅၀ | ၁,၉၆၈ | ၄,၈၂၁,၆၀၀ |
| EFR | ၂,၅၀၀ | ၂,၅၀၀ | ၀ | ၀ |
| AMATA | ၄,၉၀၀ | ၄,၉၀၀ | ၀ | ၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

## နိုင်ငံခြားငွေလဲလှယ်နှုန်း

နေပြည်တော် ဇူလိုင် ၁၃

| နိုင်ငံခြားငွေလဲလှယ်နှုန်း | | | မြန်မာငွေကျပ် |
|---|---|---|---|
| (က) အမေရိကန် | တစ်ဒေါ်လာ | = | ၁၈၅၀.၀ |
| (ခ) ဥရောပ | တစ်ယူရို | = | ၁၈၅၆.၅ |
| (ဂ) တရုတ် | တစ်ယွမ် | = | ၂၇၅.၂၅ |
| (ဃ) ထိုင်း | တစ်ဘတ် | = | ၅၁.၁၃၃ |
| (င) မလေးရှား | တစ်ရင်းဂစ် | = | ၄၁၇.၂၈ |
| (စ) အိန္ဒိယ | တစ်ရူပီး | = | ၂၃.၂၃၅ |
| (ဆ) ဩစတြေးလျ | တစ်ဒေါ်လာ | = | ၁၂၅၄.၉ |
| (ဇ) စင်ကာပူ | တစ်ဒေါ်လာ | = | ၁၃၁၅.၈ |
| (ဈ) ဂျပန် | တစ်ရာယန်း | = | ၁၃၁၉.၃ |
| (ည) တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၄၁.၈၈ |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်ဝက်ဘ်ဆိုက်မှ ရယူသည်။

ကြေးမုံ

စာတည်းမှူးချုပ် - ဦးစိုးစိုးနိုင်
စာတည်းမှူး - ဦးဝင်းနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး
ဘာသာပြန် - ဦးနိုင်လင်းကြည်၊
စာတည်းများ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ

အကြီးတန်း သတင်းထောက်များ - ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဦး၊ ဒေါ်နေဇာဇာထွန်း၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး
အငယ်တန်း သတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်
သုတေသန - ဒေါ်ဇင်မာဝင့်
စာပြင် - ဒေါ်ခင်ယုဆွေနှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဦးခိုင်ဝင်းနှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း - ဦးစည်သူလွင်နှင့်အဖွဲ့






နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား Republic of the Tatarstan ရှိ PJSC "Tatneft" ကုမ္ပဏီအမှုဆောင်အရာရှိချုပ် Mr. Nail Ultatovich MAGANOV (နာအီးလ်အူဖာသောဗစ်ချ် မာဂါနော့ဗ်)က ရှင်းလင်းတင်ပြစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား Kazan Hi–Technology Park ၌ တာဝန်ရှိသူတစ်ဦးက ရှင်းလင်းတင်ပြစဉ်။

☆ ရှေ့ဖုံးမှ

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ကိုယ်စားလှယ်အဖွဲ့ဝင်များအား PJSC "Tatneft" ကုမ္ပဏီမှ အမှုဆောင်အရာရှိချုပ် Mr. Nail Ultatovich MAGANOV (နာအီးလ် အူဖာသောဗစ်ချ် မာဂါနော့ဗ်)နှင့် တာဝန်ရှိသူတို့က ကုမ္ပဏီ၏ သမိုင်းအကျဉ်းနှင့် ခေတ်အဆက်ဆက် လုပ်ငန်းဖွံ့ဖြိုးတိုးတက်အောင် လုပ်ဆောင်ခဲ့မှု၊ စက်ရုံနှင့် လုပ်ငန်းခွဲစက်ရုံများ ထုတ်လုပ်ဆောင်ရွက်နေမှု အခြေအနေ၊ လောင်စာဆီအပြင် ရေနံမှ ထုတ်လုပ်သည့် အခြားလူသုံးကုန်ပစ္စည်းများ ထုတ်လုပ်ဆောင်ရွက်နေသည့် အခြေအနေ၊ နိုင်ငံတစ်ဝန်းသို့ လောင်စာဆီများ တင်ပို့ ဆောင်ရွက်လျက်ရှိသည့် အခြေအနေ၊ ကုမ္ပဏီ၏ လုပ်ငန်းလည်ပတ်နေမှု လုပ်ငန်းစဉ်များအား ခေတ္တတည်းခိုနေထိုင်လျက်ရှိသည့် Republic of the Tatarstan သမ္မတ အထူးဧည့်ဂေဟာ ဧည့်ခန်းမဆောင်၌ Powerpoint Presentation များနှင့်တကွ လာရောက်ရှင်းလင်းတင်ပြသည်။

**ဆွေးနွေးပြောကြား**

ရှင်းလင်း တင်ပြမှုများနှင့် ပတ်သက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ကိုယ်စားလှယ်အဖွဲ့ဝင်များက မြန်မာနိုင်ငံ၏ လောင်စာဆီ လိုအပ်ချက်နှင့် ဖြည့်ဆည်းဆောင်ရွက်နိုင်ရေး စီမံဆောင်ရွက်လျက်ရှိသည့် အခြေအနေ၊ "Tatneft" ကုမ္ပဏီနှင့် ပူးပေါင်းဆောင်ရွက်မှုများ လုပ်ဆောင်နိုင်မည့် အခြေအနေ၊ ရေနံနှင့် သဘာဝဓာတ်ငွေ့ကို အခြေခံသည့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ လုပ်ငန်းများကို ရေရှည် ပူးပေါင်း ဆောင်ရွက်နိုင်မည့် အခြေအနေများနှင့် ပတ်သက်၍ ပြန်လည်ဆွေးနွေး ပြောကြားသည်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် "Tatneft" ကုမ္ပဏီမှ အမှုဆောင်အရာရှိချုပ်တို့သည် အမှတ်တရလက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်ကြသည်။

ဆက်လက်ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် Kazan Hi–Technology Park (IT Park) သို့ ရောက်ရှိကြရာ Republic of the Tatarstan ဒစ်ဂျစ်တယ်နည်းပညာ ဖွံ့ဖြိုးတိုးတက်ရေးနှင့် လူမှုရေးရာစီမံခန့်ခွဲမှု ဒုတိယဝန်ကြီး Mr. Khidiyatallin Ildar Rustamovich နှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြပြီး Kazan Hi–Technology Park(IT Park) အတွင်း နည်းပညာရပ်ပိုင်းဆိုင်ရာများဖြင့် program များ ရေးဆွဲ၍ လုပ်ငန်းဆောင်ရွက်လျက်ရှိမှု အခြေအနေများကို လှည့်လည်ကြည့်ရှုလေ့လာကြသည်။

**ရှင်းလင်းတင်ပြ**

ယင်းနောက် IT Park မှ ဌာနအလိုက် တာဝန်ရှိသူများက Kazan Hi–Technology Park(IT Park)၏ လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေ၊ ဘာသာရပ်ဆိုင်ရာ သင်ကြား လေ့ကျင့်ပေးနေမှုနှင့် အလုပ်အကိုင် အခွင့်အလမ်းများ ဖော်ဆောင်ပေးနိုင်မှု အခြေအနေ၊ လိုအပ်သည့် နည်းပညာရပ်ပိုင်းဆိုင်ရာ ဝန်ဆောင်မှုပေးနိုင်သည့် အခြေအနေ၊ ဆောက်လုပ်ရေးလုပ်ငန်းများတွင် Smart House နည်းပညာအပါအဝင် လုံခြုံရေး၊ ထိန်းချုပ်ရေးတို့နှင့် အခြားနည်းပညာရပ်ပိုင်းဆိုင်ရာ တပ်ဆင်မှုများကို ကုမ္ပဏီများနှင့် ချိတ်ဆက်ဆောင်ရွက် ပေးလျက်ရှိသည့် အခြေအနေများကို Powerpoint Presentation များဖြင့် ရှင်းလင်းတင်ပြရာ ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က သိရှိလိုသည်များ ပြန်လည်မေးမြန်းဆွေးနွေးပြောကြားသည်။

အဆိုပါ Kazan Hi–Technology Park(IT Park) သည် သတင်းအချက်အလက် နည်းပညာနယ်ပယ်ရှိ ကုမ္ပဏီများ၏ ဖွံ့ဖြိုးတိုးတက်ရေးတွင် ပါဝင်ဆောင်ရွက်နေသည့် ရုရှားနိုင်ငံ၏ ပထမဆုံးသော နည်းပညာဆိုင်ရာအဖွဲ့အစည်းတစ်ခုဖြစ်ပြီး ၂၀၀၉ ခုနှစ်တွင် စတင်တည်ထောင်ခဲ့ကြောင်း၊ ၂၀၁၂ ခုနှစ်တွင် Naberezhnye Chelny မြို့၌ ဒုတိယဌာနချုပ်ကို ထပ်မံတိုးချဲ့ ဖွင့်လှစ်နိုင်ခဲ့ပြီး IT Park နှင့် လက်တွဲလုပ်ကိုင်နေသည့် နိုင်ငံပေါင်း ၁၆ နိုင်ငံရှိကာ နည်းပညာ ကုမ္ပဏီပေါင်း ၁၃၀ ရှိကြောင်း၊ IT Park သည် ရုရှားနိုင်ငံ၏ နည်းပညာဆိုင်ရာ အဆင့်သတ်မှတ်ချက်တွင် နံပါတ်(၁) နေရာကို ရရှိထားပြီး ယနေ့အချိန်အထိ ပညာရပ်ဆိုင်ရာ သင်ရိုးပေါင်း ၁၀၀ နှင့်အတူ နည်းပညာဆိုင်ရာ ပညာသင်တန်းသား ၈၂၇ ဦး မွေးထုတ်ပေးနိုင်ခဲ့ကြောင်း၊ ဒုတိယဌာနချုပ်တွင် အသက်(၁၁) နှစ်မှ (၁၇)နှစ်ကြား ကလေးငယ်စုစုပေါင်း ၄၂၀ ကို Hardware Technology သင်ကြားပို့ချပေးလျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

☆ Kazan Hi-Technology Park(IT Park)သည် **သတင်းအချက်အလက် နည်းပညာနယ်ပယ်ရှိ ကုမ္ပဏီများ၏ ဖွံ့ဖြိုးတိုးတက်ရေးတွင် ပါဝင်ဆောင်ရွက်နေသည့် ရုရှားနိုင်ငံ၏ ပထမဆုံးသော နည်းပညာဆိုင်ရာအဖွဲ့အစည်းတစ်ခုဖြစ်ပြီး ၂၀၀၉ ခုနှစ်တွင် စတင်တည်ထောင်ခဲ့**

☆ **၂၀၁၂ ခုနှစ်တွင်** Naberezhnye Chelny **မြို့၌ ဒုတိယဌာနချုပ်ကို ထပ်မံတိုးချဲ့ ဖွင့်လှစ်နိုင်ခဲ့ပြီး** IT Park **နှင့် လက်တွဲလုပ်ကိုင်နေသည့် နိုင်ငံပေါင်း ၁၆ နိုင်ငံရှိကာ နည်းပညာကုမ္ပဏီပေါင်း ၁၃၀ ရှိ**

☆ IT Park **သည် ရုရှားနိုင်ငံ၏ နည်းပညာဆိုင်ရာ အဆင့်သတ်မှတ်ချက်တွင် နံပါတ်(၁) နေရာကို ရရှိထားပြီး ယနေ့အချိန်အထိ ပညာရပ်ဆိုင်ရာ သင်ရိုးပေါင်း ၁၀၀ နှင့်အတူ နည်းပညာဆိုင်ရာ ပညာသင်တန်းသား ၈၂၇ ဦး မွေးထုတ်ပေးနိုင်ခဲ့**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ Republic of the Tatarstan သို့ ရောက်ရှိ၊ သမ္မတနှင့်တွေ့ဆုံဆွေးနွေး



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ကာဇန်မြို့ ကာဇန်လေဆိပ်၌ Republic of the Tatarstan သမ္မတ Mr. Rustam Nurgaliyevich Minnikhanov နှင့် တာဝန်ရှိသူတို့က ခင်မင်ရင်းနှီးစွာ ကြိုဆိုနှုတ်ဆက်ကြစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် Republic of the Tatarstan သမ္မတ Mr. Rustam Nurgaliyevich Minnikhanov တို့ သမ္မတရုံးခန်း၌ သီးသန့်တွေ့ဆုံဆွေးနွေးစဉ်။

**နေပြည်တော် ဇူလိုင် ၁၃**

ရုရှားဖက်ဒရေးရှင်းနိုင်ငံ၌ ရောက်ရှိနေသည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် စစ်သံမှူး ဗိုလ်မှူးချုပ် မိုးကျော်နှင့် တာဝန်ရှိသူများလိုက်ပါ၍ ယနေ့ ဒေသစံတော်ချိန် ညနေပိုင်းတွင် Republic of the Tatarstan ကာဇန်မြို့ ကာဇန်လေဆိပ်သို့ ရောက်ရှိကြရာ Republic of the Tatarstan သမ္မတ Mr. Rustam Nurgaliyevich Minnikhanov နှင့် တာဝန်ရှိသူတို့က ရိုးရာဓလေ့ထုံးတမ်းစဉ်လာများနှင့်အညီ ခင်မင်ရင်းနှီးစွာ ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ကိုယ်စားလှယ်အဖွဲ့ဝင်များသည်

**စာမျက်နှာ ၅ သို့ ❍**





## တွေ့ဆုံဆွေးနွေး

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့နှင့် Republic of the Tatarstan သမ္မတ Mr. Rustam Nurgaliyevich Minnikhanov ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့တို့ တွေ့ဆုံဆွေးနွေးကြစဉ်။

## အပြန်အလှန် မိတ်ဆက်

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် Republic of the Tatarstan သမ္မတ Mr.Rustam Nurgaliyevich Minnikhanov တို့က သမ္မတရုံးရှိ ဧည့်ခန်းမဆောင်၌ တက်ရောက်လာကြသည့် ကိုယ်စားလှယ်အဖွဲ့ဝင်များနှင့် အပြန်အလှန်မိတ်ဆက်ပေးကြစဉ်။





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဂုဏ်ပြုညစာစားပွဲတွင် နှုတ်ခွန်းဆက်စကားပြောကြားစဉ်။





Republic of the Tatarstan သမ္မတ Mr. Rustam Nurgaliyevich Minnikhanov ဂုဏ်ပြုညစာစားပွဲတွင် နှုတ်ခွန်းဆက်စကားပြောကြားစဉ်။

❍ စာမျက်နှာ ၄ မှ

Republic of the Tatarstan သမ္မတအိမ်တော်သို့ ရောက်ရှိကြရာ Republic of the Tatarstan သမ္မတ Mr. Rustam Nurgaliyevich Minnikhanov က ကရင်မလင်ရှိ သမ္မတရုံးတွင် ကြိုဆိုနှုတ်ဆက်သည်။ ယင်းနောက် သမ္မတရုံးခန်း၌ သီးသန့်တွေ့ဆုံဆွေးနွေးပြီး အမှတ်တရလက်ဆောင်များ အပြန်အလှန် ပေးအပ်ကြသည်။

**တွေ့ဆုံဆွေးနွေး**

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် Republic of the Tatarstan သမ္မတတို့သည် သမ္မတရုံးရှိ ဧည့်ခန်းမဆောင်၌ တက်ရောက်လာကြသည့် ကိုယ်စားလှယ်အဖွဲ့ဝင်များနှင့် အပြန်အလှန်မိတ်ဆက်ပေးပြီး ကိုယ်စားလှယ်အဖွဲ့ဝင်များနှင့်အတူ တွေ့ဆုံဆွေးနွေးကြသည်။

အဆိုပါတွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အတူ ကောင်စီတွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီးရဲဝင်းဦးနှင့် ခရီးစဉ်တွင်လိုက်ပါလာသည့် စစ်ဘက်နယ်ဘက် အရာရှိကြီးများ၊ ရုရှားနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး ဦးလွင်ဦး၊ စစ်သံမှူး ဗိုလ်မှူးချုပ်မိုးကျော်နှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး Republic of the Tatarstan သမ္မတနှင့်အတူ ဝန်ကြီးများနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ကြသည်။

တွေ့ဆုံဆွေးနွေးရာတွင် ရုရှား-မြန်မာ သံတမန်ဆက်ဆံရေးနှင့် ချစ်ကြည်ရင်းနှီးမှု ပိုမိုတိုးတက်ရေးဆိုင်ရာများ၊ Republic of the Tatarstan သမ္မတအနေဖြင့် မြန်မာနိုင်ငံသို့ ယခုနှစ်ဧပြီလတွင် ရောက်ရှိခဲ့ပြီး စီးပွားရေးဆိုင်ရာများတွင် ပူးပေါင်းဆောင်ရွက်နိုင်ရေး ဆွေးနွေးဆောင်ရွက်ခဲ့သည့် အခြေအနေ၊ နှစ်ဦးနှစ်ဖက် ဆက်ဆံမှုတိုးမြှင့်ရေးအတွက် ကူးသန်းရောင်းဝယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာတို့တွင် မြှင့်တင်ဆောင်ရွက်သွားနိုင်မည့်ကိစ္စရပ်များ၊ ရေနံနှင့်သဘာဝဓာတ်ငွေ့ထုတ်လုပ်ခြင်း၊ စက်ရုံ၊ အလုပ်ရုံများတည်ဆောက်ခြင်း၊ စက်ပစ္စည်းများ တပ်ဆင်ထိန်းသိမ်းခြင်းတို့ကို ပူးပေါင်းဆောင်ရွက်နိုင်မည့်အခြေအနေ၊ စက်မှုလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး၊ ပညာရေး၊ စီးပွားရေး၊ ကျန်းမာရေး စသည့်ကဏ္ဍအသီးသီးတွင် ပူးပေါင်းဆောင်ရွက်နိုင်မည့် အခြေအနေများနှင့်ပတ်သက်၍ ခင်မင်ရင်းနှီးစွာ အမြင်ချင်းဖလှယ်ဆွေးနွေးကြသည်။

**ရှင်းလင်းတင်ပြ**

ထို့နောက် Kazan မြို့ရှိ စီးပွားရေးဆိုင်ရာလုပ်ငန်းများအလိုက် တာဝန်ရှိသူများက လုပ်ငန်းတစ်ခုချင်းစီအလိုက် လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေ၊ နှစ်နိုင်ငံစီးပွားရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်နိုင်မည့် အခြေအနေများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြကြရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် Republic of the Tatarstan သမ္မတတို့က လုပ်ငန်းတစ်ခုချင်းစီအလိုက် ပူးပေါင်းဆောင်ရွက်နိုင်မည့် အခြေအနေများကို အလေးအနက်ထား ဖြည့်စွက်ဆွေးနွေးပြောကြားကြသည်။

တွေ့ဆုံဆွေးနွေးပွဲအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ဝင်များအား Republic of the Tatarstan သမ္မတက ဂုဏ်ပြုညစာဖြင့် တည်ခင်းဧည့်ခံသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ညစာစားပွဲတွင် သီဆိုဖျော်ဖြေခဲ့သည့် ရိုးရာတေးဂီတအဖွဲ့အား ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်စဉ်။

**ညစာအတူတကွသုံးဆောင်**

ဦးစွာ Republic of the Tatarstan သမ္မတနှင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်တို့သည် နှုတ်ခွန်းဆက်စကားများ ပြောကြားကြပြီး အဖွဲ့ဝင်များနှင့်အတူ ညစာကို အတူတကွ သုံးဆောင်ကြသည်။

ညစာသုံးဆောင်နေစဉ်အတွင်း Republic of the Tatarstan မှ ရိုးရာတေးဂီတအဖွဲ့က ရိုးရာတေးသီချင်းများ၊ ယဉ်ကျေးမှုအကအလှများဖြင့် တီးမှုတ်ဖျော်ဖြေတင်ဆက်ကြရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်သည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် Republic of the Tatarstan သမ္မတအထူးဧည့်ဂေဟာသို့ရောက်ရှိကာ ညအိပ်ရပ်နားခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် Kazan Federal University(Kazan State University)အတွင်း ကြည့်ရှုလေ့လာစဉ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ Republic of the Tatarstan ရှိ Kazan Federal University သို့ သွားရောက်လေ့လာ

**နေပြည်တော် ဇူလိုင် ၁၃**

ရုရှား ဖက်ဒရေးရှင်းနိုင်ငံသို့ ရောက်ရှိနေသည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် စစ်သံမှူး ဗိုလ်မှူးချုပ် မိုးကျော်နှင့် တာဝန်ရှိသူများလိုက်ပါ၍ ယနေ့ နံနက်ပိုင်းတွင် Republic of the Tatarstan ကာဇန်မြို့ရှိ Kazan Federal University သို့သွားရောက်လေ့လာသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ကိုယ်စားလှယ်အဖွဲ့ဝင်များသည် Kazan Federal University (Kazan State University)သို့ ရောက်ရှိကြရာ တက္ကသိုလ်မှဒုတိယပါမောက္ခချုပ် Mr.Timirkhan Alishev နှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြပြီး တက္ကသိုလ်အတွင်း လှည့်လည်၍ Meeting Hall များ၊ စာသင်ခန်းမများ၊ ဘွဲ့နှင်းသဘင်ခန်းမနှင့် တက္ကသိုလ်တွင် တာဝန်ထမ်းဆောင်ခဲ့သည့် ပါမောက္ခများ၊ ထူးချွန်သူများ၏ မှတ်တမ်းဓာတ်ပုံများ ခင်းကျင်းပြသထားရှိမှုတို့ကို ရှင်းလင်းတင်ပြရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က သိရှိလိုသည်များကို ပြန်လည်မေးမြန်းဆွေးနွေးပြောကြားသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် Kazan Federal University(Kazan State University)တွင် တာဝန်ထမ်းဆောင်ခဲ့သည့် ပါမောက္ခများ၊ ထူးချွန်သူများ၏ မှတ်တမ်းဓာတ်ပုံများ ခင်းကျင်းပြသထားမှုကို ကြည့်ရှုလေ့လာစဉ်။

ယင်းနောက်ကျောင်းခန်းမတွင် ဒုတိယပါမောက္ခချုပ်က တက္ကသိုလ်သမိုင်းအကျဉ်း၊ ဌာနအလိုက် ဖွဲ့စည်းထားရှိမှုများ၊ တက္ကသိုလ်မှ သင်ကြားပေးနိုင်သည့် ဘာသာရပ်များ၊ ကျောင်းသား ကျောင်းသူများအတွက် နေထိုင်စားသောက်မှု အဆင်ပြေစေရေးစီစဉ်ဆောင်ရွက်ပေးထားမှုများ၊ နိုင်ငံခြားမှ ပညာတော်သင် ကျောင်းသား ကျောင်းသူများ လက်ခံထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြရာ ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က သိရှိလိုသည်များကို ပြန်လည်မေးမြန်း ဆွေးနွေးပြောကြားသည်။

ထို့နောက် တက္ကသိုလ်မှဒုတိယပါမောက္ခချုပ်နှင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်တို့သည် အမှတ်တရလက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်ခဲ့သည်။ ယင်းနောက် Kazan Federal University အတွင်း လှည့်လည်ကြည့်ရှုလေ့လာကြရာ တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသကြသည်။ **စာမျက်နှာ ၇ သို့✢**

**စာမျက်နှာ ၇ သို့✢**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်အား Kazan Federal University(Kazan State University)ဒုတိယပါမောက္ခချုပ် Mr.Timirkhan Alishev က အမှတ်တရလက်ဆောင်ပစ္စည်း ပေးအပ်စဉ်။



# ခေတ်ပြောင်းအလုပ်ကို တူပြိုင်ပြိုင် လုပ်ကိုင်ကြ

ကမ္ဘာ့ဇာတ်ခုံကြီးမှ ကမ္ဘာ့တေးသံလိုက်၍ ကနိုင်တဲ့ ဗမာပြည်ကြီးဖြစ်အောင် ဖန်တီးပြုပြင်ကြစို့။ ဗမာပြည်ကြီးကို လွတ်လပ်ပြီး တိုးတက်ထွန်းကားတဲ့ တိုင်းပြည်ဖြစ်အောင် ကြံဆောင်ကြိုးစားကြစို့။ ယခုလက်ဝယ်ရှိတဲ့ လုပ်ငန်းတာဝန်အလိုက် ကျွန်တော်တို့ အလုပ်လုပ်ကြစို့။ ကျွန်တော်တို့အားလုံး စစ်သားရော၊ နိုင်ငံရေးသမားရော၊ စာရေးဆရာရော၊ သတင်းစာဆရာရော၊ ဗမာတစ်မျိုးလုံး ယခုပြောတဲ့အတိုင်း ခေတ်ပြောင်းအလုပ်ကို တူပြိုင်ပြိုင် လုပ်ကိုင်ကြပါစို့။

(ဗိုလ်ချုပ်အောင်ဆန်း၏ ၁၉၄၈ ခုနှစ် အိုးဝေမဂ္ဂဇင်းတွင် ဖော်ပြခဲ့သော အောင်မြင်ဆန်းသစ်သော အတွေးအခေါ်များမှ ကောက်နုတ်ချက်)



✢ စာမျက်နှာ ၆ မှ

အဆိုပါ Kazan Federal University ကို Imperial Kazan တက္ကသိုလ်အဖြစ် ၁၈၀၄ ခုနှစ်တွင် စတင်တည်ထောင်ခဲ့ပြီး ထင်ရှားကျော်ကြားသည့် နက္ခတ္တဗေဒပညာရှင် Nikolai Ivanovich Lobachevsky က ၁၈၃၇ မှ ၁၈၇၆ ခုနှစ်အထိ ပါမောက္ခချုပ်တာဝန်ထမ်းဆောင်ခဲ့ကြောင်း၊ အော်ဂဲနစ်ဓာတုဗေဒပညာရပ်နှင့် Electron Spin Resonance အား ရှာဖွေတွေ့ရှိရာ နေရာအဖြစ် ထင်ရှားကျော်ကြားခဲ့ကြောင်း၊ Kazan တက္ကသိုလ်သည် ၂၀၁၁ ခုနှစ်တွင် Federal အဆင့်သို့ ချီးမြှင့်ခံခဲ့ရပြီး ရုရှားနိုင်ငံအစိုးရမှ ကျင်းပပြုလုပ်သည့် Project 5-100 ၌ ပါဝင်ခဲ့သည့် တက္ကသိုလ် ၁၈ ခုအနက် တစ်ခုအပါအဝင်ဖြစ်ကြောင်း၊ ဇီဝဆေးပညာနှင့် ဆေးဝါးပညာရပ်၊ ရေနံသန့်စင်မှုနှင့် ထုတ်လုပ်မှုပညာရပ်၊ ဆက်သွယ်ရေးနှင့် အာကာသနည်းပညာဆိုင်ရာ ပညာရပ်နှင့် လူမှုရေးသိပ္ပံပညာရပ်တို့ကို အထူးပြုသင်ကြားလျက်ရှိကြောင်း သိရှိရပြီး ၂၀၂၀ ပြည့်နှစ်အရ နိုင်ငံခြားကျောင်းသားအရေအတွက် ၁၀၀၀၀ ကျော်ရှိခဲ့ကြောင်း သိရသည်။

အလားတူ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အတူ ခရီးစဉ်တွင် လိုက်ပါလာသည့် ဇနီး ဒေါ်ကြူကြူလှနှင့် အဖွဲ့ဝင်များ၊ ထူးချွန်ဆုရ အမျိုးသား၊ အမျိုးသမီး အရာရှိများသည်လည်း ကာဇန်မြို့ရှိ အထင်ကရနေရာများသို့ သွားရောက်လေ့လာကြည့်ရှုကြရာ သက်ဆိုင်ရာနေရာများအလိုက် တာဝန်ရှိသူများ၊ သံရုံး၊စစ်သံရုံးများမှတာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသခဲ့ကြကြောင်း သိရသည်။**သတင်းစဉ်**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် Kazan Federal University(Kazan State University)အတွင်း ကြည့်ရှုလေ့လာစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ဇနီး ဒေါ်ကြူကြူလှ ကာဇန်မြို့ရှိ အထင်ကရနေရာများတွင် လေ့လာကြည့်ရှုစဉ်။

**✯ အဆိုပါ Kazan Federal University ကို Imperial Kazan တက္ကသိုလ်အဖြစ် ၁၈၀၄ ခုနှစ်တွင် စတင်တည်ထောင်ခဲ့ပြီး ထင်ရှားကျော်ကြားသည့် နက္ခတ္တဗေဒပညာရှင် Nikolai Ivanovich Lobachevsky က ၁၈၃၇ မှ ၁၈၇၆ ခုနှစ်အထိ ပါမောက္ခချုပ် တာဝန်ထမ်းဆောင်ခဲ့**

**✯ အော်ဂဲနစ်ဓာတုဗေဒပညာရပ်နှင့် Electron Spin Resonance အား ရှာဖွေတွေ့ရှိရာ နေရာအဖြစ် ထင်ရှားကျော်ကြားခဲ့၊ Kazan တက္ကသိုလ်သည် ၂၀၁၁ ခုနှစ်တွင် Federal အဆင့်သို့ ချီးမြှင့်ခံခဲ့ရပြီး ရုရှားနိုင်ငံအစိုးရမှ ကျင်းပပြုလုပ်သည့် Project 5-100 ၌ ပါဝင်ခဲ့သည့် တက္ကသိုလ် ၁၈ ခုအနက် တစ်ခု အပါအဝင်ဖြစ်**

## အသိပေးနှိုးဆော်ချက်

၁။ ၂၀၂၂ ခုနှစ်၊ ဇူလိုင်လ(၁၉)ရက်နေ့တွင် ကျင်းပပြုလုပ်မည့် (၇၅) နှစ်မြောက် အာဇာနည်နေ့ အခမ်းအနားကို ဗဟန်းမြို့နယ်ရှိ အာဇာနည်ဗိမာန်တွင် ကျင်းပပြုလုပ်မည်ဖြစ်ရာ အခမ်းအနားကျင်းပမည့် နံနက် ၀၄:၀၀ နာရီအချိန်မှ အခမ်းအနားပြီးဆုံးသည်အထိ အနောက်ရွှေဂုံတိုင်လမ်းအား ရေတာရှည်လမ်းဟောင်းမှလည်းကောင်း၊ ဓမ္မစေတီလမ်းအား ဦးဝိစာရ-ဓမ္မစေတီလမ်းဆုံမှလည်းကောင်း၊ ဓမ္မစေတီလမ်းအားအင်းယားမြိုင်လမ်းဆုံမှလည်းကောင်း၊ အာဇာနည်လမ်းအား အနောက်ရွှေဂုံတိုင်လမ်းနှင့် ဦးဝိစာရလမ်းဆုံမှ လည်းကောင်း၊ အာဇာနည်လမ်းအား ဦးထောင်ဘိုလမ်းနှင့် အာဇာနည်လမ်းဆုံမှ လည်းကောင်း၊ ဦးဝိစာရလမ်းအား ဦးဝိစာရအဝိုင်းမှ ဦးဝိစာရ-ဓမ္မစေတီလမ်းဆုံထိလည်းကောင်း၊ ရွှေတိဂုံဘုရားမြောက်ဘက်မုခ်(သွေးဆေးကန်)လမ်းတို့အား ခေတ္တပိတ်ထားမည်ဖြစ်ပြီး လမ်းပိတ်/လမ်းလွှဲဆောင်ရွက်သွား မည်ဖြစ်ပါသည်။

၂။ ဗိုလ်ချုပ်အောင်ဆန်းနေအိမ်ပြတိုက် ဖွင့်လှစ်မည့်နေရာ အား ၁၉-၇-၂၀၂၂ ရက်နေ့မှ ၂၁-၇-၂၀၂၂ ရက်နေ့ ၀၅:၀၀ အချိန်မှ ၁၈:၀၀ အချိန်အထိ နတ်မောက်လမ်းအား ဝင်္ကဘာ လမ်းဆုံ မှလည်းကောင်း၊ နတ်မောက်လမ်းအား ဖိုးစိန်လမ်းဆုံမှ လည်းကောင်း၊ ဗိုလ်ချုပ်ပြတိုက်လမ်းအား ငါးထပ်ကြီးဘုရား လမ်းနှင့် ဆုံရာမှလည်းကောင်း၊ ဗိုလ်ချိုလမ်းအားရွှေကြက်ယက် လမ်းနှင့် ဆုံရာလမ်းဆုံမှလည်းကောင်း၊ ဗိုလ်ချုပ်ပြတိုက်လမ်းအား စောမဟာလမ်းဆုံမှလည်းကောင်း ခေတ္တပိတ်ထားမည်ဖြစ်ပြီး လမ်းပိတ်/လမ်းလွှဲ ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၃။ အလံတင်အခမ်းအနားကျင်းပမည့် အတွင်းဝန်ရုံးအား ၁၉-၇-၂၀၂၂ ရက်နေ့မှ ၂၁-၇-၂၀၂၂ ရက်နေ့ ၀၅:၀၀ အချိန်မှ ၁၈:၀၀ အချိန်အထိ သိမ်ဖြူလမ်းအား ဗိုလ်ချုပ်လမ်းဆုံမှ လည်းကောင်း၊ အနော်ရထာလမ်းအား ဗိုလ်မြတ်ထွန်းလမ်းဆုံမှလည်းကောင်း၊ မဟာဗန္ဓုလလမ်းအား ပန်းဆိုးတန်းလမ်းဆုံမှလည်းကောင်း၊ ဗိုလ်အောင်ကျော်လမ်းအား ကုန်သည်လမ်းဆုံမှလည်းကောင်း လမ်းပိတ်ထားမည်ဖြစ်ပါသည်။

၄။ သို့ဖြစ်ပါ၍ ယာဉ်မောင်းသူပြည်သူများအနေဖြင့် အခမ်းအနားကျင်းပစဉ် လမ်းပိတ်လမ်းလွှဲဆောင်ရွက်နေသည့် အချိန်များတွင် အခြားသင့်လျော်သောလမ်းများမှ မောင်းနှင်သွားလာကြပါရန် ကြိုတင်အသိပေးနှိုးဆော်အပ်ပါသည်။

ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့

# ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦး စစ်ကိုင်းတိုင်းဒေသကြီးရှိ အစိုးရအဖွဲ့ဝင်များ၊ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်အဆင့်တာဝန်ရှိသူများ၊ နယ်မြေခံတပ်မှ အရာရှိ စစ်သည်၊ မိသားစုဝင်များ၊ မြို့မိမြို့ဖများနှင့် တွေ့ဆုံ



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦး တွေ့ဆုံပွဲသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမြထွန်းဦး ခန္တီးမြို့ ပြည်သူ့ဆေးရုံကြီးတွင် ဆေးကုသမှုခံယူနေသည့် ဒေသခံပြည်သူတစ်ဦးအား ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးစဉ်။

**မုံရွာ ဇူလိုင် ၁၃**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦး၊ စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများသည် ယနေ့နံနက် ၁၀ နာရီ မိနစ် ၅၀ တွင် ခန္တီးမြို့သို့ရောက်ရှိပြီး နယ်မြေခံတပ်နယ်သို့ သွားရောက်၍ တပ်နယ်ခန်းမ၌ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များကို တွေ့ဆုံကာ လိုအပ်သည်များ မှာကြား၍ တပ်နယ်မိသားစုများကို စားသောက်ဖွယ်ရာများနှင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးပစ္စည်းများ ပေးအပ်သည်။

ဆက်လက်၍ ခန္တီးတပ်နယ် နန်စီပွန်ရိပ်သာ အစည်းအဝေးခန်းမတွင် မြို့မိမြို့ဖများ၊ ဒေသခံတိုင်းရင်းသားများနှင့် တွေ့ဆုံ၍ တာဝန်ရှိသူများက ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် ပတ်သက်၍ တင်ပြကြပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်က ဖြည့်စွက်တင်ပြရာ ပြည်ထောင်စုဝန်ကြီးက တင်ပြချက်များအပေါ် လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ဖြည့်ဆည်းပေါင်းစပ် ဆောင်ရွက်ပေးကာ ဒေသခံတိုင်းရင်းသားများထံ စားသောက်ဖွယ်ရာများ ပေးအပ်သည်။

ထို့နောက် ခန္တီးမြို့ရှိ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ရုံး အစည်းအဝေးခန်းမတွင် ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများနှင့်တွေ့ဆုံ၍ ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦးက အမှာစကားပြောကြားသည်။

ယင်းနောက် ခန္တီးခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးအောင်စိုးမိုးက နယ်မြေဒေသ အခြေအနေများကို ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးပြီး တွေ့ဆုံပွဲအခမ်းအနားသို့ တက်ရောက်လာကြသူများကို ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးသည်။

ဆက်လက်ပြီး ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများသည် ခန္တီးမြို့ ပြည်သူ့ဆေးရုံကြီးတွင် ဆေးကုသမှုခံယူနေကြသော ဒေသခံပြည်သူများကို ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးပြီး ထေရဝါဒ ဗုဒ္ဓသာသနာပြု(ဗဟို)ကျောင်းတိုက်သို့သွားရောက်ကာ ဆရာတော်ကြီးများအား ဖူးမြော်ကြည်ညို၍ ဝတ္ထုငွေနှင့် လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



## တောင်ကြီးမြို့၌ ယာဉ်စည်းကမ်း လမ်းစည်းကမ်းဆိုင်ရာ အသိပညာပေး ဟောပြော

**တောင်ကြီး ဇူလိုင် ၁၃**

၂၀၂၂-၂၀၂၃ ပညာသင်နှစ် ရှမ်းပြည်နယ် (တောင်ပိုင်း) တောင်ကြီးမြို့နယ် ယာဉ်စည်းကမ်း လမ်းစည်းကမ်းဆိုင်ရာအသိပညာပေးဟောပြောပွဲကို ယနေ့ နံနက် ၉ နာရီခွဲက တောင်ကြီးမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပသည်။

**ပြောကြား**

အသိပညာပေးဟောပြောပွဲတွင် ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာကျော်ထွန်းက ယာဉ်စည်းကမ်းလမ်းစည်းကမ်း အသိညာပေးဟောပြောပွဲကို ကျင်းပနိုင်ရန် ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ အစည်းအဝေးနှင့် နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်နှင့်အညီ ကျောင်းသား ကျောင်းသူများကို ယာဉ်စည်းကမ်း လမ်းစည်းကမ်း အသိပညာပေးဆောင်ရွက်ရန် အစည်းအဝေးတွင် ဆုံးဖြတ်ကာ ကျောင်းများတွင် အသိပညာပေး ဟောပြောပွဲ ကျင်းပခြင်းဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ ရှမ်းပြည်နယ် ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန ယာဉ်မောင်းစစ်ဆေးရေးမှူး ဦးအောင်ဇင်ဝင်းက ယာဉ်စည်းကမ်း လမ်းစည်းကမ်းနှင့် ယာဉ်မောင်းလိုင်စင်အမျိုးအစားများအကြောင်း၊ အမှတ် (၁၁၇) ယာဉ်ထိန်းရဲတပ်ဖွဲ့စု (တောင်ကြီး) ခေတ္တတပ်ဖွဲ့စုမှူး ရဲအုပ်ကျော်မင်းထွေးက ယာဉ်မတော်တဆ ဖြစ်ပွားမှုများတွင် အမှားအမှန်ခွဲခြားခြင်းအား ရှင်းလင်းခြင်းနှင့် တပ်ဖွဲ့ဝင်များမှ ယာဉ်ထိန်းရဲ လက်အချက်ပြမှုအား သရုပ်ပြခြင်း၊ အမှတ် (၁၈) ယာဉ်ထိန်းရဲ ဒုတပ်ဖွဲ့ခွဲ (ရှမ်းတောင်) ဒုတပ်ဖွဲ့ခွဲမှူး ရဲမှူးမိုးကျော်က ယာဉ်မတော်တဆမှုများကြောင့် ဖြစ်ပေါ်ရသည့် လူမှုဒုက္ခများအကြောင်း ရှင်းလင်းဟောပြောကြကြောင်း သိရသည်။

**ပြည်နယ် (ပြန်/ဆက်)**

## မိဘပြည်သူများသို့ အသိပေးကြေညာ

အသက်(၁၆)နှစ်နှင့်အထက် အကျုံးဝင်သူများအား ဥပဒေအရ ကိုင်ဆောင်သင့်သည့် ကတ်တစ်မျိုးမျိုးထုတ်ပေးရေးအတွက် **“ပန်းခင်း”**စီမံချက်ဖြင့် ရုံးတွင်ဆောင်ရွက်ပေးခြင်း၊ ကွင်းဆင်းဆောင်ရွက်ပေးခြင်း၊ လိုအပ်သည့်နေရာများတွင် တစ်အိမ်တက်ဆင်းဆောင်ရွက်ပေးခြင်းများအား (၃-၅-၂၀၂၁) မှ(၃-၁၁-၂၀၂၂)နေ့အထိ နိုင်ငံတစ်ဝန်းလုံးတွင် နေ့စဉ်ရက်ဆက်ဆောင်ရွက်ပေးလျက်ရှိပါသည်။

ယခုအခါ လိုအပ်ချက်အရ ပြည်သူများအနေဖြင့် ခရီးသွားလာရာတွင်လည်းကောင်း၊ တည်းခိုနေထိုင်ရာနေရာများတွင်လည်းကောင်း၊ နိုင်ငံသားကတ်(မှတ်ပုံတင်)ပြသဆောင်ရွက်ရသည့် လုပ်ငန်းများတွင်လည်းကောင်း တရားဝင်ထုတ်ပေးထားသော နိုင်ငံသားကတ်(မှတ်ပုံတင်)အား (၁-၄-၂၀၂၂) နေ့ (၀၆:၀၀)နာရီမှစ၍ ပြသစစ်ဆေးခံရမည်ဖြစ်ပါသည်။

နေ့စဉ်ရက်ဆက် ဆောင်ရွက်ပေးနေမှုကြောင့် နိုင်ငံသားကတ်(မှတ်ပုံတင်)အစား ထောက်ခံစာများအားပြသ၍ ခရီးသွားလာခြင်း၊ အစစ်ဆေးခံခြင်းများအား ခွင့်ပြုတော့မည်မဟုတ်ပါ။

နိုင်ငံသားကတ်(မှတ်ပုံတင်)အတုကိုင်ဆောင်ခြင်းနှင့် ကတ်အပိုထားရှိ ကိုင်ဆောင်ခြင်းများသည် တည်ဆဲဥပဒေများအရ ပြစ်မှုမြောက်ပါကြောင်းလည်း အသိပေးအပ်ပါသည်။

**လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန**

## ကလေးမြို့နယ်၌ စပါးတင်း ၁၀၀ နှင့်အထက် ထွက်ရှိရေး စံပြစိုက်ကွက်နှင့် မျိုးစေ့ထုတ်စံပြတောင်သူများအား ထောက်ပံ့ငွေပေးအပ်ပွဲ ကျင်းပ

**ကလေး ဇူလိုင် ၁၃**




စစ်ကိုင်းတိုင်း ဒေသကြီး ကလေးမြို့၌ စပါးတင်း ၁၀၀ နှင့်အထက် ထွက်ရှိရေး စံပြစိုက်ကွက်နှင့် မျိုးစေ့ထုတ် စံပြတောင်သူများအား ထောက်ပံ့ငွေပေးအပ်ပွဲ အခမ်းအနားကို ယနေ့ နံနက် ၁၀ နာရီက မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမတွင် ကျင်းပခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ကလေးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ မြို့နယ်စိုက်ပျိုးရေးမှူး ဦးနိုင်ထွန်းဝင်းက အမှာစကား ပြောကြားပြီး ကလေးခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ ခရိုင်မြေအသုံးချရေး တာဝန်ခံ ဦးစီးအရာရှိဒေါ်မာန်အေွး က ဘေးအန္တရာယ်ကင်းရှင်းသော လယ်ယာထွက်ကုန်များ စိုက်ပျိုးထုတ်လုပ်ပြီး ရရှိလာမည့် ကောင်းကျိုးများကို ဆွေးနွေးခဲ့ကာ တာဝန်ရှိသူများက တောင်သူများထံ ထောက်ပံ့ငွေများ ပေးအပ်ခဲ့ကြောင်း သိရသည်။

**မောင်ကျော်(ပြန်/ဆက်)**

# ရန်ကုန်တိုင်းဒေသကြီး ပန်းခင်းစီမံချက် တိုင်းလုံးကျွတ်လျာထားချက် ရာနှုန်းပြည့်ပြီးမြောက်အောင်မြင်ပွဲ ကျင်းပ




နေပြည်တော် ဇူလိုင် ၁၃

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ရန်ကုန်တိုင်းဒေသကြီး ပန်းခင်းစီမံချက် တိုင်းလုံးကျွတ်လျာထားချက် ရာနှုန်းပြည့် ပြီးမြောက်အောင်မြင်ပွဲကို ယနေ့နံနက် ၉ နာရီခွဲက ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ မင်္ဂလာခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးခင်ရီက ပန်းခင်းစီမံချက်သည် ၂၀၂၁ ခုနှစ် မေ ၃ ရက်မှ ၂၀၂၂ ခုနှစ် နိုဝင်ဘာ ၃ ရက်အထိ ၁၈ လကြာသတ်မှတ်၍ တိုင်းဒေသကြီး/ ပြည်နယ်အလိုက် ဆောင်ရွက်ရမည့် လုပ်ငန်းပမာဏ လျာထားသတ်မှတ်ဆောင်ရွက်ခြင်း ဖြစ်ကြောင်း၊ ယခုအခါ စီမံချက်ကာလ တစ်နှစ်ကျော် ရှိပြီဖြစ်ပြီး ယင်းကာလအတွင်း ပဲခူး၊ ဧရာဝတီ၊ နေပြည်တော်၊ မန္တလေး၊ တနင်္သာရီ၊ မကွေး၊ ရခိုင်၊ မွန် စသည့် တိုင်းဒေသကြီး/ ပြည်နယ် ရှစ်ခုသည် တိုင်းလုံးကျွတ်လျာထားချက် ရာနှုန်းပြည့်ပြီးမြောက်အောင်မြင်အောင် ဆောင်ရွက်ပြီးဖြစ်ကြောင်း၊ ယခု ရန်ကုန်တိုင်းဒေသကြီးအတွင်း ခရိုင် ၁၄ ခု၊ မြို့နယ် ၄၅ ခု၊ ရပ်ကွက် ၇၄၃ ခု၊ ကျေးရွာအုပ်စု ၆၂၁ အုပ်စု၊ ကျေးရွာပေါင်း ၂၁၃၉ ရွာရှိပြီး ပန်းခင်းစီမံချက်ဖြင့် နိုင်ငံသားကတ်ထုတ်ပေးရန် ၇၁၄၈၂၁ ကတ် လျာထားရာ ယခုအခါ သတ်မှတ်ကာလအတွင်း လျာထားချက် ရာနှုန်းပြည့်ပြီးမြောက်အောင် ထုတ်ပေးပြီးဖြစ်သည့်အတွက် ရန်ကုန်တိုင်းဒေသကြီးသည် ကိုးခုမြောက် တိုင်းလုံးကျွတ်လျာထားချက် ရာနှုန်းပြည့်ပြီးစီးသည့် တိုင်းဒေသကြီးတစ်ခုဖြစ်ကြောင်း။

နိုင်ငံသားကတ်ပြားသည် လူတစ်ဦးချင်းအတွက် လူမှုဘဝဆောင်ရွက်မှုတိုင်းတွင် မရှိမဖြစ်လိုအပ်သည့် နိုင်ငံသားအထောက်အထားတစ်ခုဖြစ်ကြောင်း၊ ယခုအခါ နိုင်ငံတော်အစိုးရက ပြည်သူများအတွက် ပန်းခင်းစီမံချက်ဖြင့် နိုင်ငံသားကတ်ရရှိရေး ဆောင်ရွက်ပေးနေသကဲ့သို့ မဲစာရင်းမှန်ကန်ရေးအတွက် မိမိတို့ဝန်ကြီးဌာန မြို့နယ်ရုံးများရှိ အိမ်ထောင်စုလူဦးရေစာရင်း ပုံစံ(၆၆/၆)နှင့် နိုင်ငံသားကတ်ထုတ်ပေးခြင်း မှတ်ပုံတင်စာအုပ် (နိုင်-၄) မှတ်တမ်းရှိ အချက်အလက်များကို ကွန်ပျူတာများဖြင့် ဖြည့်သွင်းကာ အွန်လိုင်းဖြင့် နေပြည်တော်ရုံးချုပ်ရှိ Server သို့ ပေးပို့ဆောင်ရွက်သည့်လုပ်ငန်းကိုလည်း သက်ဆိုင်ရာဒေသအာဏာပိုင်များ၊ ဆက်စပ်ဌာနအဖွဲ့အစည်းများ၏ အကူအညီဖြင့် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ ယင်းအချက်အလက်များနှင့် သက်ဆိုင်ရာအဖွဲ့အစည်းများ၏ မြေပြင်ကွင်းဆင်းကောက်ယူသည့် အချက်အလက်များကို တိုက်ဆိုင်စစ်ဆေးကာ မဲစာရင်းမှန်ကန်ရေးအတွက် ဆက်လက်ဆောင်ရွက်ရမည့်အပြင် အဆိုပါအချက်အလက်များသည် မိမိတို့ဌာနမှ တာဝန်ယူဆောင်ရွက်လျက်ရှိသည့် e-ID စနစ်လုပ်ငန်း အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် များစွာအထောက်အကူပြုမည်ဖြစ်ကြောင်း၊ နိုင်ငံသားကတ်ထုတ်ပေးခြင်းလုပ်ငန်းသည် လုပ်ငန်းသဘာဝအရ ရေရှည်စဉ်ဆက်မပြတ်ဆောင်ရွက်ရမည့် လုပ်ငန်းတစ်ခုဖြစ်ရာ အားလုံးက ဆက်လက်၍ ဝိုင်းဝန်းကူညီပံ့ပိုး ဆောင်ရွက်ပေးကြစေလိုကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်းက ရန်ကုန်တိုင်းဒေသကြီးအတွင်း ပန်းခင်းစီမံချက်လျာထားချက် ရာနှုန်းပြည့်ပြီးမြောက်အောင်မြင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်မှုနှင့် လုပ်ငန်းလိုအပ်ချက်များ ပံ့ပိုးဖြည့်ဆည်းဆောင်ရွက်ပေးမှုကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် ပန်းခင်းစီမံချက် ပြီးမြောက်အောင်မြင်အောင် ပံ့ပိုးကူညီဆောင်ရွက်ပေးကြသည့် တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တိုင်းအဆင့်တာဝန်ရှိသူများကို ဂုဏ်ပြုမှတ်တမ်းလွှာများပေးအပ်ပြီး ပန်းခင်းစီမံချက်ကို စွမ်းစွမ်းတမံ ဆောင်ရွက်ခဲ့ကြသည့် ဝန်ထမ်းများအား တစ်ဆင့်မြင့်ရာထူးတိုးမြှင့်ပေးကာ ရာထူးတံဆိပ်များ တပ်ဆင်ပေးသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများက လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနနှင့် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတို့မှ ခရိုင်နှင့် မြို့နယ်အုပ်ချုပ်ရေးမှူးများနှင့် ဦးစီးမှူးများကို ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ကြပြီး တိုင်းဒေသကြီးဦးစီးမှူး ဦးအောင်ဝင်းသိန်းက ပန်းခင်းစီမံချက်ပြီးမြောက်ခြင်း အထိမ်းအမှတ်တံဆိပ်ကို ပြည်ထောင်စုဝန်ကြီးထံ ပေးအပ်သည်။

ယင်းနောက် တက်ရောက်လာကြသူများအား တိုင်းရင်းသားအဖွဲ့က စည်းလုံးခြင်းအတွက်သီချင်း တစ်ပုဒ်သီချင်းဖြင့် ဖျော်ဖြေတင်ဆက်ရာ ပြည်ထောင်စုဝန်ကြီးက ဂုဏ်ပြုဆုငွေပေးအပ်ချီးမြှင့်ပြီး ခင်းကျင်းပြသထားသည့် ပန်းခင်းစီမံချက် ဆောင်ရွက်မှုမှတ်တမ်းများကို လှည့်လည်ကြည့်ရှုအားပေးကြသည်။

အခမ်းအနားအပြီးတွင် ပြည်ထောင်စုဝန်ကြီးသည် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ အစည်းအဝေးခန်းမ၌ တိုင်းဒေသကြီးဝန်ကြီးချုပ်ဦးစိုးသိန်း၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ညွန့်ဝင်းဆွေ၊ တာဝန်ရှိသူများနှင့်တွေ့ဆုံကာ မဲဆန္ဒရှင်စာရင်း မှန်ကန်ရေးအတွက် ရွေးကောက်ပွဲကော်မရှင်နှင့် မိမိတို့ဌာနမှ ပေါင်းစပ်ဆောင်ရွက်နေမှု၊ ဆက်လက်ဆောင်ရွက်မည့်လုပ်ငန်းအစီအစဉ်များအပေါ် ဒေသအာဏာပိုင်များအနေဖြင့် ဆက်လက်ပူးပေါင်း ပါဝင်ကူညီဆောင်ရွက်ပေးနိုင်ရေး အခြေအနေများနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားကာ သိရှိလိုသည့် မေးမြန်းချက်များအပေါ် ပြန်လည်ရှင်းလင်းဖြေကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်

## ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာနက တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့သည့် ဝန်ထမ်းမိသားစုများ၏ သား သမီးများအား ဆုချီးမြှင့်ခြင်းအခမ်းအနားကျင်းပ

နေပြည်တော် ဇူလိုင် ၁၃

၂၀၂၁-၂၀၂၂ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့ကြသော ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ဝန်ထမ်းများ၏သားသမီးများအား ဂုဏ်ပြုဆုပေးအပ်ချီးမြှင့်သည့် အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် အဆိုပါ ဝန်ကြီးဌာန၌ ကျင်းပသည်။

ဦးစွာ ဒုတိယဝန်ကြီး ဦးသန်းအောင်ကျော်က ဂုဏ်ပြုအမှာစကားပြောကြားပြီး တက္ကသိုလ်ဝင်စာမေးပွဲ၌ ထူးချွန်စွာအောင်မြင်ခဲ့ကြသော ဝန်ထမ်းများ၏ သားသမီးများဖြစ်ကြသည့် ငါးဘာသာဂုဏ်ထူးရှင် နှစ်ဦး၊ သုံးဘာသာဂုဏ်ထူးရှင် နှစ်ဦး၊ နှစ်ဘာသာ ဂုဏ်ထူးရှင် တစ်ဦးနှင့် တစ်ဘာသာဂုဏ်ထူးရှင် တစ်ဦးတို့ကို ဒုတိယဝန်ကြီးက ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်သည်။



ဂုဏ်ပြုချီးမြှင့်ပွဲအခမ်းအနားသို့ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ထူးချွန်ကျောင်းသားများနှင့် ၎င်းတို့၏မိဘများ တက်ရောက်ခဲ့ကြသည်။

သတင်းစဉ်

## ပဲခူးခရိုင် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲ၌ မိုးရာသီစိုက်ပျိုးရေးချေးငွေများ ထုတ်ချေးပေးလျက်ရှိ

ပဲခူး ဇူလိုင် ၁၃

မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် ပဲခူးခရိုင်ဘဏ်ခွဲသည် ပဲခူးမြို့နယ်အတွင်းရှိ အချိန်စေ့ချေးငွေပြေကျေပြီးသည့်လယ်သမားများသို့ မေလမှစတင်၍ ၂၀၂၂ မိုးရာသီ စိုက်ပျိုးစရိတ်ချေးငွေများထုတ်ချေးပေးလျက်ရှိရာ ဇူလိုင် ၁၁ ရက်အထိ ရပ်ကွက်/ ကျေးရွာအုပ်စု ၃၅ အုပ်စုမှ လယ်သမား ၁၅၅၄ ဦးသို့ ၁၀၇၈၁ ဧကအတွက် ချေးငွေပေါင်း ၁၆၁၇၁ ဒသမ ၅၀ သိန်း ထုတ်ချေးပေးခဲ့ပြီးဖြစ်ကြောင်း သိရသည်။

ပဲခူးခရိုင်ဘဏ်ခွဲအနေဖြင့် အချိန်စေ့ချေးငွေပြေကျေသည့် လယ်သမားများသို့ ဆက်လက်ထုတ်ချေးပေးလျက်ရှိပြီး ရပ်ကွက်/ ကျေးရွာအုပ်စု ၉၀ မှ လယ်မြေဧက ၄၃၈၆၀ အတွက် မိုးရာသီစိုက်ပျိုးစရိတ်ချေးငွေပေါင်း ၆၅၇၉၀ ဒသမ ၀၀ သိန်းကို စက်တင်ဘာလကုန်အထိ ထုတ်ချေးပေးရန် လျာထားကြောင်း ခရိုင်မန်နေဂျာထံမှ သိရသည်။

ခရိုင်(ပြန်/ဆက်)

## သရက်မြို့၌ တိရစ္ဆာန်ရောဂါ ကာကွယ်ထိန်းချုပ်ခြင်းဆိုင်ရာလှုပ်ရှားမှု ဆောင်ရွက်

သရက် ဇူလိုင် ၁၃

မကွေးတိုင်းဒေသကြီး သရက်မြို့၌ တိရစ္ဆာန်ရောဂါကာကွယ်ထိန်းချုပ်ခြင်းဆိုင်ရာ လှုပ်ရှားမှုရက်သတ္တပတ် ဆောင်ရွက်မှုနှင့် ပြည်သူလူထုပညာပေးပိုစတာ စိုက်ထူခြင်းအခမ်းအနားကို ယနေ့နံနက် ၁၀ နာရီက ဒေသန္တရ မျိုးထိန်း မျိုးပွားသရုပ်ပြခြံ၌ ကျင်းပခဲ့သည်။

ထို့နောက် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန သရက်ခရိုင်ဦးစီးမှူး ဒေါက်တာခင်ဌေးမြင့်၊ မြို့နယ်ဦးစီးမှူး ဒေါက်တာညိုဝင်းနှင့် ဝန်ထမ်းများ၊ ကျေးလက်တိရစ္ဆာန်ကျန်းမာရေးလုပ်သားများသည် တိရစ္ဆာန်ရောဂါ ကာကွယ်ထိန်းချုပ်ခြင်းဆိုင်ရာလှုပ်ရှားမှု ရက်သတ္တပတ် အစီအစဉ်ဖြင့် ပိုစတာများစိုက်ထူခြင်း၊ လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်း၊ ရောဂါစူးစမ်းထောက်လှမ်းခြင်းနှင့် ထောင့်သန်းရောဂါ ကာကွယ်ဆေးထိုးခြင်းများကို ကိုးပင်ကျေးရွာ၌ ကွင်းဆင်းဆောင်ရွက်ခဲ့သည်။

ကြေးမုံ



ညအချိန်အိပ်နေချိန်တွင် လျှပ်စစ်မီးများ ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို နေ့စဉ် ချွေတာသင့်ပါသည်

# လူတိုင်းလက်လှမ်းမီရရှိနိုင်သော အခြေခံကျန်းမာရေးစောင့်ရှောက်မှုများရရှိစေရေးနှင့် ၂၀၃၀ ပြည့်နှစ်တွင် အိတ်ချ်အိုင်ဗွီပိုးကူးစက်မှုကင်းဝေးသော လူ့အဖွဲ့အစည်းတစ်ရပ် ပေါ်ထွက်လာစေရေး ပူးပေါင်းဆောင်ရွက်

**နေပြည်တော် ဇူလိုင် ၁၃**

ပြည်သူ့ကျန်းမာရေးဦးစီးဌာန ခုခံကျ/ကာလသားရောဂါတိုက်ဖျက်ရေးစီမံချက်၏ နှစ်ပတ်လည်အစည်းအဝေး (NAP Annual Review Meeting) ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် ကျန်းမာရေးဝန်ကြီးဌာန ရုံးအမှတ်(၄) အစည်းအဝေးခန်းမ၌ ကျင်းပသည်။

**လျော့နည်းကျဆင်းလာ**

အခမ်းအနားတွင် ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ပါမောက္ခ ဒေါက်တာသက်ခိုင်ဝင်းက UNAIDS အဖွဲ့မှ ၂၀၂၁ ခုနှစ်တွင် ထုတ်ပြန်ထားသောကိန်းဂဏန်းများအရ ကမ္ဘာပေါ်တွင် အိတ်ချ်အိုင်ဗွီ/အေအိုင်ဒီအက်စ် ဖြစ်ပွားနေသူပေါင်း ၃၇ ဒသမ ၇ သန်းခန့်ရှိပြီး အိတ်ချ်အိုင်ဗွီပိုးကူးစက်ခံရသူ (အသစ်)ပေါင်း ၁ ဒသမ ၅ သန်းခန့်ရှိကြောင်း သိရှိရကာ ခန့်မှန်းတွက်ချက်မှုများအရ မိမိတို့နိုင်ငံတွင်လည်း ၂၀၂၁ ခုနှစ်အကုန်၌ လူဦးရေ ၂၇၀၀၀၀ ကျော်ခန့် အိတ်ချ်အိုင်ဗွီပိုးကူးစက်ခံရခြင်းဖြစ်သည့်အတွက် ရာခိုင်နှုန်းအားဖြင့် လူဦးရေ၏ သုည ဒသမ ၆၄ ရာခိုင်နှုန်းအထိ ရှိနေဆဲဖြစ်ကြောင်း၊ ရောဂါအသစ် ကူးစက်ခံရမှုအနေဖြင့် ၂၀၀၀ ပြည့်နှစ်တွင် အမြင့်ဆုံးဖြစ်ခဲ့၍ အသစ်ကူးစက်မှုခံရသူပေါင်း ၃၀၀၀၀ နီးပါးအထိ ရှိခဲ့သည်ကိုတွေ့ရပြီး ၂၀၂၁ ခုနှစ်တွင် လူဦးရေ ၁၁၀၀၀ ခန့်အထိ လျော့နည်းကျဆင်းလာသည်ကို တွေ့ရကြောင်း။

မိမိတို့မြန်မာနိုင်ငံအနေဖြင့် ခုခံအားကျဆင်းမှုကူးစက်ရောဂါဆိုင်ရာ အမျိုးသားမဟာဗျူဟာစီမံကိန်း ၂၀၂၁-၂၀၂၅ တွင်ပါရှိသည့် ဦးစားပေးနည်းဗျူဟာ(၅)ရပ်နှင့်အညီ ၂၀၃၀ ပြည့်နှစ်တွင် အိတ်ချ်အိုင်ဗွီပိုးကူးစက်မှု ကင်းဝေးသည့် လူ့အဖွဲ့အစည်းတစ်ရပ် ပေါ်ထွက်လာစေရန်အထိ ရည်ရွယ်၍ ဆောင်ရွက်လျက်ရှိကြောင်း။

နောင်လာမည့် မျိုးဆက်သစ်များအတွင်း အိတ်ချ်အိုင်ဗွီပိုးကင်းဝေးစေရေးအတွက် မိခင်မှကလေးသို့ အတ်ချ်အိုင်ဗွီနှင့် ဆစ်ဖလစ်ရောဂါပိုးကူးစက်မှုမှ ကာကွယ်ရေးလုပ်ငန်းများကိုလည်း ၂၀၂၁ ခုနှစ်တွင် မြို့နယ် ၃၃၀ အထိ တိုးချဲ့ဆောင်ရွက်နိုင်ခဲ့ရာ တစ်နိုင်ငံလုံး လွှမ်းခြုံမှုရရှိပြီဖြစ်ကြောင်း။

အိတ်ချ်အိုင်ဗွီကာကွယ်ရေး နည်းဗျူဟာသစ်တစ်ခုဖြစ်သည့် အိတ်ချ်အိုင်ဗွီကူးစက်အန္တရာယ်ရှိသည့် ဦးတည်အုပ်စုဝင်များကို ရောဂါကြိုတင်ကာကွယ်သည့်အနေဖြင့် ဆေးဝါးတိုက်ကျွေးခြင်းလုပ်ငန်း (Pre Exposure Prophylaxis –PrEP)ကို ရန်ကုန်တိုင်းဒေသကြီး၌ အမျိုးသားချင်း ချစ်ခင်စုံမက်သူများအတွက် ၂၀၂၀ ပြည့်နှစ်တွင် ရှေ့ပြေးစီမံချက်အနေဖြင့် ဆောင်ရွက်ခဲ့ပြီး မူးယစ်ဆေးအကြောထဲထိုးသွင်းသူများတွင် ရောဂါကြိုတင်ကာကွယ်သည့်အနေဖြင့် ဆေးဝါးတိုက်ကျွေးခြင်းလုပ်ငန်း (Pre Exposure Prophylaxis –PrEP) ရှေ့ပြေးစီမံချက်ကို ၂၀၂၂ ခုနှစ်အတွင်း၌ ဆောင်ရွက်မည်ဖြစ်ကြောင်း။

အိတ်ချ်အိုင်ဗွီပိုးရှိလူနာများကို ထိရောက်စွာ ပြုစုကုသစောင့်ရှောက်နိုင်ရေးအတွက် ဆောင်ရွက်လျက်ရှိရာ၌ ၂၀၂၁ ခုနှစ်ကုန်အထိရရှိသည့် စာရင်းများအရ အိတ်ချ်အိုင်ဗွီ/ အေအိုင်ဒီအက်စ် လူနာစုစုပေါင်း ၁၉၀၀၀၀ ကျော်ကို အေအာတီဆေးဝါးအခမဲ့ ကုသပေးနိုင်ခဲ့ပြီး အဆိုပါလူနာများ၏ ၉၀ ရာခိုင်နှုန်းနီးပါးသည် ကျန်းမာရေးဝန်ကြီးဌာနအောက်ရှိ အေအာတီဆေးကုသဌာနများတွင် ဆေးကုသမှုခံယူလျက်ရှိကြောင်း၊ အိတ်ချ်အိုင်ဗွီပိုးရှိသူများအား ခွဲခြားနှိမ့်ချဆက်ဆံခြင်းများ လုံးဝပပျောက်အောင် ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း။



**ရည်မှန်းချက်ထားဆောင်ရွက်**

ကျန်းမာရေးဝန်ကြီးဌာနနှင့် မိတ်ဖက်အဖွဲ့အစည်းများ၊ ပြည်သူများအားလုံး လက်တွဲပူးပေါင်းဆောင်ရွက်ကြခြင်းဖြင့် လူတိုင်းလက်လှမ်းမီရရှိနိုင်သော အခြေခံကျန်းမာရေးစောင့်ရှောက်မှုများ ရရှိစေရေးနှင့် ၂၀၃၀ ပြည့်နှစ်တွင် အိတ်ချ်အိုင်ဗွီပိုးကူးစက်မှုကင်းဝေးသော လူ့အဖွဲ့အစည်းတစ်ရပ် ပေါ်ထွက်လာစေရန်အထိ ရည်မှန်းချက်ထား၍ ဆောင်ရွက်သွားကြရန်ဖြစ်ကြောင်း ပြောကြားသည်။

အစည်းအဝေးသို့ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ ဝန်ကြီးရုံး၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာနနှင့် ကုသရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူးများ၊ ပါမောက္ခ/ဌာနမှူးများ၊ ညွှန်ကြားရေးမှူးများ၊ ဆေးရုံအုပ်ကြီးများ၊ အထူးကုဆရာဝန်ကြီးများ၊ နီးနွယ်ဝန်ကြီးဌာနမှ ဖိတ်ကြားထားသူများ၊ ခုခံကျ/ ကာလသားရောဂါတိုက်ဖျက်ရေးအဖွဲ့များမှ တာဝန်ခံဆရာဝန်များနှင့် အဖွဲ့ခေါင်းဆောင်ဆရာဝန်များ၊ ကုလသမဂ္ဂ၊ အပြည်ပြည်ဆိုင်ရာနှင့် ပြည်တွင်းလူမှုရေးအသင်း အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

**သတင်းစဉ်**

# Leadership and Communication Skills နှင့် Project Cycle Management သင်တန်းဖွင့်ပွဲ ကျင်းပ

**နေပြည်တော် ဇူလိုင် ၁၃**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြန်လည်ထူထောင်ရေးဦးစီးဌာနနှင့် မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်တို့ ပူးပေါင်းဖွင့်လှစ်သော Leadership and Communication Skills နှင့် Project Cycle Management သင်တန်းဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၁၀ နာရီတွင် အဆိုပါဝန်ကြီးရုံး စုပေါင်းအစည်းအဝေးခန်းမ၌ ကျင်းပသည်။

**ပြောကြား**

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင်က ယနေ့ဖွင့်လှစ်သည့် Leadership and Communication Skills နှင့် Project Cycle Management သင်တန်းသည် ဝန်ထမ်းတိုင်းသိသင့်သည့် ဘာသာရပ်များဖြစ်ကြောင်း၊ ဝန်ထမ်းတစ်ဦးချင်း၏ စွမ်းဆောင်ရည်ကောင်းမှ ဌာန၏စွမ်းဆောင်ရည် တိုးတက်ကောင်းမွန်မည်ဖြစ်ကြောင်း၊ ဌာန၏စွမ်းဆောင်ရည်ကောင်းမှ နိုင်ငံအတွက် တိုးတက်မှုရှိသောရလဒ်ကောင်းများ ရရှိနိုင်မည်ဖြစ်ကြောင်း၊ Leadership Skills သည် အဆင့်တိုင်းအတွက် လိုအပ်ကြောင်း၊ ဝန်ကြီးဌာနအနေဖြင့် ဝန်ထမ်းအသစ်များ ခန့်ထားခဲ့ပြီးနောက် စွမ်းဆောင်ရည်မြှင့်တင်ရန် Digital Literacy အပါအဝင် သင်တန်းများ ပို့ချပေးလျက်ရှိကြောင်း၊ ယခုဖွင့်လှစ်သည့် Leadership and Communication Skills သင်တန်းသည် ဌာန၏ဆောင်ရွက်ချက်များ ပိုမိုထိရောက်အောင်မြင်လာစေရန် အထောက်အကူပြုနိုင်သော သင်တန်းဖြစ်ကြောင်း၊ တစ်ဦးနှင့်တစ်ဦး အားသာချက်နှင့် အားနည်းချက်တို့ကို အပြန်အလှန်ဖြည့်ဆည်းပြီး ဝန်ကြီးဌာန၏ မူဝါဒ၊ မဟာဗျူဟာ၊ စီမံချက်တို့ကို ထိရောက်အကျိုးရှိစွာ အကောင်အထည်ဖော်ရန် လိုအပ်ကြောင်း ပြောကြားသည်။





ဆက်လက်၍ ဒုတိယဝန်ကြီး ဦးအောင်ထွန်းခိုင်က အမှာစကားပြောကြားသည်။

အဆိုပါသင်တန်းကို မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်၊ ပြုစုပျိုးထောင်ရေးနှင့် ပြန်လည်နေရာချထားရေးလုပ်ငန်းအဖွဲ့ခွဲမှ အတွင်းရေးမှူး ဒေါ်မေဖူးပွင့်စိုးက သင်တန်းနည်းပြအဖြစ် ဇူလိုင် ၁၃ ရက်မှ ၁၄ ရက်အထိ ဖွင့်လှစ်ပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# မြန်မာနိုင်ငံတော်ဗဟိုဘဏ် Digital Payment Switch System ၏ MMQR Standardization နှင့် သက်ဆိုင်သည့် အလုပ်ရုံဆွေးနွေးပွဲ ကျင်းပ

**ရန်ကုန် ဇူလိုင် ၁၃**

မြန်မာနိုင်ငံတော် ဗဟိုဘဏ်သည် Digital Payment Switch System ၏ MMQR Standardization နှင့်သက်ဆိုင်သည့် အလုပ်ရုံဆွေးနွေးပွဲကို ယနေ့နံနက် ၉ နာရီတွင် မြန်မာနိုင်ငံတော်ဗဟိုဘဏ် ရန်ကုန်ဘဏ်ခွဲရှိ Learning & Training Center ၌ ကျင်းပသည်။





အလုပ်ရုံဆွေးနွေးပွဲသို့ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ ဒေါ်သန်းသန်းဆွေနှင့် တာဝန်ရှိသူများ၊ နိုင်ငံပိုင်ဘဏ်များနှင့် ပုဂ္ဂလိကဘဏ်များမှ တာဝန်ရှိသူများ၊ မိုဘိုင်းငွေရေးကြေးရေးအဖွဲ့အစည်းများ၊ ရောင်းချသူကိုယ်စား ငွေကောက်ခံ ရှင်းလင်းသည့် ဝန်ဆောင်မှု လုပ်ငန်းများ၊ PayPlus Co.,Ltd. တို့မှ အကြီးတန်းစီမံခန့်ခွဲသူများ တက်ရောက်ကြပြီး နိုင်ငံခြားဘဏ်၊ ဘဏ်ခွဲများအားလုံးမှ တာဝန်ရှိသူများက ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် တက်ရောက်ကြသည်။

အလုပ်ရုံဆွေးနွေးပွဲတွင် မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌက အမျိုးသားငွေပေးချေမှုစနစ် မဟာဗျူဟာ (National Payment System Strategy 2020–2025) အရ ချမှတ်ထားသော ငွေပေးချေမှုဆိုင်ရာမူဝါဒများနှင့်အညီ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ဒစ်ဂျစ်တယ်ငွေပေးချေမှု စနစ်များအားလုံး အချင်းချင်း အပြန်အလှန်ချိတ်ဆက်ပြီး ဆောင်ရွက်နိုင်မည့် Digital Payment Switch System ကိုအကောင်အထည်ဖော်လျက်ရှိကြောင်း၊ ပမာဏကြီးမားသော ငွေပေးချေမှုအတွက် CBM-NET System ကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်ခဲ့ပြီး ပမာဏနည်းသော ငွေပေးချေမှု လျင်မြန်စွာ ဖွံ့ဖြိုးတိုးတက်ရေးအတွက် Digital Payment Switch System ကို ဆောင်ရွက်လျက်ရှိကြောင်း ပြောကြားသည်။

ဆက်လက်၍ Payment Landscape in Myanmar၊ Digital Payment Switch System QR Code Standardization၊ QR Code Generation နှင့် MMQR Standardization new version တို့ကို ရှင်းလင်းတင်ပြကြပြီး တက်ရောက်သူများက သိရှိလိုသည်များကို မေးမြန်းကြသည်။

ယခင်က Brand တစ်ခုအတွင်း၌သာ အချင်းချင်းငွေပေးချေမှုပြုလုပ်နိုင်ရာမှ Digital Payment Switch System ကို ဆောင်ရွက်ပြီးစီးပါက ငွေကြေးဝန်ဆောင်မှုလုပ်ငန်းများအချင်းချင်း အပြန်အလှန်ချိတ်ဆက်၍ Brand တစ်ခုမှ အခြား Brand တစ်ခုသို့ လွယ်ကူအဆင်ပြေစွာ ငွေပေးချေမှုပြုလုပ်နိုင်မည်ဖြစ်ပြီး ဒစ်ဂျစ်တယ်ငွေပေးချေမှုစနစ် ဖွံ့ဖြိုးကာ ငွေသားကိုင်တွယ် အသုံးပြုမှုကို လျော့ကျနိုင်သည့်အပြင် သုံးစွဲသူများအနေဖြင့်လည်း စျေးသက်သာပြီး ကောင်းမွန်သော ငွေရေးကြေးရေး ဝန်ဆောင်မှုကို ရွေးချယ်အသုံးပြု နိုင်မည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်း ဥပဒေ၊ နည်းဥပဒေများနှင့်အညီ စာအုပ်စာစောင်များ ပေးအပ်ရန် အသိပေးကြေညာခြင်း

၂၀၁၄ ခုနှစ် ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်း ဥပဒေ၊ နည်းဥပဒေများအရ ပုံနှိပ်သူ၊ ထုတ်ဝေသူများသည် မိမိတို့ထုတ်ဝေသည့် စာအုပ်စာစောင် ၆ အုပ် သို့မဟုတ် ၆ စောင်ကို ပြန်ကြားရေးဝန်ကြီးဌာနသို့ အဖိုးအခလွတ်ပေးအပ်ရမည်ဖြစ်ပါသည်။ ပြန်ကြားရေးဝန်ကြီးဌာနသည် အဆိုပါ စာအုပ်စာစောင်များကို အမျိုးသားစာကြည့်တိုက်၊ အမျိုးသားမှတ်တမ်းများ မော်ကွန်းတိုက်ဦးစီးဌာနနှင့် အမျိုးသားစာပေဆုရွေးချယ်ရေးကော်မတီများသို့ ခွဲဝေပေးပို့လျက်ရှိပါသည်။ ထို့အပြင် ပေးပို့လာသော ထုတ်ဝေစာများကို ပြက္ခဒိန်နှစ်အလိုက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အတွင်း ထုတ်ဝေသော စာအုပ်စာတမ်းများ စာရင်းတွင်လည်း ရေးသွင်းထားပြီး နှစ်စဉ်ထုတ်ပြန်လျက်ရှိပါသည်။

သို့ပါ၍ ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်း နည်းဥပဒေ ၁၅၊ နည်းဥပဒေခွဲ(က)ပါ ပြဋ္ဌာန်းချက်များအရ ထုတ်ဝေသူသည် မိမိထုတ်ဝေသော ထုတ်ဝေစာ ၆ အုပ် သို့မဟုတ် ၆ စောင်ကို ဖြန့်ချိသည့်နေ့ရက်မှစ၍ ၇ ရက်အတွင်း ပုံနှိပ်သူထံပေးအပ်ပြီး ပုံနှိပ်သူသည် ၁၄ ရက်အတွင်း ပုံစံ ၁၁ ဖြင့် ပြန်ကြားရေးဝန်ကြီးဌာန၊ မူပိုင်ခွင့်နှင့် မှတ်ပုံတင်ဌာနခွဲသို့ မပျက်မကွက်ပေးအပ်ကြပါရန် အသိပေးကြေညာအပ်ပါသည်။

**ပြန်ကြားရေးဝန်ကြီးဌာန**

## ပုံနှိပ်ခြင်းလုပ်ငန်း၊ ထုတ်ဝေခြင်းလုပ်ငန်းနှင့် သတင်းအေဂျင်စီလုပ်ငန်း လုပ်ကိုင်သူများ လုပ်ငန်းအသိအမှတ်ပြုလက်မှတ် အသစ်လဲလှယ်ရန် အသိပေးကြေညာခြင်း

ပြန်ကြားရေးဝန်ကြီးဌာနအနေဖြင့် ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်း နည်းဥပဒေထွက်ရှိသည့် ၁၀-၁၀-၂၀၁၄ ရက်နေ့မှစ၍ ပုံနှိပ်ခြင်း၊ ထုတ်ဝေခြင်းနှင့် သတင်းအေဂျင်စီလုပ်ငန်း အသိအမှတ်ပြုလက်မှတ်များအား ၅ နှစ်သက်တမ်း ခွင့်ပြုပေးခဲ့ပါသည်။

အသိအမှတ်ပြုလက်မှတ် သက်တမ်းကုန်ဆုံးပါက နည်းဥပဒေ ၂၁ အရ သက်တမ်းကုန်ဆုံးသည့် ရက်မှစ၍ ရက်ပေါင်း ၆၀ အတွင်း သတ်မှတ်ပုံစံနှင့်အတူ အခကြေးငွေ ကျပ်တစ်သောင်းပေးသွင်း၍ ပြန်ကြားရေးဝန်ကြီးဌာနသို့ အသိအမှတ်ပြုလက်မှတ် အသစ်လဲလှယ်ရန် လာရောက်ဆောင်ရွက်ရမည် ဖြစ်ပါသည်။

သက်တမ်းကုန်လွန်သော အသိအမှတ်ပြုလက်မှတ်များဖြင့် လုပ်ငန်းဆက်လက်လုပ်ကိုင်ခွင့် မရှိကြောင်းနှင့် သက်တမ်းကုန်ဆုံးပြီး လုပ်ငန်းဆက်လက်လုပ်ကိုင်ပါက ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်း လုပ်ငန်းဥပဒေအရ အရေးယူခံရမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

အသေးစိတ်အချက်အလက်များ သိရှိလိုပါက ဖုန်း ၀၁-၅၄၁၄၁၃၊ ၀၁-၅၄၄၅၈၂၊ ၀၁-၅၄၄၅၈၃၊ iprd.crd.ygn@gmail.com သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**ပြန်ကြားရေးဝန်ကြီးဌာန**

## မန္တလေးတိုင်းဒေသကြီးအတွင်းရှိ လျှပ်စစ်ဓာတ်အားထုတ်လုပ်ဖြန့်ဖြူးရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဇူလိုင် ၁၃**

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ဇေယျသည် ဇူလိုင် ၁၁ ရက် နံနက်ပိုင်းက မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ၂၃၀ ကေဗွီ ဘဲလင်း ပင်မဓာတ်အားခွဲရုံ၊ ၁၄၅ မဂ္ဂါဝပ် Power Gen KyaukSe သဘာဝဓာတ်ငွေ့သုံး ဓာတ်အားပေးစက်ရုံနှင့် ရဲရွာရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံတို့ကို ကြည့်ရှုစစ်ဆေးသည်။



### ထောက်ပံ့ငွေများ ပေးအပ်

ဦးစွာ ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် ကျောက်ဆည်ခရိုင် စဉ့်ကိုင်မြို့နယ်ရှိ၂၃၀ ကေဗွီ ဘဲလင်းပင်မဓာတ်အားခွဲရုံသို့ ရောက်ရှိပြီး ဒုတိယဝန်ကြီးက နိုင်ငံတော်ဓာတ်အားစနစ် (National Grid System)နှင့် ချိတ်ဆက်ပြီး လျှပ်စစ်ဓာတ်အား ပို့လွှတ်ဖြန့်ဖြူးပေးနေသည့် ၂၃၀ ကေဗွီ ပင်မဓာတ်အားခွဲရုံဖြစ်၍ ပြည်သူများအတွက် တည်ငြိမ်ပြီး အရည်အသွေးကောင်းမွန်သည့်ဓာတ်အား ဖြန့်ဖြူး ပေးနိုင်ရေးအတွက် Power System Stability Improvement Devices များ တပ်ဆင် အသုံးပြုနိုင်ရေးနှင့် Resiliency မြင့်တင်ရေးတို့ကို အလေးပေးဆောင်ရွက်ရန်၊ ဓာတ်အားပြတ်တောက်မှု Line Fault နှင့် Line Losses လျော့နည်းကျဆင်းရေး အလေးထားဆောင်ရွက်ရန် လမ်းညွှန်မှာကြားပြီး ဝန်ထမ်းများ၏ လိုအပ်ချက်များကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးကာ လက်ဆောင်သစ်သီးခြင်းနှင့် ထောက်ပံ့ငွေများ ပေးအပ်ချီးမြှင့်သည်။

### ကြည့်ရှုစစ်ဆေး

မွန်းလွဲပိုင်းတွင် ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် ၁၄၅ မဂ္ဂါဝပ် Power Gen KyaukSe သဘာဝဓာတ်ငွေ့သုံး ဓာတ်အားပေးစက်ရုံသို့ ရောက်ရှိပြီး ဓာတ်အားထိန်းချုပ်ခန်းအတွင်း နိုင်ငံတော်ဓာတ်အားစနစ်သို့ ချိတ်ဆက်ပို့လွှတ်မောင်းနှင်နေမှု အခြေအနေနှင့် စက်ရုံအတွင်း ဓာတ်အားပေးစက်ကြီးရှစ်လုံးဖြင့် ဓာတ်အားထုတ်လုပ် မောင်းနှင်နေမှု အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များ မှာကြားသည်။

ညနေပိုင်းတွင် ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် ရဲရွာရေအားလျှပ်စစ် ဓာတ်အားပေး စက်ရုံသို့ သွားရောက်ကြည့်ရှု စစ်ဆေးပြီး ဒုတိယဝန်ကြီးက စက်ရုံရေရှည်တည်တံ့ခိုင်မြဲရေးနှင့် သတ်မှတ် Schedule အတိုင်း ဓာတ်အားပေးစက်များ လည်ပတ်ထုတ်လုပ်နိုင်ရေး ပုံမှန်ပြုပြင် ထိန်းသိမ်းခြင်းလုပ်ငန်းများ ဆောင်ရွက်သွားရန်၊ SCADA စနစ်အား အဆင့်မြှင့်တင်ဆောင်ရွက်သွားရန်၊ ရာသီဥတုပြောင်းလဲမှု ဖြစ်စဉ်ကြောင့် ရေကြီးမှုများ ဖြစ်ပေါ်လာခဲ့ပါက လျင်မြန်စွာ တုံ့ပြန်ဆောင်ရွက်ရမည့် အစီအမံများကို ကြိုတင်ဆောင်ရွက်ထားရန် မှာကြားပြီး ဓာတ်အား ထိန်းချုပ်ခန်းတွင် SCADA စနစ်ဖြင့် ဓာတ်အားပေးစက်များ ထိန်းချုပ်၍ နိုင်ငံတော်ဓာတ်အားစနစ်သို့ ချိတ်ဆက်ပြီး လျှပ်စစ်ဓာတ်အား ထုတ်လုပ်ပေးနေမှုကို ကြည့်ရှုစစ်ဆေးကာ ဝန်ထမ်းများအား အမှတ်တရ သစ်သီးခြင်းနှင့် ထောက်ပံ့ငွေများ ပေးအပ်ချီးမြှင့်သည်။

ထို့နောက် ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် တာဘိုင်ထိန်းချုပ်ခန်းအတွင်း စက်များမောင်းနှင်နေမှု၊ ရေလှောင်တမံအတွင်း ရေဝင်ရောက်မှု၊ ရေသိုလှောင်ထားရှိမှု၊ ရေယူအဆောက်အအုံ၊ ရေပိုလွှဲနှင့် တမံ၏ ကြံ့ခိုင်မှုအခြေအနေ၊ Switchyard အတွင်း ရေမဝင်ရောက်စေရန် ပြုပြင်ထားမှု၊ Swithchgear နှင့် Protection ပစ္စည်းများ ပြုပြင်မွမ်းမံထားမှုကို လှည့်လည်ကြည့်ရှု စစ်ဆေးကာ လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

## သတင်းမီဒီယာသမား အသိအမှတ်ပြုကတ်ပြား အသစ်လဲလှယ်ရန် အသိပေးကြေညာခြင်း

ပြန်ကြားရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံပိုင်မီဒီယာများနှင့် ပြည်တွင်းပုဂ္ဂလိကမီဒီယာများအနေဖြင့် သတင်းများရယူရာတွင် အဆင်ပြေချောမွေ့စေရေးနှင့် သတင်းစာရှင်းလင်းပွဲများ အပါအဝင် အခမ်းအနားများ ဖိတ်ကြားရာတွင် လွယ်ကူလျင်မြန်စေရေးအတွက် သတင်းမီဒီယာသမား အသိအမှတ်ပြုကတ်ပြားများကို ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ စိစစ်၍ ခွင့်ပြုထုတ်ပေးလျက်ရှိပါသည်။

သတင်းမီဒီယာအသိအမှတ်ပြုကတ်ပြားများကို ၂၀၂၁ ခုနှစ် မတ်လမှစတင်၍ ထုတ်ပေးခဲ့ရာ သက်တမ်း(၁)နှစ် သတ်မှတ်ထားရှိပါသည်။ သက်တမ်းကုန်ဆုံးနေပါက သတင်းမီဒီယာသမား အသိအမှတ်ပြုကတ်ပြားများကို အသစ်လဲလှယ်ရမည်ဖြစ်ပါသည်။

သတင်းမီဒီယာသမား အသိအမှတ်ပြုကတ်ပြား သက်တမ်းကုန်ဆုံးပါက သတ်မှတ်ပုံစံနှင့်အတူ ပြန်ကြားရေးဝန်ကြီးဌာန၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ မူပိုင်ခွင့်နှင့်မှတ်ပုံတင်ဌာနခွဲသို့ အသိအမှတ်ပြုကတ်ပြား အသစ်လဲလှယ်နိုင်ရေး လာရောက်ဆောင်ရွက်နိုင်ပါရန် အသိပေးကြေညာအပ်ပါသည်။

အသေးစိတ်အချက်အလက်များသိရှိလိုပါက ဖုန်း ၀၁-၅၄၁၄၁၃၊ ၀၁-၅၄၄၅၈၂၊ ၀၁-၅၄၄၅၈၃၊ iprd.crd.ygn@gmail.com သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**ပြန်ကြားရေးဝန်ကြီးဌာန**

## မနက်ဖြန်နံနက်အထိ ခန့်မှန်းချက်

**နေပြည်တော် ဇူလိုင် ၁၃**

နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် ကယားပြည်နယ်တို့တွင် နေရာကျဲကျဲ၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)နှင့် ချင်းပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး ရခိုင်ပြည်နယ်တွင် ဒေသအလိုက်နှင့် ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီးနှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန် ရာနှုန်းပြည့်ဖြစ်သည်။

**မိုး/ဇလ**

## ကော့သောင်းခရိုင် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု အခြေခံသင်တန်းဖွင့်

**ကော့သောင်း ဇူလိုင် ၁၃**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန ကော့သောင်းခရိုင်ရုံးက ကြီးမှူးဖွင့်လှစ်သည့် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအခြေခံသင်တန်း(၂/၂၀၂၂)ဖွင့်ပွဲကို ယနေ့နံနက်ပိုင်းက ကော့သောင်းခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာနခန်းမ၌ ပြုလုပ်သည်။

အခမ်းအနားတွင် ကော့သောင်းခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးစိုးအောင်က သင်တန်းဖွင့် အမှာစကားပြောကြားပြီး ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန ကော့သောင်းခရိုင်တာဝန်ခံ ဦးအောင်မျိုးကိုက သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှု အခြေခံသင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်များနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

အဆိုပါ သင်တန်းကို မီးဘေး၊ ရေဘေး၊ မုန်တိုင်းဘေး၊ ငလျင်ဘေး စသည့်သဘာဝဘေးအန္တရာယ်များ မကျရောက်မီ ကြိုတင်ပြင်ဆင်ကာကွယ်ခြင်းလုပ်ငန်းများ ဆောင်ရွက်တတ်ကြစေရန်နှင့် ရင်ဆိုင်ကြုံတွေ့လာရချိန်တွင် ပျက်စီးဆုံးရှုံးမှုနှင့် အသက်ဆုံးရှုံးမှုလျော့နည်းစေရန် ပိုမိုကောင်းမွန်သော တုံ့ပြန်မှုကိုဆောင်ရွက်နိုင်ရန်၊ ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်များကို ကူညီကာကွယ်စောင့်ရှောက်နိုင်ရန်၊ သဘာဝဘေးအန္တရာယ်များနှင့် ပတ်သက်၍ စီမံခန့်ခွဲမှုလုပ်ငန်းများ ပိုမိုထိရောက်စွာဆောင်ရွက်ကာ ကြိုတင်ပြင်ဆင်လုပ်ဆောင်ရမည့် နည်းလမ်းများကို သိရှိစေရန်၊ သဘာဝဘေးအန္တရာယ်များ ကျရောက်လာပါက အခြေခံကျသည့် ရပ်ရွာများမှ အချိန်နှင့်တစ်ပြေးညီ တုံ့ပြန်မှုလုပ်ငန်းများဆောင်ရွက်နိုင်မည့် ရပ်ကွက်၊ ကျေးရွာစွမ်းအားစုများ



ပေါ်ထွက်လာရေး ရည်ရွယ်ကာ ကော့သောင်းမြို့နယ်အတွင်းရှိ ရပ်ကွက်နှင့်ကျေးရွာများမှ သင်တန်းသား ၃၀ ကို သုံးရက်တာ ပို့ချသင်ကြားပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၁၃ ဦးတွေ့ရှိ၊ ရောဂါပိုးတွေ့ရှိမှုရာခိုင်နှုန်းမှာ သုည ဒသမ ၂၁ ရာခိုင်နှုန်းရှိ

## ကိုဗစ်-၁၉ ရောဂါစောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း (၁၃-၇-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံအတွင်း ကူးစက်ဖြစ်ပွားနေသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ကုသ၊ ထိန်းချုပ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပြတ် ဆောင်ရွက်လျက်ရှိရာ ရောဂါထိန်းချုပ်ရေးလုပ်ငန်းများ အောင်မြင်နိုင်ရေးအတွက် **ပြည်သူလူထုအနေဖြင့် ကျန်းမာရေးဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော ကိုဗစ်-၁၉ ရောဂါကာကွယ်ထိန်းချုပ်ရေးဆိုင်ရာ စည်းကမ်းများကို စနစ်တကျလိုက်နာဆောင်ရွက်ရန် လိုအပ်ပြီး ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံမှုခံယူခြင်းအား အထူးဂရုပြု ပူးပေါင်းဆောင်ရွက်ကြရန်** လိုအပ်ပါသည်။

ကိုဗစ်-၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအား ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစစ်ဆေးခြင်း ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၁၂-၇-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၁၃-၇-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၆,၂၈၃) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၁၃) ဦး တွေ့ရှိရပါသည်။ ထို့ကြောင့် ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှုရာခိုင်နှုန်းမှာ (၀.၂၁) ရာခိုင်နှုန်း ရှိပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၈,၄၃၇,၁၉၈) ခုအားစစ်ဆေးခဲ့ပြီး ကိုဗစ်-၁၉ ဓာတ်ခွဲအတည်ပြုလူနာစုစုပေါင်း (၆၁၃,၇၇၃) ဦး ရှိပြီဖြစ်ပါသည်။

ဓာတ်ခွဲအတည်ပြုလူနာများအား နေအိမ်တွင် သီးခြားထားရှိခြင်းနှင့် ဆေးရုံများတွင် သီးခြားထားရှိကုသမှုပေးခြင်းများဆောင်ရွက်ခဲ့ရာ ယနေ့တွင် ပြန်လည်ကောင်းမွန်လာသူ (၈) ဦးရှိသဖြင့် ယနေ့အထိ ပြန်လည်ကောင်းမွန်လာသူ စုစုပေါင်း (၅၉၂,၆၇၉) ဦး ရှိပြီဖြစ်ပါသည်။ ယနေ့တွင်လည်း ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူမရှိသဖြင့် ယနေ့အထိသေဆုံးသူစုစုပေါင်း (၁၉,၄၃၄) ဦး ရှိပါသည်။

ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးအတွက် တိုင်းဒေသကြီး/ပြည်နယ်များတွင် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးကို ဦးတည်အုပ်စုများသတ်မှတ်၍ ထိုးနှံပေးလျက်ရှိရာ (၁၂-၇-၂၀၂၂) ရက်နေ့အထိ အသက် (၁၈) နှစ်နှင့်အထက် လူဦးရေစုစုပေါင်း (၂၉,၉၇၄,၃၇၄) ဦးနှင့် အသက် (၁၈) နှစ်အောက် လူဦးရေစုစုပေါင်း (၅,၇၂၉,၂၃၄) ဦးတို့အား ထိုးနှံထားရှိပြီး ဖြစ်ပါသည်။

- ကာကွယ်ဆေးအကြိမ်ပြည့်ထိုးနှံမှု ခံယူထားခြင်းဖြင့် ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးရမှုကို ၇ ဆခန့်အထိ လျှော့ချနိုင်သည်ကို တွေ့ရှိရပါသည်။ လူတိုင်းစေ့ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးကို အကြိမ်ပြည့် ထိုးနှံထားရှိရန်လိုအပ်သကဲ့သို့ ကိုယ်ဝန်ဆောင်နှင့် နို့တိုက်မိခင်များ၊ သွေးတိုး၊ နှလုံး၊ ဆီးချိုအစရှိသည့် နာတာရှည်ရောဂါရှိသူများသည်လည်း ကာကွယ်ဆေး အကြိမ်ပြည့်ထိုးနှံကြရန် အထူးလိုအပ်ပါသည်။
- နိုင်ငံတကာခရီးသွားကဏ္ဍတွင် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး အကြိမ်ပြည့်ထိုးနှံမှု ခံယူထားသူများအား ကိုဗစ်-၁၉ ရောဂါဆိုင်ရာ ကန့်သတ်ချက်များနှင့်ပတ်သက်၍ ဖြေလျှော့ပေးခြင်းများစွာ ဆောင်ရွက်လျက်ရှိပါသည်။
- ကျန်းမာရေးဝန်ကြီးဌာနသည် အသက် ၁၅ နှစ်နှင့်အထက် ပြည်သူများအားလုံးနှင့် အသက် ၅ နှစ်မှ အသက် ၁၈ နှစ်အထိ အခြေခံပညာ ကျောင်းသား/ ကျောင်းသူများကို ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး အခမဲ့ထိုးနှံပေးလျက်ရှိခြင်းနှင့် အသက် ၁၈ နှစ်နှင့်အထက် ကာကွယ်ဆေး အကြိမ်ပြည့်ထိုးနှံပြီးစီးမှုကာလ ၆ လနှင့်အထက်ရှိသော ပြည်သူများအား ထပ်ဆောင်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး အခမဲ့ထိုးနှံပေးလျက်ရှိပါ၍ ပြည်သူများအနေဖြင့် နီးစပ်ရာကျန်းမာရေး ဌာနများ၊ ကျေးရွာ/ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးများနှင့်ဆက်သွယ်၍ ကာကွယ်ဆေးထိုးနှံမှုကို မပျက်မကွက် ခံယူကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။
- ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ www.moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

## ဓာတ်ခွဲခန်းများနှင့် တိုင်းဒေသကြီး / ပြည်နယ်များတွင် ဓာတ်ခွဲစစ်ဆေးမှု အခြေအနေ (၁၃-၇-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ

| ဓာတ်ခွဲဌာနအမည် | စစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း | ပိုးတွေ့ လူနာသစ် |
|---|---|---|
| ကျန်းမာရေးဝန်ကြီးဌာန၊ ဓာတ်ခွဲခန်းများ | (၁၈၃) ခု | (၂) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် GeneXpert စက်များဖြင့် ဓာတ်ခွဲစစ်ဆေးမှုအခြေအနေ | (၁) ခု | - |
| တပ်မတော်ဆေးရုံကြီးများ၏ ဓာတ်ခွဲခန်းများတွင် ဓာတ်ခွဲစစ်ဆေးမှုအခြေအနေ | (၂၃၃) ခု | - |
| ပုဂ္ဂလိကဆေးရုံနှင့် ဓာတ်ခွဲခန်းများ | (၇၆၂) ခု | (၂) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၅၀၃) ခု | - |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၄,၆၀၁) ခု | (၉) ဦး |
| စုစုပေါင်း | (၆,၂၈၃) ခု | (၁၃) ဦး |

## ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပြီးစီးမှု (၁၂-၇-၂၀၂၂ ရက်နေ့အထိ)

| | |
|---|---|
| အသက် (၁၈)နှစ်နှင့်အထက် ထိုးနှံထားသည့် လူဦးရေစုစုပေါင်း | ၂၉,၉၇၄,၃၇၄ |
| အသက် (၁၈)နှစ်အောက် ထိုးနှံထားသည့် လူဦးရေစုစုပေါင်း | ၅,၇၂၉,၂၃၄ |

## ကမ္ဘာ့နိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ ကူးစက် / သေဆုံးမှု အများဆုံး ၁၀ နိုင်ငံ

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၉၀၆၈၃၂၂၃ | ၈၆၁၃၇၅၄၆ | ၁၀၄၆၆၁၃ |
| ၂။ | အိန္ဒိယ | ၄၃၆၇၂၁၅၅ | ၄၃၀၁၁၈၇၄ | ၅၂၅၅၁၉ |
| ၃။ | ဘရာဇီး | ၃၃၀၀၅၂၇၈ | ၃၁၃၄၆၁၁၁ | ၆၇၄၁၆၆ |
| ၄။ | ပြင်သစ် | ၃၂၅၄၈၉၄၇ | ၃၀၂၀၄၂၉၄ | ၁၅၀၃၀၅ |
| ၅။ | ဂျာမနီ | ၂၉၃၀၈၁၀၀ | ၂၇၄၈၆၃၀၀ | ၁၄၂၁၃၉ |
| ၆။ | ဗြိတိန် | ၂၂၈၈၃၉၉၅ | ၂၂၂၉၄၂၉၈ | ၁၈၀၇၁၈ |
| ၇။ | အီတလီ | ၁၉၆၆၇၃၂၀ | ၁၈၁၄၇၄၄၉ | ၁၆၉၃၉၀ |
| ၈။ | တောင်ကိုရီးယား | ၁၈၆၀၂၁၀၉ | ၁၈၂၉၅၁၀၅ | ၂၄၆၈၀ |
| ၉။ | ရုရှား | ၁၈၄၇၂၂၃၉ | ၁၇၈၉၇၄၂၈ | ၃၈၁၇၁၁ |
| ၁၀။ | တူကီယဲ | ၁၅၁၈၀၄၄၄ | ၁၅၀၃၅၇၂၇ | ၉၉၀၅၇ |

## အာဆီယံနိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ သတင်းထုတ်ပြန်ချက်

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | ဗီယက်နမ် | ၁၀၇၅၇၂၅၇ | ၉၇၈၅၂၅၅ | ၄၃၀၉၀ |
| ၂။ | အင်ဒိုနီးရှား | ၆၁၂၀၁၆၉ | ၅၉၃၉၅၆၄ | ၁၅၆၈၁၈ |
| ၃။ | မလေးရှား | ၄၆၀၀၇၃၆ | ၄၅၂၉၂၀၁ | ၃၅၈၁၉ |
| ၄။ | ထိုင်း | ၄၅၅၀၉၂၄ | ၄၄၉၅၉၃၅ | ၃၀၉၁၀ |
| ၅။ | ဖိလစ်ပိုင် | ၃၇၂၃၀၁၄ | ၃၆၄၇၅၁၂ | ၆၀၆၄၀ |
| ၆။ | စင်ကာပူ | ၁၅၄၀၇၇၈ | ၁၄၄၀၅၈၀ | ၁၄၃၇ |
| ၇။ | မြန်မာ | ၆၁၃၇၇၃ | ၅၉၂၆၇၉ | ၁၉၄၃၄ |
| ၈။ | လာအို | ၂၁၀၄၀၁ | ၂၀၈၃၄၄ | ၇၅၇ |
| ၉။ | ဘရူနိုင်း | ၁၇၈၂၆၇ | ၁၆၄၁၁၆ | ၂၂၅ |
| ၁၀။ | ကမ္ဘောဒီးယား | ၁၃၆၃၉၀ | ၁၃၃၂၅၈ | ၃၀၅၆ |

# သီရိလင်္ကာနိုင်ငံ၌ စီးပွားရေးအကျပ်အတည်းကြောင့် ဆန္ဒပြမှုများရှိနေစဉ် သမ္မတ ဂိုတာဘာယာရာဂျာပက်ဆာ နိုင်ငံအတွင်းမှ ထွက်ပြေးတိမ်းရှောင်

ကိုလံဘို ဇူလိုင် ၁၃

သီရိလင်္ကာနိုင်ငံ၌ စီးပွားရေးအကျပ်အတည်း ဖြစ်ပေါ်နေခြင်းကြောင့် ဆန္ဒပြမှုအများအပြားရှိနေစဉ်မှာပင် သီရိလင်္ကာနိုင်ငံသမ္မတ ဂိုတာဘာယာရာဂျာပက်ဆာသည် စစ်ဘက်သုံးဂျက်လေယာဉ်ကို အသုံးပြုကာ နိုင်ငံအတွင်းမှ ထွက်ပြေးတိမ်းရှောင်သွားကြောင်း ယနေ့ဘီဘီစီသတင်းတစ်ရပ်အရ သိရသည်။




## အတည်ပြုပြောကြား

အသက် ၇၃ နှစ်အရွယ်ရှိ သမ္မတ ဂိုတာဘာယာရာဂျာပက်ဆာသည် ၎င်း၏ဇနီးနှင့် လုံခြုံရေးအရာရှိနှစ်ဦးတို့နှင့်အတူ မော်လ်ဒိုက်နိုင်ငံသို့ ထွက်ပြေးတိမ်းရှောင်သွားခဲ့ကြောင်း သီရိလင်္ကာလေတပ်က အတည်ပြုပြောကြားသည်။

သမ္မတဂိုတာဘာယာရာဂျာပက်ဆာ နိုင်ငံ၌ မရှိတော့ခြင်းကြောင့် သီရိလင်္ကာနိုင်ငံ ဝန်ကြီးချုပ် ဝစ်ကရီမီဆင်းအား ယာယီသမ္မတအဖြစ် ခန့်အပ်ထားကြောင်း သိရသည်။ မစ္စတာရာဂျာပက်ဆာ နိုင်ငံအတွင်းမှ ထွက်ခွာသွားခြင်းသည် သီရိလင်္ကာနိုင်ငံ၏ နိုင်ငံရေးနယ်ပယ်ကို ဆယ်စုနှစ်နှစ်ခုကြာ လွှမ်းမိုးထားခဲ့သည့် မိသားစုတစ်ခု၏ မျိုးဆက်ဆက်ခံမှုသည်လည်း အဆုံးသတ်သွားခဲ့ခြင်းဖြစ်သည်။

သီရိလင်္ကာသမ္မတသည် ဇူလိုင် ၉ ရက်တွင် ၎င်း၏နေအိမ်သို့ သီရိလင်္ကာဆန္ဒပြပြည်သူအများအပြား ဝင်ရောက်စီးနင်းခဲ့ပြီးနောက် ပုန်းအောင်းနေခဲ့ကြောင်းနှင့် ဇူလိုင် ၁၃ ရက်တွင် သမ္မတရာထူးမှ နုတ်ထွက်ရန် ကတိပြုခဲ့ကြောင်း သိရသည်။

မစ္စတာ ရာဂျာပက်ဆာသည် ကနဦးထွက်ပြေးတိမ်းရှောင်သွားခဲ့သည့်နေရာဖြစ်သော မော်လ်ဒိုက်နိုင်ငံ၌ ဆက်လက်ရှိနေမည်မဟုတ်ဘဲ တတိယနိုင်ငံတစ်နိုင်ငံသို့ ဆက်လက်သွားရောက်ရန် ရည်ရွယ်ထားကြောင်း သတင်းအရင်းအမြစ်တစ်ခုက ဘီဘီစီသို့ ပြောကြားသည်။

သီရိလင်္ကာသမ္မတဂိုတာဘာယာရာဂျာပက်ဆာ၏ အစ်ကိုဖြစ်သူ ဘဏ္ဍာရေးဝန်ကြီးဟောင်း ဘာဆီလ် ရာဂျာပက်ဆာသည်လည်း သီရိလင်္ကာနိုင်ငံမှထွက်ခွာသွားပြီး အမေရိကန်နိုင်ငံသို့ သွားရောက်မည်ဖြစ်ကြောင်း သိရသည်။

အဆိုပါသတင်းများကို သီရိလင်္ကာနိုင်ငံသားများ ကြားသိရချိန်တွင် မြို့တော်ကိုလံဘို၌ ပြည်သူထောင်ပေါင်းများစွာ လမ်းမများပေါ် ထွက်ခဲ့ကြကြောင်း သိရသည်။ အများစုသည်လည်း မြို့တော်ကိုလံဘို၏ အဓိကဆန္ဒပြရာနေရာဖြစ်သည့် Galle Face Green နေရာတွင် စုဝေးရောက်ရှိလာခဲ့ကြကြောင်း သိရသည်။

ထို့ကြောင့် သီရိလင်္ကာဝန်ကြီးချုပ် ဝစ်ကရီမီဆင်းသည် နိုင်ငံတစ်ဝန်းအရေးပေါ်အခြေအနေကြေညာခဲ့ပြီး အနောက်ပိုင်းပြည်နယ်တွင် ညမထွက်ရအမိန့်ပါ ထုတ်ပြန်ခဲ့ကြောင်း ဝန်ကြီးချုပ်ရုံးမှ ပြောရေးဆိုခွင့်ရှိသူ တစ်ဦးက ပြောကြားသည်။

ထို့ပြင် သီရိလင်္ကာရဲတပ်ဖွဲ့ကလည်း ဝန်ကြီးချုပ်ရုံးအနီးနှင့် ပါလီမန်ဆီသို့ ဦးတည်လမ်းလျှောက်ကာ ဆန္ဒပြလျက်ရှိသည့်လူအုပ်ကိုလည်း မျက်ရည်ယိုဗုံးများဖြင့် လူစုခွဲခဲ့ကြောင်း သိရသည်။

**ကိုးကား-ဘီဘီစီ**
**ဘာသာပြန်-အလင်းသစ်**

# အမေရိကန်နိုင်ငံ၌ BA.4 နှင့် BA.5 ဗီဇပြောင်းဗိုင်းရပ်စ်ကူးစက်ခံရသူ ၈၀ ရာခိုင်နှုန်းကျော်ရှိလာ

လော့စ်အိန်ဂျလိစ် ဇူလိုင် ၁၃

အမေရိကန်နိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူများ၏ ၈၀ ရာခိုင်နှုန်းကျော်မှာ အိုမီခရွန် ဗီဇပြောင်း BA.4 နှင့် BA.5 အမျိုးအစား ဗိုင်းရပ်စ်ကူးစက်ခံရသူများဖြစ်ကြောင်း အမေရိကန်ရောဂါကာကွယ်ရေးနှင့် ထိန်းချုပ်ရေးအေဂျင်စီမှ ရရှိသည့် အချက်အလက်များအရ သိရသည်။

ဇူလိုင် ၉ ရက်အထိရရှိသည့် အချက်အလက်များအရ နိုင်ငံအတွင်း BA.5 အမျိုးအစား ဗီဇပြောင်းဗိုင်းရပ်စ်ကူးစက်ခံရသူ ၆၅ ရာခိုင်နှုန်းရှိပြီး BA.4 အမျိုးအစား ဗီဇပြောင်း ဗိုင်းရပ်စ်ကူးစက်ခံရသူ ၁၆ ဒသမ ၃ ရာခိုင်နှုန်းရှိကြောင်း သိရသည်။ ၎င်းဗီဇပြောင်းဗိုင်းရပ်စ်များသည် အခြားဗီဇပြောင်းဗိုင်းရပ်စ်များထက် ရောဂါခံစားရမှု မြင့်မားပြီး ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများ၏ ရောဂါခုခံနိုင်စွမ်းအားကိုလျော့နည်းစေကြောင်း သိရသည်။

ယခုအချိန်တွင် နိုင်ငံအတွင်း၌ ကိုဗစ်-၁၉ ရောဂါကူးစက်သူအရေအတွက် မြင့်မားနေပြီး နွေရာသီတွင်လည်းထပ်မံ၍ မြင့်တက်လာမည်ဖြစ်ကြောင်း ကိုလံဘီယာတက္ကသိုလ် ဖွံ့ဖြိုးတိုးတက်ရေးဌာနမှ ညွှန်ကြားရေးမှူး ဂျက်ဖရီဆေးက ပြောကြားသည်။ လက်ရှိကျင့်သုံးလျက်ရှိသည့် ကိုဗစ်-၁၉ ရောဂါဆိုင်ရာ ကျန်းမာရေး စည်းမျဉ်းများဖြစ်သည့် နှာခေါင်းစည်းဝတ်ဆင်ခြင်း၊ လူအများအပြားရှိသည့် နေရာ များကို ရှောင်ရှားခြင်းနှင့် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး အပိုဆောင်းထိုးနှံမှုခံယူခြင်း တို့သည် BA.4 နှင့်BA.5 ဗီဇပြောင်းဗိုင်းရပ်စ်များကြောင့်ဖြစ်သည့် ရောဂါခံစားရခြင်းနှင့် သေဆုံးခြင်းတို့ကို လျော့နည်းစေကြောင်းသိရသည်။ **ကိုးကား-ဆင်ဟွာ၊ ဘာသာပြန်-စိုးသူရ**




# လောင်စာဆီ တိုးမြှင့်ထုတ်လုပ်ရေးဆွေးနွေးရန် ဆော်ဒီအာရေဗျနိုင်ငံသို့ အမေရိကန်သမ္မတဂျိုးဘိုင်ဒင် ထွက်ခွာ

ဝါရှင်တန် ဇူလိုင် ၁၃

အမေရိကန်သမ္မတ ဂျိုးဘိုင်ဒင်က လောင်စာဆီ တိုးမြှင့်ထုတ်လုပ်ရေးဆိုင်ရာကိစ္စရပ်များဆွေးနွေးရန် ဆော်ဒီအာရေဗျနိုင်ငံသို့ ယနေ့ထွက်ခွာသွားခဲ့ကြောင်း သိရသည်။

အဆိုပါခရီးစဉ်အတွင်း အမေရိကန်သမ္မတဂျိုးဘိုင်ဒင်က လောင်စာဆီများ ပိုမိုတိုးမြှင့်ထုတ်လုပ်ရေးအတွက် ရေနံထုတ်လုပ်သည့်နိုင်ငံများမှ ခေါင်းဆောင်များအား တောင်းဆိုသွားမည်ဖြစ်ကြောင်း သိရသည်။



သမ္မတဂျိုးဘိုင်ဒင်သည် ဝါရှင်တန်မြို့အနီး ကာကွယ်ရေးစခန်းတစ်ခုမှ အရှေ့အလယ်ပိုင်းဒေသသို့ ယနေ့ထွက်ခွာသွားခဲ့သည်။

ယခုခရီးစဉ်သည် သမ္မတ ဂျိုးဘိုင်ဒင် ရာထူးအာဏာစတင်ရရှိသည့် အချိန်မှစပြီး အရှေ့အလယ်ပိုင်းဒေသသို့ သွားရောက်သည့် ပထမဆုံးခရီးစဉ်ဖြစ် သည်။

အစ္စရေးနှင့် အနောက်ဘက်ကမ်းရှိ ပါလက်စတိုင်း ဒေသများသို့လည်း သွားရောက်မည်ဖြစ်ကြောင်း သိရသည်။

ထို့ပြင် ဆော်ဒီအာရေဗျနိုင်ငံတွင် ကျင်းပမည့် ပင်လယ်ကွေ့နိုင်ငံများ အစည်းအဝေးသို့လည်း တက်ရောက်မည်ဖြစ်သည်။

ဆော်ဒီသတင်းထောက် တစ်ဦး လုပ်ကြံသတ်ဖြတ်ခြင်းခံခဲ့ရသည့် ကိစ္စရပ်နှင့်ပတ်သက်ပြီး ဂျိုးဘိုင်ဒင်က ဆော်ဒီခေါင်းဆောင်များ၏ လုပ်ရပ်အပေါ် ရှုတ်ချခဲ့ဖူးသည့်အတွက် သမ္မတဂျိုးဘိုင်ဒင်၏ ယခုခရီးစဉ်အပေါ် ဝေဖန်မှုများလည်း မြင့်တက်လျက်ရှိကြောင်း သိရသည်။

ယခုဆော်ဒီခရီးစဉ်အပေါ် ဝေဖန်မှုများရှိနေမည်ကို နားလည်ပါကြောင်းနှင့် လူ့အခွင့်အရေးအပေါ်၎င်း၏ ထင်မြင်ချက်များမှာ ရှင်းလင်းပါကြောင်း သမ္မတဂျိုးဘိုင်ဒင်က ဝါရှင်တန်ပို့စ်သတင်းစာသို့ ပြောကြားခဲ့သည်။

လာမည့်နှစ်လယ် ရွေးကောက်ပွဲကျင်းပရန် နီးကပ်နေစဉ် လက်ရှိအချိန်တွင် ဓာတ်ငွေ့ဈေးနှုန်းများ မြင့်တက်လျက်ရှိသည့်အပေါ် ပြည်သူများက ကျေနပ်မှုမရှိသည့်အတွက် ရေနံထုတ်လုပ်သည့်နိုင်ငံများမှခေါင်းဆောင်များအား လူကိုယ်တိုင်တွေ့ဆုံရန် သမ္မတဂျိုးဘိုင်ဒင်က စိတ်အားထက်သန်လျက်ရှိသည်။

ရေနံဈေးနှုန်းများ လျော့ကျစေရန် မည်သည့်နည်းလမ်းကိုမဆို သမ္မတဂျိုးဘိုင်ဒင်က ကျင့်သုံးသွားနိုင်ဖွယ်ရှိကြောင်း အိမ်ဖြူတော်အမျိုးသားလုံခြုံရေး အကြံပေး ဂျိုက်ဆူလီဗန်က ဆိုသည်။

ဂျိုးဘိုင်ဒင်၏ခရီးစဉ်သည် ကမ္ဘာ့ရေနံဈေးနှုန်းများ လျော့ကျလာစေရေးအတွက် မည်သို့ အထောက်အပံ့ပြုမည်ဆိုသည်ကိုမူ ဆက်လက်စောင့်ကြည့်ရမည်ဖြစ်ကြောင်း နိုင်ငံရေးကျွမ်းကျင်ပညာရှင်များကဆိုသည်။

**ကိုးကား- အင်န်အိတ်ချ်ကေ**
**ဘာသာပြန်- အောင်ကျော်ကျော်**

# တောင်ကိုရီးယားနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၄၀၂၆၆ ဦးထပ်မံတွေ့ရှိ

ဆိုးလ် ဇူလိုင် ၁၃

တောင်ကိုရီးယားနိုင်ငံ၌ လွန်ခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၄၀၂၆၆ ဦးထပ်မံတွေ့ရှိခြင်းကြောင့် နိုင်ငံတစ်ဝန်းတွင် ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူစုစုပေါင်း ၁၈၆၀၂၁၀၉ ဦး ရှိလာကြောင်း တောင်ကိုရီးယားကျန်းမာရေးအာဏာပိုင်များက ယနေ့တွင် ပြောကြားသည်။

ပြီးခဲ့သည့်သီတင်းပတ်အစောပိုင်းက နေ့စဉ် ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၁၉၆၃၂ ဦးရှိခဲ့ခြင်းကြောင့် လက်ရှိတွင် နေ့စဉ်ကူးစက်မှုနှစ်ဆအထိ မြင့်တက်လာကြောင်း တောင်ကိုရီးယားနိုင်ငံ ရောဂါထိန်းချုပ်ရေးနှင့် ကာကွယ်ရေးအေဂျင်စီက ပြောကြားသည်။

လွန်ခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူများအနက် ၃၉၈ ဦးသည် ပြည်ပမှ ပြန်လည်ရောက်ရှိလာသူများဖြစ်ကြောင်း သိရသည်။

ထို့ပြင် လွန်ခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူ ၁၂ ဦး ထပ်မံတွေ့ရှိခြင်းကြောင့် အဆိုပါရောဂါကြောင့် သေဆုံးသူပေါင်း ၂၄၆၈၀ ရှိလာကြောင်း တောင်ကိုရီးယား ကျန်းမာရေးအာဏာပိုင်များက ပြောကြားသည်။

**ကိုးကား-ဆင်ဟွာ၊ ဘာသာပြန်-အလင်းသစ်**



အာဇာနည်ဗိမာန်သို့ လာရောက်ကြမည့် ပြည်သူများအနေဖြင့် Drone ယာဉ်များ ယူဆောင်လာခြင်း၊ လွှတ်တင်ခြင်းများ မပြုလုပ်ရန် ကြိုတင်အသိပေးကြေညာခြင်း






## ဗိုလ်ချုပ်အောင်ဆန်းပြတိုက်သို့ လာရောက်မည့် မိဘပြည်သူများ လိုက်နာဆောင်ရွက်နိုင်ပါရန် မေတ္တာရပ်ခံပန်ကြားခြင်း

❖ ဘောလ်ပင်အမျိုးမျိုး၊ လက်ကိုင်ဖုန်းအမျိုးမျိုး၊ အလံအမျိုးမျိုး၊ လက်ကိုင်အိတ်အမျိုးမျိုး၊ ကင်မရာအမျိုးမျိုး၊ မီးခြစ်အမျိုးမျိုး၊ ပန်းခွေ/ပန်းစည်း/ပန်းခြင်းအမျိုးမျိုး၊ ဗီနိုင်းစအမျိုးမျိုး၊ ပုလင်း/ဘူးအမျိုးမျိုး၊ အလံကိုင်ဆောင်ရာတွင်အသုံးပြုသည့် တုတ်နှင့်ကော်ပိုက်/ သံပိုက်များ ယူဆောင်၍ ဗိုလ်ချုပ်အောင်ဆန်းပြတိုက်အတွင်းသို့ ဝင်ရောက်ခွင့် မပြုပါ။

❖ လာရောက်သူများအားလုံး နှာခေါင်းစည်း(Mask)များ မပျက်မကွက် စနစ်တကျ တပ်ဆင်ရန်။

❖ သတ်မှတ်ပေးထားသောနေရာများတွင်စနစ်တကျလက်ဆေးခြင်း၊ အသင့်စီစဉ်ပေးထားသော Hand Sanitizer သုတ်လိမ်းခြင်းတို့ကို ဆောင်ရွက်ပြီးမှသာ ဝင်ရောက်ရန်။

❖ ဗဟန်းမြို့နယ်၊ နတ်မောက်လမ်းနှင့် ဗိုလ်ချိုလမ်းဆုံတွင် ကိုယ်အပူချိန်တိုင်းတာခြင်း အပါအဝင် ကျန်းမာရေးဆိုင်ရာ စစ်ဆေးမှုများနှင့် အမည်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်၊ နေရပ်လိပ်စာ၊ တယ်လီဖုန်းနံပါတ်စသည်တို့ကို ပြည့်စုံမှန်ကန်စွာ စာရင်းပေးသွင်းရန်၊ နိုင်ငံသားစိစစ်ရေးကတ်(သို့မဟုတ်)ဝန်ထမ်းကတ် (သို့မဟုတ်) ကျောင်းသားကတ်(သို့မဟုတ်) ကိုယ်ရေးအချက်အလက် စိစစ်နိုင်သည့် အသိအမှတ်ပြု ကတ်ပြားယူဆောင်လာပါရန်။

❖ ကျန်းမာရေးဝန်ကြီးဌာနမှ သတ်မှတ်ထားသော Social/Physical Distancing နှင့်အညီ ရှေ့နောက်၊ ဘေးတိုက် အကွာအဝေးများကို (၆)ပေအကွာအဝေးအတိုင်း လိုက်နာနိုင်ရန်နှင့် နေရာများအလိုက် တာဝန်ရှိသူများ၏ စီစဉ်ဆောင်ရွက်မှုကို ပူးပေါင်းပါဝင်ရန်။

❖ ကိုယ်အပူချိန်မြင့်ခြင်း (အပူချိန် ၃၈ ဒီဂရီစင်တီဂရိတ်/၁၀၀.၄ ဒီဂရီဖာရင်ဟိုက်)၊ချောင်းဆိုးခြင်း၊ အသက်ရှူရခက်ခဲခြင်း၊ အားအင်ကုန်ခန်းခြင်းအပါအဝင် သံသယဖြစ်ဖွယ်လက္ခဏာများ စစ်ဆေးတွေ့ရှိရပါက သက်ဆိုင်ရာ၏ အကြံပြုချက်အတိုင်း လိုက်နာဆောင်ရွက်ရန်။

❖ ဗိုလ်ချုပ်အောင်ဆန်းပြတိုက်တွင် တာဝန်ထမ်းဆောင်နေကြသူများ၏ စီစဉ်ဆောင်ရွက်ပေးမှုနှင့်အညီ လိုက်နာဆောင်ရွက်ရန်။

❖ ဗိုလ်ချုပ်အောင်ဆန်းပြတိုက်သို့ လာရောက်လေ့လာသူများအနေဖြင့် တစ်ဦးနှင့်တစ်ဦး (၆)ပေခြား၍ စီတန်းပြီး ပြတိုက်အတွင်း ခွင့်ပြုသည့်အရေအတွက်အတိုင်း ဝင်ရောက်လေ့လာရန်နှင့် တစ်ဦးနှင့်တစ်ဦး (၆)ပေခြားဖြင့်သာ ပြန်လည်ထွက်ခွာရန်။

❖ ကျန်းမာရေးဝန်ကြီးဌာနမှ အချိန်နှင့်တစ်ပြေးညီ ထုတ်ပြန်ပေးနေသည့် (Covid-19)ဆိုင်ရာ ကျန်းမာရေးအသိပေးချက်၊သတိပေးချက်များကို တိကျစွာလိုက်နာဆောင်ရွက်ရန်။

❖ သက်ကြီးရွယ်အိုများ၊ နာတာရှည်ရောဂါရှိသူများအနေဖြင့် လုံးဝ(လုံးဝ) လာရောက်ခြင်းမပြုရန်။

❖ ဖျားခြင်း၊ ချောင်းဆိုးခြင်း၊ အသက်ရှူရခက်ခဲခြင်း၊ အင်အားကုန်ခန်းခြင်းစသည့် ရောဂါလက္ခဏာများဖြစ်ပွားနေပါက လုံးဝ(လုံးဝ)လာရောက်ခြင်းမပြုရန်။

## အာဇာနည်ဗိမာန်သို့ လာရောက်ဂါရဝပြုမည့် မိဘပြည်သူများ လိုက်နာဆောင်ရွက်နိုင်ပါရန် မေတ္တာရပ်ခံပန်ကြားခြင်း

❖ ဘောလ်ပင်အမျိုးမျိုး၊ လက်ကိုင်ဖုန်းအမျိုးမျိုး၊ အလံအမျိုးမျိုး၊ လက်ကိုင်အိတ်အမျိုးမျိုး၊ ကင်မရာအမျိုးမျိုး၊ မီးခြစ်အမျိုးမျိုး၊ ပန်းခွေ/ပန်းစည်း/ပန်းခြင်းအမျိုးမျိုး၊ ဗီနိုင်းစအမျိုးမျိုး၊ ပုလင်း/ဘူးအမျိုးမျိုး၊ အလံကိုင်ဆောင်ရာတွင်အသုံးပြုသည့် တုတ်နှင့်ကော်ပိုက်/ သံပိုက်များယူဆောင်၍ အာဇာနည်ဗိမာန် အတွင်းသို့ ဝင်ရောက်ခွင့်မပြုပါ။

❖ လာရောက်သူများအားလုံး နှာခေါင်းစည်း(Mask)များ မပျက်မကွက်စနစ်တကျတပ်ဆင်ရန်၊ သတ်မှတ်ပေးထားသောနေရာများတွင် စနစ်တကျလက်ဆေးခြင်း၊ အသင့်စီစဉ်ပေးထားသော Hand Sanitizer သုတ်လိမ်းခြင်းတို့ကို ဆောင်ရွက်ပြီးမှသာ ဝင်ရောက်ရန်။

❖ ဗဟန်းမြို့နယ်၊ လင့်ခ်လမ်းတွင် ကိုယ်အပူချိန်တိုင်းတာခြင်းအပါအဝင် ကျန်းမာရေးဆိုင်ရာ စစ်ဆေးမှုများနှင့် အမည်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်၊ နေရပ်လိပ်စာ၊ တယ်လီဖုန်းနံပါတ်စသည်တို့ကို ပြည့်စုံမှန်ကန်စွာ စာရင်းပေးသွင်းရန်၊ နိုင်ငံသားစိစစ်ရေးကတ် (သို့မဟုတ်) ဝန်ထမ်းကတ် (သို့မဟုတ်) ကျောင်းသားကတ် (သို့မဟုတ်) ကိုယ်ရေးအချက်အလက်စိစစ်နိုင်သည့် အသိအမှတ်ပြုကတ်ပြား ယူဆောင်လာပါရန်။

❖ ကျန်းမာရေးဝန်ကြီးဌာနမှ သတ်မှတ်ထားသော Social/Physical Distancing နှင့်အညီ ရှေ့နောက်၊ ဘေးတိုက်အကွာအဝေးများကို (၆)ပေအကွာအဝေးအတိုင်း လိုက်နာနိုင်ရန်နှင့် နေရာများအလိုက် တာဝန်ရှိသူများ၏ စီစဉ်ဆောင်ရွက်မှုကို ပူးပေါင်းပါဝင်ရန်။

❖ ကိုယ်အပူချိန်မြင့်ခြင်း (အပူချိန် ၃၈ ဒီဂရီစင်တီဂရိတ်/၁၀၀.၄ ဒီဂရီဖာရင်ဟိုက်)၊ ချောင်းဆိုးခြင်း၊ အသက်ရှူရခက်ခဲခြင်း၊ အားအင်ကုန်ခန်းခြင်းအပါအဝင် သံသယဖြစ်ဖွယ်လက္ခဏာများ စစ်ဆေးတွေ့ရှိရပါက သက်ဆိုင်ရာ၏ အကြံပြုချက်အတိုင်း လိုက်နာဆောင်ရွက်ရန်။

❖ အာဇာနည်ဗိမာန်တွင် တာဝန်ထမ်းဆောင်နေကြသူများ၏ စီစဉ်ဆောင်ရွက်ပေးမှုနှင့်အညီ လိုက်နာဆောင်ရွက်ရန်။

❖ အာဇာနည်ဗိမာန် ရင်ပြင်ပေါ်တွင် ဂါရဝပြုသူများအနေဖြင့် တစ်ဦးနှင့် တစ်ဦး (၆)ပေခြား၍ (၁)ကြိမ်လျှင် (၁၀)ဦးစီဖြင့် သတ်မှတ်နေရာတွင် ဂါရဝပြုအလေးပြုရန်နှင့် ပြန်လည်ထွက်ခွာရာတွင်လည်း တစ်ဦးနှင့် တစ်ဦး (၆)ပေခြားဖြင့်သာ ပြန်လည်ထွက်ခွာရန်။

❖ ကျန်းမာရေးဝန်ကြီးဌာနမှ အချိန်နှင့်တစ်ပြေးညီ ထုတ်ပြန်ပေးနေသည့် (Covid–19)ဆိုင်ရာ ကျန်းမာရေးအသိပေးချက်၊ သတိပေးချက်များကို တိကျစွာ လိုက်နာဆောင်ရွက်ရန်။

❖ သက်ကြီးရွယ်အိုများ၊ နာတာရှည်ရောဂါရှိသူများအနေဖြင့် လုံးဝ(လုံးဝ) လာရောက်ခြင်းမပြုရန်။

❖ ဖျားခြင်း၊ ချောင်းဆိုးခြင်း၊ အသက်ရှူရခက်ခဲခြင်း၊ အင်အားကုန်ခန်းခြင်းစသည့် ရောဂါလက္ခဏာများ ဖြစ်ပွားနေပါက လုံးဝ(လုံးဝ)လာရောက်ခြင်းမပြုရန်၊ အစုလိုက် အလေးပြုသည့်အချိန်အား (၁၅)မိနစ်ထက် ပိုမကြာစေရန်။

## အတွင်းဝန်ရုံး(ယခင်ဝန်ကြီးများရုံး)သို့ လာရောက်မည့်မိဘပြည်သူများ လိုက်နာဆောင်ရွက်နိုင်ပါရန် မေတ္တာရပ်ခံပန်ကြားခြင်း

❖ ဘောလ်ပင်အမျိုးမျိုး၊ လက်ကိုင်ဖုန်းအမျိုးမျိုး၊ အလံအမျိုးမျိုး၊ လက်ကိုင်အိတ်အမျိုးမျိုး၊ ကင်မရာအမျိုးမျိုး၊ မီးခြစ်အမျိုးမျိုး၊ ပန်းခွေ/ပန်းစည်း/ပန်းခြင်းအမျိုးမျိုး၊ ဗီနိုင်းစအမျိုးမျိုး၊ ပုလင်း/ဘူးအမျိုးမျိုး၊ အလံကိုင်ဆောင်ရာတွင် အသုံးပြုသည့် တုတ်နှင့်ကော်ပိုက်/ သံပိုက်များ ယူဆောင်၍ အတွင်းဝန်ရုံး (ယခင်ဝန်ကြီးများရုံး)အတွင်းသို့ ဝင်ရောက်ခွင့်မပြုပါ။

❖ လာရောက်သူများအားလုံး နှာခေါင်းစည်း(Mask)များ မပျက်မကွက် စနစ်တကျ တပ်ဆင်ရန်။

❖ သတ်မှတ်ပေးထားသော နေရာများတွင် စနစ်တကျလက်ဆေးခြင်း၊ အသင့်စီစဉ်ပေးထားသော Hand Sanitizer သုတ်လိမ်းခြင်းတို့ကို ဆောင်ရွက်ပြီးမှသာ ဝင်ရောက်ရန်။

❖ ဗိုလ်တထောင်မြို့နယ်၊ မဟာဗန္ဓုလလမ်းနှင့် သိမ်ဖြူလမ်းဆုံတွင် ကိုယ်အပူချိန်တိုင်းတာခြင်း အပါအဝင် ကျန်းမာရေးဆိုင်ရာ စစ်ဆေးမှုများနှင့် အမည်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်၊ နေရပ်လိပ်စာ၊ တယ်လီဖုန်းနံပါတ်စသည်တို့ကို ပြည့်စုံမှန်ကန်စွာ စာရင်းပေးသွင်းရန်၊ နိုင်ငံသားစိစစ်ရေးကတ်(သို့မဟုတ်)ဝန်ထမ်းကတ်(သို့မဟုတ်) ကျောင်းသားကတ်(သို့မဟုတ်) ကိုယ်ရေး အချက်အလက်စိစစ်နိုင်သည့် အသိအမှတ်ပြုကတ်ပြား ယူဆောင်လာပါရန်။

❖ ကျန်းမာရေးဝန်ကြီးဌာနမှ သတ်မှတ်ထားသော Social/Physical Distancing နှင့်အညီ ရှေ့နောက်၊ ဘေးတိုက်အကွာအဝေးများကို (၆)ပေအကွာအဝေးအတိုင်း လိုက်နာနိုင်ရန်နှင့် နေရာများအလိုက် တာဝန်ရှိသူများ၏ စီစဉ်ဆောင်ရွက်မှုကို ပူးပေါင်းပါဝင်ရန်။

❖ ကိုယ်အပူချိန်မြင့်ခြင်း (အပူချိန် ၃၈ ဒီဂရီစင်တီဂရိတ်/၁၀၀.၄ ဒီဂရီဖာရင်ဟိုက်)၊ ချောင်းဆိုးခြင်း၊ အသက်ရှူရခက်ခဲခြင်း၊ အားအင်ကုန်ခန်းခြင်းအပါအဝင် သံသယဖြစ်ဖွယ်လက္ခဏာများ စစ်ဆေးတွေ့ရှိရပါက သက်ဆိုင်ရာ၏ အကြံပြုချက်အတိုင်း လိုက်နာဆောင်ရွက်ရန်။

❖ အတွင်းဝန်ရုံး(ယခင်ဝန်ကြီးများရုံး)တွင် တာဝန်ထမ်းဆောင်နေကြသူများ၏ စီစဉ်ဆောင်ရွက်ပေးမှုနှင့်အညီ လိုက်နာဆောင်ရွက်ရန်။

❖ အတွင်းဝန်ရုံး(ယခင်ဝန်ကြီးများရုံး)သို့ လာရောက်လေ့လာသူများအနေဖြင့် တစ်ဦးနှင့်တစ်ဦး (၆)ပေခြား၍ စီတန်းပြီး ပြတိုက်အတွင်း ခွင့်ပြုသည့်အရေအတွက်အတိုင်း ဝင်ရောက်လေ့လာရန်နှင့် တစ်ဦးနှင့် တစ်ဦး (၆)ပေခြားဖြင့်သာ ပြန်လည်ထွက်ခွာရန်။

❖ ကျန်းမာရေးဝန်ကြီးဌာနမှ အချိန်နှင့်တစ်ပြေးညီ ထုတ်ပြန်ပေးနေသည့် (Covid–19)ဆိုင်ရာ ကျန်းမာရေးအသိပေးချက်၊ သတိပေးချက်များကို တိကျစွာ လိုက်နာဆောင်ရွက်ရန်။

❖ သက်ကြီးရွယ်အိုများ၊ နာတာရှည်ရောဂါရှိသူများအနေဖြင့် လုံးဝ(လုံးဝ) လာရောက်ခြင်းမပြုရန်။

❖ ဖျားခြင်း၊ ချောင်းဆိုးခြင်း၊ အသက်ရှူရခက်ခဲခြင်း၊ အင်အားကုန်ခန်းခြင်းစသည့် ရောဂါလက္ခဏာများ ဖြစ်ပွားနေပါက လုံးဝ(လုံးဝ) လာရောက်ခြင်းမပြုရန်။

# ပြည်လမ်းနှင့် ဗားကရာလမ်းထောင့် မြေနီကုန်းခုံးကျော်တံတားအောက်ရှိ ယာဉ်ထိန်းကင်းရုံအား PDF အမည်ခံအကြမ်းဖက်သမားများက လက်ပစ်ဗုံးများဖြင့် လာရောက်ပစ်ခတ်ခဲ့မှုကြောင့် အပြစ်မဲ့ပြည်သူ အမျိုးသမီးတစ်ဦးသေဆုံး၊ အမျိုးသားခြောက်ဦးနှင့် အမျိုးသမီးလေးဦး ထိခိုက်ဒဏ်ရာရ

**နေပြည်တော် ဇူလိုင် ၁၃**

နိုင်ငံရေးအစွန်းရောက် အကြမ်းဖက်အဖွဲ့များအနေဖြင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းမှုပျက်ပြားစေရန် ရည်ရွယ်၍ စစ်ရေးပစ်မှတ်မဟုတ်သည့် အပြစ်မဲ့ပြည်သူများ နေထိုင်ရာ မြို့ရွာများအတွင်းသို့ လက်နက်ကြီး၊ လက်နက်ငယ်များဖြင့် ပစ်ခတ်တိုက်ခိုက်ခြင်း၊ ပြည်သူပိုင်အဆောက်အအုံများ၊ လမ်းတံတားများအား ဗုံးခွဲတိုက်ခိုက်ခြင်း၊ စာသင်ကျောင်းများ၊ ရပ်ကွက်၊ ကျေးရွာများအား မီးရှို့ဖျက်ဆီးခြင်း၊ ဘုရားကျောင်းကန်၊ စေတီပုထိုးများနှင့် ပြည်သူလူထုကို အကာအကွယ်ယူ၍ လုံခြုံရေးတပ်ဖွဲ့ဝင်များအားတိုက်ခိုက်ခြင်း၊ အပြစ်မဲ့ပြည်သူများအား ခြိမ်းခြောက်ခြင်းနှင့် ရက်စက်စွာဖမ်းဆီးသတ်ဖြတ်ခြင်း အပါအဝင် လူစည်ကားရာနေရာများတွင် ဆင်ခြင်မဲ့စွာ ဗုံးခွဲခြင်း စသည့် အကြမ်းဖက်လုပ်ရပ်များကို ကျူးလွန်လျက်ရှိသည်။

ရန်ကုန်တိုင်းဒေသကြီး စမ်းချောင်းမြို့နယ် မြေနီကုန်းမြောက်ရပ်ကွက် ပြည်လမ်းနှင့် ဗားကရာလမ်းထောင့် မြေနီကုန်း ခုံးကျော်တံတားအောက်ရှိ ယာဉ်ထိန်းကင်းရုံအနီး၌ ဇူလိုင် ၁၂ ရက် ညနေ ၃ နာရီ ၁၅ မိနစ်ခန့်တွင် ပေါက်ကွဲမှုဖြစ်ပွားကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဇူလိုင် ၁၂ ရက် ညနေ ၃ နာရီခန့်တွင် လုံခြုံရေးတပ်ဖွဲ့ဝင်များက ပြည်လမ်းနှင့် ဗားကရာလမ်းထောင့် မြေနီကုန်းမီးပွိုင့်ရှိ လုံခြုံရေးကင်း၌ လုံခြုံရေးလုပ်ငန်းများ ဆောင်ရွက်နေစဉ် အကြမ်းဖက်သမားများက 5 Star CP ကြက်ကြော်ဆိုင်အနီးမှ လက်ပစ်ဗုံးသုံးလုံးဖြင့် ရမ်းသမ်းပစ်ပေါက်၍ ပြည်လမ်းအတိုင်း မြောက်ဘက်သို့ ထွက်ပြေးသွားခဲ့ကြောင်း သိရသည်။

အဆိုပါ အကြမ်းဖက်သမားများ၏ လက်ပစ်ဗုံးဖြင့် ပစ်ခတ်မှုကြောင့် မအေးပြည့်ပြည့်ဇော် (ခ) ပပဝင်း (ဘ)ဦးဝင်းစိန်မှာဂုဏ်နေရာတွင်သေဆုံးခဲ့ပြီး မောင်ဝေဖြိုးမောင်(ဘ)ဦးဝင်းနိုင်၊ မောင်ထက်အောင်လင်း (ဘ)ဦးမျိုးမင်းသော်၊ မောင်ထက်မြတ်အောင် (ဘ)ဦးတင်လှ၊ မောင်စည်သူစိုး(ဘ)ဦးမောင်မြင့်၊ ဒေါ်ပပ (ဘ)ဦးမြင့်ဆွေ၊ မစိုးစန္ဒာဝင်း(ဘ) ဦးသန်းအောင်၊ မောင်ဝေယံဦး (ဘ) ဦးသန့်ဇော်၊ ဦးရဲလင်းအောင်(ဘ) ဦးအောင်ဇော်ဦး၊ မဖြိုးမွန်ခိုင်(ဘ) ဦးအောင်ဇော်ဦးနှင့် မအိမွန်ခိုင်တို့တွင် ဗုံးစထိမှန်ဒဏ်ရာများ ရရှိခဲ့သည်။

ဗုံးစထိမှန် ဒဏ်ရာရရှိခဲ့သူများကို လုံခြုံရေးတပ်ဖွဲ့ဝင်များက လိုအပ်သည့် ကူညီမှုများ ဆောင်ရွက်ပေးပြီး နယ်မြေ


(ဝဲမှယာ) အေးပြည့်ပြည့်ဇော် (ခ) ပပဝင်း(သေဆုံး)၊ စည်သူစိုး၊ ထက်အောင်လင်း၊ ထက်မြတ်အောင်(ဒဏ်ရာရ)


(ဝဲမှယာ) ဝေယံဦး၊ ရဲလင်းအောင်၊ ဝေဖြိုးမောင်၊ ဒေါ်ပပ (ဒဏ်ရာရ)


(ဝဲမှယာ) ဖြိုးမွန်ခိုင်၊ အိမွန်ခိုင်၊ စိုးစန္ဒာဝင်း(ဒဏ်ရာရ)

ခံတပ်မတော်ဆေးရုံသို့ ပို့ဆောင်ဆေးကုသမှုခံယူစေလျက်ရှိကြောင်း သိရသည်။

ဆက်လက်၍ လုံခြုံရေးတပ်ဖွဲ့ဝင်များက ဖြစ်စဉ်နေရာတစ်ဝိုက်ကို စစ်ဆေးမှုများဆောင်ရွက်စဉ် ညနေ ၄ နာရီခန့်တွင် လက်ပစ်ဗုံးတစ်လုံး တွေ့ရှိရသဖြင့် အများပြည်သူများ ထိခိုက်မှုမရှိစေရေးအတွက် သက်မဲ့ပြုလုပ်နိုင်ခဲ့ကြောင်း သိရသည်။

ထိုကဲ့သို့ အပြစ်မဲ့ပြည်သူများအား ထိခိုက်ဒဏ်ရာရရှိအောင် လုပ်ဆောင်ခဲ့သည့် အကြမ်းဖက်သမားများအား အမြန်ဆုံးဖမ်းဆီးရမိရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက ပိတ်ဆို့ရှာဖွေခြင်းများ ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူမြို့နယ်နှင့် တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့နယ်တို့၌ ခရီးသည်မော်တော်ယာဉ်များကို PDF အမည်ခံအကြမ်းဖက်သမားများက လက်လုပ်မိုင်းများဖြင့် ဖောက်ခွဲတိုက်ခိုက်ခဲ့သဖြင့် ခရီးသွားပြည်သူများ သေဆုံး／ဒဏ်ရာရ


(ဝဲမှယာ) စောဖြူငွေး(သေဆုံး)၊ မြမြထွေး၊ စိုးစိုးမေ (ဒဏ်ရာရ)


(ဝဲမှယာ)မအေးအေးဖြူ၊ မဝင်းဝင်းသန့်၊ ခင်နွယ်ဝင်း(ဒဏ်ရာရ)


(ဝဲမှယာ)ငွေးဝင်း၊ လှမင်းပို၊ သန်းထွန်းမြင့်(ဒဏ်ရာရ)


ပုလောမြို့နယ်၌ ရွှေဝယ်မင်းခရီးသည်တင်ယာဉ်ကို အကြမ်းဖက်အဖွဲ့က မိုင်းတစ်လုံး ဖောက်ခွဲတိုက်ခိုက်မှုကြောင့် ခရီးသည်လေးဦးဒဏ်ရာရရှိမှု မှတ်တမ်းဓာတ်ပုံ။

**နေပြည်တော် ဇူလိုင် ၁၃**

နိုင်ငံရေးအစွန်းရောက် အကြမ်းဖက်အဖွဲ့များအနေဖြင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းမှုပျက်ပြားစေရန် ရည်ရွယ်၍ စစ်ရေးပစ်မှတ်မဟုတ်သည့် အပြစ်မဲ့ပြည်သူများနေထိုင်ရာ မြို့၊ ကျေးရွာများအတွင်းသို့ လက်နက်ကြီး၊ လက်နက်ငယ်များဖြင့် ပစ်ခတ်တိုက်ခိုက်ခြင်း၊ လမ်းမကြီးများပေါ်၌ မောင်းနှင်သွားလာနေသည့် မော်တော်ယာဉ်များကို မိုင်းခွဲတိုက်ခိုက်ခြင်း၊ လမ်းတံတားများကို မိုင်းထောင် ဖောက်ခွဲဖျက်ဆီးခြင်း စသည့် အကြမ်းဖက်မှုလုပ်ရပ်များ လုပ်ဆောင်လျက်ရှိသည်။

ထိုသို့လုပ်ဆောင်လျက်ရှိရာ ဇူလိုင် ၁၂ ရက် နံနက် ၁၀ နာရီခန့်တွင် မြစ်ကြီးနားမြို့မှ မန္တလေးမြို့သို့ ပြေးဆွဲသည့် ခရီးသည်တင်ယာဉ်သည် စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူမြို့နယ် ဘောကျေးရွာအထွက် ရွှေဘို-မြစ်ကြီးနားကားလမ်းဘေးရှိ ယာဉ်စစ်ဆေးရေးဂိတ်၌ စစ်ဆေးမှုခံယူနေစဉ် လမ်း၏ယာဘက် လေးပေခန့်အကွာမှ PDF အမည်ခံအကြမ်းဖက်အဖွဲ့ ထောင်ထားသည့် လက်လုပ်မိုင်း ပေါက်ကွဲမှု ဖြစ်ပွားခဲ့ပြီး ပေါက်ကွဲမှုကြောင့် ယာဉ်ပေါ်ပါခရီးသည်ဖြစ်သည့် မန္တလေးတိုင်းဒေသကြီး တောင်သာမြို့နယ် ဆည်ကုန်းကျေးရွာနေ မစောဖြူငွေး (၂၆)နှစ် (ဘ) ဦးသိန်းနိုင်တွင် မိုင်းစထိမှန် ဒဏ်ရာများရရှိကာ အခင်းဖြစ်နေရာ၌ သေဆုံးသွားခဲ့ပြီး ခရီးသည်ခုနစ်ဦးတို့တွင် မိုင်းစထိမှန်ဒဏ်ရာများ ရရှိခဲ့သဖြင့် ဆေးဝါးကုသနိုင်ရေး ရွှေဘိုမြို့နယ် ပြည်သူ့ဆေးရုံသို့ ပို့ဆောင်ထားကြောင်း သိရသည်။

အလားတူ ယနေ့နံနက် ၁၀ နာရီခန့်တွင် တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့မှ ထားဝယ်မြို့သို့ ဦးအောင်ကိုဦး (ဘ) ဦးအောင်မောင်းနှင်၍ ခရီးသည် ၂၀ လိုက်ပါလာသည့် ရွှေဝယ်မင်း ခရီးသည်တင် မော်တော်ယာဉ်ကို ပုလောမြို့၏ တောင်ဘက် မီတာ ၃၀၀၀ ခန့်အကွာ ထားဝယ်-မြိတ် သွားကားလမ်း မိုင်တိုင်အမှတ်(၁၀၁/၁)နှင့် (၁၀၁/၂)အကြား၌ PDF အမည်ခံ အကြမ်းဖက်သမားများက လက်လုပ်မိုင်း တစ်လုံး ဖောက်ခွဲတိုက်ခိုက်ခဲ့သဖြင့် ယာဉ်မောင်းအပါအဝင် ခရီးသည်လေးဦး ထိခိုက်ဒဏ်ရာရရှိ၍ မော်တော်ယာဉ် ရှေ့ဝင်ပေါက်တံခါးမှန်များ မိုင်းစထိမှန်ပျက်စီးခဲ့ပြီး ဒဏ်ရာရရှိသူများကို ပုလောမြို့နယ် ပြည်သူ့ဆေးရုံသို့ ပို့ဆောင်ဆေးကုသမှုခံယူစေလျက်ရှိကြောင်း သိရသည်။

ထိုကဲ့သို့ စစ်ရေးပစ်မှတ်မဟုတ်သည့် လမ်းမကြီးပေါ်၌ သွားလာနေသည့် ခရီးသည်တင် မော်တော်ယာဉ်များကို လက်လုပ်မိုင်းများဖြင့် ဖောက်ခွဲတိုက်ခိုက်မှု ကျူးလွန်ခဲ့သည့် PDF အမည်ခံ အကြမ်းဖက်သမားများကို ဖော်ထုတ်ဖမ်းဆီးအရေးယူနိုင်ရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက ဒေသခံပြည်သူများနှင့်ပူးပေါင်း၍ လိုအပ်သည်များ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

❖ ကျောဖုံးမှ

**ပြည်တွင်း၊ ပြည်ပရှိ အချို့သော ကျောင်းသား ကျောင်းသူ၊ လူငယ်လူရွယ်နှင့် CDM ဝန်ထမ်းများအား ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်နိုင်ရေး အသိပေးထုတ်ပြန်ခြင်း**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် နိုင်ငံတော်၏စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေးတို့အပြင် အခြားကဏ္ဍပေါင်းစုံ၌ ဖွံ့ဖြိုးတိုးတက်စေရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ ထို့အပြင် ပြည်ထောင်စုအတွင်းရှိ ဒေသအသီးသီးတွင် တိုင်းရင်းသားပြည်သူများ စိတ်အေးချမ်းသာစွာဖြင့် နေထိုင်စားသောက်နိုင်ရေးအတွက်လည်း လုံခြုံရေးတပ်ဖွဲ့ဝင်များက နေ့ညမပြတ် လုံခြုံရေးလုပ်ငန်းများကို ထမ်းဆောင်လျက်ရှိသည်။ မိမိတို့အနေဖြင့် တိုင်းရင်းသားညီအစ်ကိုမောင်နှမများ၏ ကျစ်လျစ်ခိုင်မာသည့် ညီညွတ်သောစုပေါင်းအားကို တည်ဆောက်သွားရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိပြီး စစ်မှန်သည့် ထာဝရငြိမ်းချမ်းရေးရရှိစေရန် အလေးထားဆောင်ရွက်လျက်ရှိသည်။

ထို့အပြင် နိုင်ငံတော်၏ လူသားအရင်းအမြစ်များ မလိုအပ်ဘဲ ဆုံးရှုံးမှုမရှိစေရေးအတွက် တာဝန်မှကင်းကွာနေသော အခြေခံပညာရေးဝန်ထမ်းများကို ပြန်လည်ဖိတ်ခေါ်ခြင်း၊ PDF အပါအဝင် အဖွဲ့အစည်းအမျိုးမျိုးအမည်ခံ၍ လက်နက်ကိုင်ဆန့်ကျင်နေသူများအနက်မှ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လိုသူများကို ပြန်လည်ဖိတ်ခေါ်ခြင်းတို့အား အသိပေးထုတ်ပြန်ခဲ့ရာ ပြန်လည်ဝင်ရောက်လာသူများကိုလည်း စနစ်တကျလက်ခံပေးလျက်ရှိသည်။

နိုင်ငံတော်အား အလုံးစုံပျက်သုဉ်းစေလိုသည့် CRPH နှင့် NUG အကြမ်းဖက်အုပ်စုများက ဆွဲဆောင်စည်းရုံးမှု၊ သွေးထိုးလှုံ့ဆော်မှု၊ ခြိမ်းခြောက်အကျပ်ကိုင်မှုများကြောင့် အချို့သော CDM ဝန်ထမ်းများ၊ ကျောင်းသား ကျောင်းသူများ၊ လူငယ်လူရွယ်များသည် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများတည်ရှိရာ နယ်မြေဒေသများသို့ ရောက်ရှိသွားခဲ့ပြီး လက်နက်ပစ်ခတ်ခြင်းနှင့် ဖောက်ခွဲဖျက်ဆီးရေးသင်တန်းများသို့ စာရင်းသွင်းပါဝင်တက်ရောက်ခဲ့ကြသည်ကို တွေ့ရှိရသည်။

ထိုသို့သင်တန်းတက်ရောက်ခဲ့သူများအနက်မှ အချို့သောသူများသည် အကြမ်းဖက်တိုက်ခိုက်သည့်လုပ်ရပ်များတွင် ပါဝင်လိုခြင်းမရှိသည့်အတွက် ထွက်ပြေးတိမ်းရှောင်ပြီး ပြည်တွင်း ပြည်ပဒေသအချို့၌ သွားရောက်အလုပ်လုပ်ကိုင်လျက်ရှိကြောင်းကို ကြားသိရသည်။ ၎င်းတို့သည် NUG အမည်ခံအကြမ်းဖက်အုပ်စုနှင့် ၎င်းတို့၏လက်အောက်ခံ PDF အကြမ်းဖက်အဖွဲ့တို့၏ အကြမ်းဖက်လုပ်ရပ်များကို မျက်ဝါးထင်ထင်တွေ့မြင်လာပြီး လက်ခံနိုင်မှုမရှိခြင်း၊ နိုင်ငံတော်အစိုးရ၏ ရှေ့လုပ်ငန်းစဉ်(၅)ရပ်နှင့် ထာဝရငြိမ်းချမ်းရေးရရှိရန် ကြိုးပမ်းဆောင်ရွက်နေမှုများကို ယုံကြည်လက်ခံလာခြင်း၊ မိမိတို့၏နေရပ်ဒေသအသီးသီးရှိ မိဘဆွေမျိုးများနှင့်အတူ တည်ငြိမ်အေးချမ်းစွာ ပြန်လည်နေထိုင်လိုခြင်းတို့ကြောင့် မိမိတို့နေရပ်ဒေသသို့ ပြန်လည်ဝင်ရောက်လိုသော်လည်း CRPH နှင့် NUG အကြမ်းဖက်အုပ်စုများနှင့် ၎င်းတို့၏လက်ဝေခံများက ထိန်းချုပ်အကျပ်ကိုင်ခြိမ်းခြောက်ထားမှုတို့ကြောင့် ပြန်လည်ဝင်ရောက်ခြင်း မပြုနိုင်ကြသည်ကိုလည်း ဆက်သွယ်သတင်းပေးပို့ချက်များအရ သိရှိရသည်။

နိုင်ငံတော်အစိုးရအနေဖြင့် ထိုသို့သော မြန်မာနိုင်ငံရှိ နေရပ်အသီးသီးသို့ ပြန်လည်ဝင်ရောက်လိုသူများအား ကြိုဆိုလက်ခံနိုင်ရေးအတွက် နယ်စပ်ဒေသအသီးသီးတွင် ပြန်လည်ကြိုဆိုလက်ခံရေးစခန်းများ ဖွင့်လှစ်ဆောင်ရွက်ပေးသွားမည်ဖြစ်ပြီး အဆိုပါစခန်းများအပြင် နီးစပ်ရာတပ်မတော်နှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ စခန်းအသီးသီးသို့လည်း ဆက်သွယ်ဆောင်ရွက်နိုင်ပါကြောင်းနှင့် ယင်းသို့သတင်းပို့ ဆက်သွယ်သူများကို သတ်မှတ်စည်းကမ်းချက်များနှင့်အညီ နေ့စဉ်ပြည်သူ့ဘဝတွင် အေးချမ်းစွာနေထိုင်နိုင်ရေး အာမခံချက်ပေးသွားမည်ဖြစ်ကြောင်း အသိပေးထုတ်ပြန်အပ်ပါသည်။

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**
**သတင်းထုတ်ပြန်ရေးအဖွဲ့**

# လေရှီးမြို့နယ်၌ ဟက်(စ်)မျိုး ထောပတ်သီးများကို စိုက်ပျိုးနိုင်ရေး ဆောင်ရွက်လျက်ရှိ

ပြင်ဦးလွင် ဇူလိုင် ၁၃

စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း နာဂဒေသကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လေရှီးမြို့နယ် ဒေသဖွံ့ဖြိုးရေးအတွက် ဈေးကွက်ဝင်သည့် ဟက်(စ်)မျိုး ထောပတ်သီးများကို စီးပွားဖြစ်စိုက်ပျိုးနိုင်ရေး စီစဉ်ဆောင်ရွက်နေကြောင်း မြန်မာနိုင်ငံထောပတ်သီးစိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများအသင်းမှ ဒုတိယဥက္ကဋ္ဌ ဦးမျိုးညွန့်က ပြောသည်။

အဆိုပါ ဒေသတွင် ဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် ထောပတ်စိုက်တောင်သူများကို စနစ်တကျစိုက်ပျိုးထုတ်လုပ်သည့် နည်းပညာများအား လေရှီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် ပူးပေါင်းပြီး သင်တန်းများပေးထားကြောင်း၊ ယင်းဒေသ၏ ရာသီဥတုအနေဖြင့် ပင်လယ်ရေမျက်နှာပြင်အထက် ပေ ၅၀၀၀၊ ၆၀၀၀၊ ၇၀၀၀ ဝန်းကျင်ရှိသည့်အတွက် ထောပတ်သီးကို စီးပွားဖြစ်စိုက်ပျိုးထုတ်လုပ်ရန်သင့်တော်သည့် ရာသီဥတုရှိပြီး ဒေသခံများကလည်း စိတ်ဝင်စားမှုများသောကြောင့် ပူးပေါင်း၍ ဟက်(စ်)မျိုး ထောပတ်သီးများကို စီးပွားဖြစ်စိုက်ပျိုးကာ တင်ပို့ရောင်းချနိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။



"နာဂဒေသရဲ့ ရာသီဥတုအခြေအနေအရ ထောပတ်သီးစိုက်ပျိုးထုတ်လုပ်လို့ သင့်တော်တဲ့ ရာသီဥတုရှိတယ်။ ဒီဒေသမှာ တခြားသယံဇာတ ဘာမှမထွက်ဘူး။ ထောပတ်ပင်တွေတော့ ရှိတယ်။ နည်းစနစ်ပိုင်းမရှိလို့ စီးပွားဖြစ်အောင် မထုတ်လုပ်နိုင်ဘူး။ အဲဒီအတွက် စီးပွားဖြစ်ထုတ်လုပ်ဖို့ ဒေသနဲ့ကိုက်ညီတဲ့ စိုက်နည်းစနစ်တွေ၊ အာဟာရကျွေးတဲ့နည်းစနစ်တွေ သိရှိဖို့ကို ယခုလပထမပတ်ကနေ စာတွေ့သရုပ်ပြသင်တန်းပေးတယ်။ ထောပတ်သီးစိုက်ပျိုးထားတဲ့ တောင်သူတွေဆီကိုသွားပြီး ကွင်းဆင်းသင်တန်းပေးတယ်။ ဟောပြောပွဲတွေ လုပ်ပေးတယ်။ ဒေသခံတွေက စိတ်ဝင်စားမှုများပါတယ်။ သူတို့တွေကို ထောပတ်သီးပြုစုပျိုးထောင် စိုက်နည်းစနစ်တွေအားလုံးကို လက်တွေ့ပြသသင်ကြားပေးပါတယ်" ဟု ၎င်းက ရှင်းပြသည်။

အဆိုပါ ဒေသ၏ အားသာချက်သည် အိန္ဒိယနယ်စပ်နှင့် ကပ်လျက်ရှိပြီး ဈေးကွက်လည်းရှိပြီးဖြစ်သည့်အတွက် ထောပတ်သီးကို စနစ်တကျစိုက်ပျိုးထုတ်လုပ်၍ တင်ပို့ရောင်းချနိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ယင်းဒေသဖွံ့ဖြိုးရေးအတွက် ထောပတ်သီးသည် အရေးကြီးဆုံးသီးနှံဖြစ်သည်ကို ဒေသဆိုင်ရာပြည်သူများနှင့် ဒေသခံများကလည်း လက်ခံကြကြောင်း၊ ထို့ကြောင့် ထောပတ်သီးကို အမြောက်အမြား ထုတ်လုပ်နိုင်ရန် စနစ်တကျနည်းပညာများကို ဆင့်ပွားမျှဝေပေးခြင်းဖြစ်ကြောင်း၊ ထိုဒေသကို ဖွံ့ဖြိုးတိုးတက်ရန်အတွက် နိုင်ငံတကာဈေးကွက်ဝင်ဖြစ်သည့် ဟက်(စ်)မျိုး ထောပတ်သီးကို အခြေချဆောင်ရွက်နေပြီဖြစ်ကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**



# လယ်ယာသုံးစက်ကိရိယာ မောင်းနှင်ထိန်းသိမ်းမှု (အခြေခံ)သင်တန်းဖွင့်လှစ်

မြစ်ကြီးနား ဇူလိုင် ၁၃

ကချင်ပြည်နယ် စက်မှုလယ်ယာဦးစီးဌာန အမှတ်(၇၉)စက်မှုလယ်ယာစခန်း (မြစ်ကြီးနား)နှင့် စိုက်ပျိုးရေးသိပ္ပံကျောင်းတို့ ပူးပေါင်း၍ လယ်ယာသုံးစက်ကိရိယာ မောင်းနှင်ထိန်းသိမ်းမှု (အခြေခံ)သင်တန်း (၁/၂၀၂၂) သင်တန်းဖွင့်ပွဲကို ယနေ့ နံနက် ၈ နာရီတွင် အဆိုပါကျောင်းခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ပြည်နယ်စက်မှုလယ်ယာဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဦးရဲမြင့်က သင်တန်းဖွင့်လှစ်ပေးရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။

အဆိုပါ သင်တန်းကို စက်မှုလယ်ယာဦးစီးဌာနမှ သင်တန်းနည်းပြ ငါးဦးတို့က သင်တန်းသား သင်တန်းသူ ၃၁ ဦးတို့အား လယ်ယာလုပ်ငန်းခွင်များ၌ လက်တွေ့အသုံးပြုလျက်ရှိသည့် လက်တွန်း ထွန်စက်၊ ထွန်စက်ကြီး၊ ရိတ်သိမ်းခြွေလှေ့စက်များမောင်းနှင်ရာတွင် အခြေခံသိသင့်သည့်အချက်များ၊ စက်ကိရိယာများ ပြုပြင်ထိန်းသိမ်းနည်း၊ စနစ်တကျ လယ်မြေဖော်ထုတ်ခြင်း၊ လုပ်ငန်းခွင်အန္တရာယ် ကင်းရှင်းရေး သိရှိလိုက်နာရမည့်ကိစ္စရပ်များကို ဇူလိုင် ၁၃ ရက်မှ ဇူလိုင် ၂၄ ရက်အထိ စာတွေ့၊ လက်တွေ့ ပို့ချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**

☆ **အာဆီယံမှ**

လူငယ်ကစားသမားများဖြင့် ပွဲထွက်ခဲ့သည့် မြန်မာအသင်းသည် လက်ရှိချန်ပီယံ ဗီယက်နမ်ကို ယှဉ်ကစားနိုင်ခြင်းမရှိဘဲ ပထမပိုင်းမှာပင် သုံးဂိုးပေးခဲ့ရသည်။ မြန်မာအသင်းသည် ဒုတိယပိုင်းတွင် တစ်ဂိုးထပ်ပေးခဲ့ရသဖြင့် လေးဂိုးပြတ် အရေးနိမ့်ခဲ့ရခြင်းဖြစ်သည်။

အုပ်စု (ခ) ပွဲစဉ်များအပြီးတွင် ဗီယက်နမ်အသင်းက ၁၂ မှတ်ဖြင့် အုပ်စုပထမ၊ မြန်မာအသင်းက ကိုးမှတ်ဖြင့် အုပ်စုဒုတိယရရှိကာ ဆီမီးဖိုင်နယ် တက်ရောက်ခဲ့ပြီး ကမ္ဘောဒီးယား၊ တီမောနှင့် လာအိုအသင်းတို့မှာ အုပ်စုမှ ထွက်ခဲ့ရသည်။ ဆီမီးဖိုင်နယ်ပွဲစဉ်များကို ဇူလိုင် ၁၅ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်ပြီး ထိုင်းနှင့် မြန်မာ၊ ဗီယက်နမ်နှင့် အိမ်ရှင်ဖိလစ်ပိုင်အသင်းတို့ တွေ့ဆုံမည်ဖြစ်သည်။

**သတင်း-ကိုညီလေး**
**ဓာတ်ပုံ-MFF**

# အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် ဇူလိုင် ၁၃**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းတို့ကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုတို့အပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်မျှဝေခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-က နှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေး ဥပဒေပုဒ်မ ၃၃(က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီး ဖြစ်သည်။

ထိုကဲ့သို့ အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း မန္တလေးတိုင်းဒေသကြီး ချမ်းအေးသာစံမြို့နယ် ပါတ်ကုန်းပျော်ဘွယ်ရပ်ကွက်နေ ဇော်ဝင်းဗိုလ်(ခ) စစ်သွေးကျော်သည် ၎င်းအသုံးပြုသည့် "Sitt Thwe Kyaw" Facebook အကောင့်၊ ရန်ကုန်တိုင်းဒေသကြီး တောင်ဥက္ကလာပမြို့နယ် အမှတ်(၁၃)ရပ်ကွက်နေ စုနန္ဒာလှိုင်(ခ)မုရာ(ခ)Salmon သည် ၎င်းအသုံးပြုသည့် "Salmon" Face book အကောင့်၊ ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့နယ် နန်းတော်ရာရပ်ကွက်နေ အေမီဖြိုးသည် ၎င်းအသုံးပြုသည့် "Ame Phyo" Facebookအကောင့်တို့သည် အသိပေးသတင်းထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းတို့ ပြုမှုလုပ်ဆောင်ခဲ့သည့်အတွက် တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့ရသည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းတို့ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်း ပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ် အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ်မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၁၄-၇-၂၀၂၂

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၁၇၈၅ | ၁၈၃၀ | ၁၈၂၅ | ၁၇၉၅ | ၁၈၃၀ | ၁၈၅၅ | ၁၈၄၀ | ၁၈၁၅ | ၁၉၁၀ | ၁၉၂၅ | ၁၈၂၅ | ၁၈၃၀ | ၁၈၆၅ | ၁၈၆၅ | ၁၈၇၀ | ၂၀၉၀ | ၂၆၃၅ |
| 95 Ron | ၁၈၆၀ | ၁၉၁၀ | ၁၉၀၅ | ၁၈၇၀ | ၁၉၀၅ | ၁၉၃၀ | ၁၉၁၅ | ၁၈၉၅ | ၁၉၈၅ | ၂၀၀၀ | ၁၉၀၀ | ၁၉၁၅ | ၁၉၄၅ | ၁၉၄၅ | ၁၉၄၅ | ၂၁၆၅ | ၂၆၉၅ |
| HSD (500 ppm) | ၂၂၀၅ | ၂၂၅၀ | ၂၂၄၅ | ၂၂၁၅ | ၂၂၅၀ | ၂၂၇၅ | ၂၂၇၀ | ၂၂၃၅ | ၂၃၅၀ | ၂၃၄၅ | ၂၂၄၅ | ၂၂၅၀ | ၂၂၈၅ | ၂၂၈၅ | ၂၂၉၀ | ၂၅၁၀ | ၂၉၂၅ |
| HSD (50 ppm) | ၂၂၆၀ | ၂၃၁၀ | ၂၃၀၅ | ၂၂၇၀ | ၂၃၀၅ | ၂၃၃၀ | ၂၃၂၅ | ၂၂၉၅ | ၂၄၁၀ | ၂၄၀၀ | ၂၃၀၀ | ၂၃၁၀ | ၂၃၄၅ | ၂၃၄၅ | ၂၃၄၅ | ၂၅၆၅ | ၂၉၅၅ |
| HSD (10 ppm) | ၂၂၆၀ | ၂၃၁၀ | ၂၃၀၅ | ၂၂၇၀ | ၂၃၀၅ | ၂၃၃၀ | ၂၃၂၅ | ၂၂၉၅ | ၂၄၁၀ | ၂၄၀၀ | ၂၃၀၀ | ၂၃၁၀ | ၂၃၄၅ | ၂၃၄၅ | ၂၃၄၅ | ၂၅၆၅ | ၂၉၅၅ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၁၆၉၃ | ၁၇၆၁ |
| 95 Ron | ၁၇၆၇ | ၁၈၃၆ |
| HSD (500 ppm) | ၂၁၀၁ | ၂၁၇၂ |
| HSD (50 ppm) | ၂၁၅၆ | ၂၂၂၈ |
| HSD (10 ppm) | ၂၁၅၆ | ၂၂၂၈ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၀၉၈၈၁၊ ၀၉-၆၉၉၆၁၁၁၁၆

၀၆၇- ၄၁၁၁၂၉၊ ၀၉-၄၄၀၄၃၃၅၃၃

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

## "(၃၈)ဖြာမင်္ဂလာအစီအစဉ်" ဆန်းသစ်တင်ဆက်မှု မြန်မာ့ရုပ်မြင်သံကြား၌ ဆက်လက်ပြသမည်

နေပြည်တော် ဇူလိုင် ၁၃

လူငယ်လူရွယ်များနှင့် ကလေးငယ်များ ယဉ်ကျေးလိမ္မာစေရန်နှင့် အသိပညာဗဟုသုတ တိုးပွားစေရန်အပြင် ဇာတ်သဘင် ကြိုက်နှစ်သက်ကြသည့် မိဘပြည်သူများအတွက် "(၃၈)ဖြာမင်္ဂလာ အစီအစဉ်" ဆန်းသစ်တင်ဆက်မှုကို မေ ၂၁ ရက်မှစတင်၍ အပတ်စဉ်စနေနေ့တိုင်း မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၏ MRTV-HD Channel မှ ည ၈ နာရီ သတင်းအပြီးတွင် ထုတ်လွှင့်ပြသလျက်ရှိသည်။

အဆိုပါ (၃၈)ဖြာမင်္ဂလာ အစီအစဉ်များအနက် ဘ၀တိုးတက်ရေးအတွက် အဆုံးအမများစွာပါဝင်သည့် မာတာပိတုဥပဋ္ဌာန် (မိဘတွေကို လုပ်ကျွေးစောင့်ရှောက်ခြင်း)နှင့် ခန္တီစ (အရာရာ၌သည်းခံခြင်း) အစီအစဉ်နှစ်ခုကို ဇူလိုင် ၁၆ ရက် စနေနေ့ ည ၉ နာရီတွင် ဆက်လက်ပြသမည်ဖြစ်သည်။

ယင်းတင်ဆက်မှုကို ရွှေနန်းတင်မျိုးဆက် သဘင်ပညာရှင် ဦးနန်းဝင်းက ရေးသားပူဇော်ပြီး ရန်ကုန်ဓူဝံတေးဂီတအဖွဲ့၏ တီးခတ်မှုနှင့်အတူ ထက်မြက်အောင်၊ ရန်ရှင်းမောင်၊ ဓာတ်လင်း၊ ရွှေအိုးနှင့် သဘင်ပညာရှင်များ၊ အနုပညာရှင်များက ပါဝင်တင်ဆက်ကြမည်ဖြစ်သည်။

ထို့အပြင် ဇူလိုင် ၂၀ ရက် ဗုဒ္ဓဟူးနေ့နှင့် ဇူလိုင် ၂၁ ရက် ကြာသပတေးနေ့များတွင် ညနေ ၆ နာရီ သတင်းအပြီး၌ ယင်းအစီအစဉ်များကို တစ်ပိုင်းစီ ခွဲခြား၍ ပြန်လည်ပြသမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

## မြန်မာပြည်သိန်းတန်၏ "သီချင်းဒိုင်ယာရီ-၂" တေးဂီတဖျော်ဖြေပွဲ မြန်မာ့ရုပ်မြင်သံကြား၌ ပြသမည်




နေပြည်တော် ဇူလိုင် ၁၃

ပြည်သူများ အပန်းပြေစေရန်၊ ပျော်ရွှင်စေရန်နှင့် စိတ်ခွန်အားသစ်များ ရရှိနိုင်ရန်အတွက် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ဖျော်ဖြေရေးအစီအစဉ်များကို တိုးမြှင့်တင်ဆက်လျက်ရှိရာ Friday Night Show ဆန်းသစ်တင်ဆက်မှုအဖြစ် နိုင်ငံကျော်အဆိုတော်ကြီး မြန်မာပြည်သိန်းတန်၏ "သီချင်းဒိုင်ယာရီ-၂" တေးဂီတ ဖျော်ဖြေပွဲကို ဇူလိုင် ၁၅ ရက် သောကြာနေ့ ည ၈ နာရီ သတင်းအပြီးတွင် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၏ MRTV-HD Channel မှ ထုတ်လွှင့်ပြသမည်ဖြစ်သည်။

ယင်းအစီအစဉ်တွင် မြန်မာပြည်သိန်းတန်နှင့်အတူ မျိုးဆက်သစ်တေးသံရှင်များဖြစ်ကြသည့် စောဒယ်နီရယ်၊ ရေရှီနာ၊ ချိုမီမီဇော်နှင့် အိအိလှိုင်တို့က သီဆိုဖျော်ဖြေကြမည်ဖြစ်ပြီး မြန်မာ့အသံတေးဂီတအဖွဲ့၏ တီးခတ်မှုနှင့်အတူ သရုပ်ဆောင်နေခွေးနှင့် သဉ္ဇာမြင့်မိုရ်တို့က လည်း အားဖြည့်တင်ဆက်ပေးကြမည်ဖြစ်သည်။

ထိုသို့တင်ဆက်မှုကို ဇူလိုင် ၁၇ ရက် တနင်္ဂနွေနေ့ နံနက် ၁၀ နာရီခွဲတွင် ဒုတိယအကြိမ် ထပ်မံထုတ်လွှင့်ပြသမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်




## သုတဝေဖြာသီရိဂေဟာ မိသားစုပြိုင်ပွဲ အသိပညာမျှဝေမှုအစီအစဉ် လူရှင်တော်အသင်းမှ မိသားစုများ ပါဝင်ယှဉ်ပြိုင်မည်

နေပြည်တော် ဇူလိုင် ၁၃

သုတဝေဖြာသီရိဂေဟာ မိသားစုပြိုင်ပွဲ အသိပညာပေးအစီအစဉ် (Family Quiz) ပွဲစဉ်(၇၄)ကို ဇူလိုင် ၁၅ ရက်တွင် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၏ MRTV-HD Channel မှ ဆက်လက်ထုတ်လွှင့်မည်ဖြစ်သည်။

အဆိုပါ ကိုဗစ်-၁၉ ဆိုင်ရာ အသိပညာမျှဝေမှုအစီအစဉ်ကို အစီအစဉ်တင်ဆက်သူ ကျော်ကျော်နှင့် ခိုင်သဇင်ဦးတို့က တင်ဆက်ကြမည်ဖြစ်ပြီး လူရှင်တော်အသင်းမှ မိသားစုများ ပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ်ရာ ယင်းပြိုင်ပွဲများကို ဇူလိုင် ၁၅၊ ၁၆၊ ၁၇ ရက်များတွင် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၏ MRTV-HD Channel မှ ညနေ ၆ နာရီ သတင်းအပြီးတွင် ထုတ်လွှင့်ပြသသွားမည်ဖြစ်ကြောင်း သိရသည်။ သတင်းစဉ်

ကြေးမုံသတင်းစာ စာဖတ်ပရိသတ်များ စာပေရသစုံ ခံစားဖတ်ရှုနိုင်ရန်အတွက် အခန်းဆက်ဝတ္ထုရှည်ကဏ္ဍကို ဖော်ပြပေးလျက်ရှိရာ စာရေးဆရာ မောင်သိန်းဆိုင်၏ ရေနံ့သာခင်ခင်ကြီး အခန်းဆက်ဝတ္ထုရှည်ကို အပတ်စဉ် တနင်္လာနေ့မှ သောကြာနေ့အထိ ဖော်ပြပေးသွားမည် ဖြစ်ပါသည်။




**ယမန်နေ့မှအဆက်**

[ ၆ ]

ဒေါ်ရေနံ့သာခင်ခင်ကြီးသည် ဒရိုင်ဘာညွှန်လိုက်သောလမ်းအတိုင်း ဝင်လာသည်။ လမ်းရှိ ရွံ့ညွန်ဗွက်အိုင်များကြောင့် စိတ်အနှောင့်အယှက်ဖြစ်ရသေးသည်။ ၎င်းတို့ကို ရှောင်ကွင်းနေရသည်ကပင် အလုပ်တစ်ခုဖြစ်နေသည်။

သို့နှင့်ပင် သူ့ကိုယ်သူ ကိုမောင်မောင်ဦးရှိနေသည်ဆိုသောအိမ်နှင့် နီးကပ်လာခဲ့ပြီဖြစ်ကြောင်း တွေ့ရသည်။ ယင်းအိမ်တွင် နန်းကိန္နရီ ယခုတိုင်အောင် ရှိနေသေးကြောင်း လမ်းထိပ်တွင်ရပ်ထားသော နန်းကိန္နရီ၏ကားကြောင့် သိသာသည်။

မိမိ၏ရင်မှာ အလိုလိုနေရင်း ခုန်နေသည်ဟု ဒေါ်ရေနံ့သာခင်ခင်ကြီးထင်သည်။ မတွေ့လိုသူနှင့် တွေ့ရဦးမည်။ မဆုံလိုသူနှင့် ဆုံရပေဦးမည်။ မပြောချင်သောစကားတို့ကို ပြောရပေဦးမည်ဟု တွေးမိသည်။

အိမ်ကို လှမ်း၍မြင်သာသောနေရာသို့ ရောက်လာသည်။

သည်စဉ်တွင်ပင် အိမ်မှခုန်ချလာသော မိန်းကလေးတစ်ယောက်ကို တွေ့ရသည်။ မိမိထံသို့ ပြေးလာကြောင်း မြင်ရသည်။ ထိုမိန်းကလေးမှာ နန်းကိန္နရီကိုယ်တိုင်ဖြစ်နေသည်။ ဒေါ်ရေနံ့သာခင်ခင်ကြီးသည် ရပ်လက်စနေရာမှာပင် တုံ့ရပ်လိုက်သည်။ နန်းကိန္နရီရောက်အလာကို စောင့်သည်။

နန်းကိန္နရီသည် မိမိအား မမြင်၊ အခြားအရာများကိုလည်း မြင်နိုင်စွမ်းမရှိဟု ဒေါ်ရေနံ့သာခင်ခင်ကြီးထင်သည်။ သူသည် ရေအိုင်များကိုမရှောင်၊ ဗွက်အိုင်များကိုမကွင်း။ အလွန်ထိတ်လန့် ကြောက်ရွံ့ဖွယ်ရာများနှင့်ဆုံခဲ့ရသလို တအားကုန်ပြေးလာနေသည်။ လမ်း၏ တစ်နေရာ နှစ်နေရာခန့်တွင် လဲတော့မလို ပြိုတော့မယောင် ဖြစ်သွားခဲ့သေးသည်။

“အရီ”

ဒေါ်ရေနံ့သာခင်ခင်ကြီး စိုးရိမ်တကြီး ခေါ်လိုက်မိသည်။

နန်းကိန္နရီ အနီးရောက်လာသောအခါ ပခုံးကို လှမ်းဆွဲလိုက်သည်။ ဆက်မပြေးသာစေရန် ရှေ့မှ ရပ်ထားလိုက်သည်။

နန်းကိန္နရီသည် ရှေ့မှအတားအဆီးကြောင့် တုံ့ရပ်သွားသည်။ တားဆီးနေသူကို ကြည့်လိုက်သည်။ ဒေါ်ရေနံ့သာခင်ခင်ကြီးမှန်း သိလာသည်။

“အရီ၊ အရီ ဘာဖြစ်လာတာလဲဟင်”

ဒေါ်ရေနံ့သာခင်ခင်ကြီးမေးသည်ကို မဖြေ။ မြင်ရကာမှ ပို၍ဝမ်းနည်းလာသလို ငိုရှိုက်လိုက်သည်။

“ပြောစမ်းပါ အရီ၊ အရီ ဘာဖြစ်လာသလဲ”

ဒေါ်ရေနံ့သာခင်ခင်ကြီးက မိမိ၏ရင်တွင် မျက်နှာဝှက်နိုင်ရန် ကြိုးစားနေသော နန်းကိန္နရီ၏မျက်နှာကို လက်ဖြင့် မော့ယူသည်။ တစ်မျက်နှာလုံး မျက်ရည်ဖြင့် ရွှဲနစ်နေသည်။

“ပြောစမ်းပါ။ ဘာဖြစ်လာသလဲ”

ဒေါ်ရေနံ့သာခင်ခင်ကြီး၏ရင်ထဲမှာ ဒေါသဂယက် ထန်လာသည်။ ပူလောင်ပြင်းပြလာသည်။ တစ်ကိုယ်လုံး တဆတ်ဆတ်တုန်မိတော့မတတ် ခံပြင်းမှုကို ခံစားနေရသည်သို့ ရှိသည်။ လမ်းအတွင်းမှလူများ မိမိတို့ကို ဝိုင်းဝန်းကြည့်လာကြကြောင်း မြင်ရသည်။ ထိုအတွက်လည်း ရှက်ရွံ့စိတ် ဝင်လာသည်။

ဝိုင်းကြည့်လာသော လူတို့အကြားတွင် ကိုမောင်မောင်ဦး၏မျက်နှာကိုလည်း မြင်လိုက်ရသည်ဟု ဒေါ်ရေနံ့သာ ခင်ခင်ကြီးထင်သည်။

“ပြောစမ်းအရီ၊ ငိုနေလို့မပြီးဘူး။ အရီ ဘာဖြစ်လာသလဲ”

နန်းကိန္နရီသည် ဒေါ်ရေနံ့သာခင်ခင်ကြီး၏ မျက်နှာကို မော့ကြည့်လိုက်သည်။ ဆို့နင့်ထစ်ငေါ့သောအသံ ပေါ်လာသည်။

“အရီ၊ အရီဟာ မေမေ့သမီးအစစ် မဟုတ်ဘူးတဲ့”

“ဟင်”

သည်စကားစုသည် ဒေါ်ရေနံ့သာခင်ခင်ကြီး၏ အသည်းနှလုံးကို လက်ကြမ်းကြီးဖြင့် ဆွဲယူဆုပ်ချေလိုက်သည့်နှယ် ဖြစ်လေသည်။ ရုတ်တရက် ချောက်ချားသွားရသည်။

နန်းကိန္နရီသည် ဒေါ်ရေနံ့သာခင်ခင်ကြီး၏ လက်တွင်းမှ ရုန်းထွက်သည်။ မေ့လျော့သလိုဖြစ်ကာ လွှတ်ပေးလိုက်မိသည်။ ပြီးမှ သတိရလာပြန်သည်။

“အရီ”

လှမ်းခေါ်သေးသည်။

နန်းကိန္နရီ ဆက်လက်ပြေးသွားပြန်သည်။ ဒေါ်ရေနံ့သာခင်ခင်ကြီးသည်လည်း သူ့နောက်မှ ပြေးလိုက်လာခဲ့မိပြန်သည်။

နန်းကိန္နရီ ကားဆီသို့ရောက်သွားသည်။ ကားတံခါးကို ဝုန်းခနဲဆွဲဖွင့်ကာ ဝင်ထိုင်သည်။ ဒေါ်ရေနံ့သာခင်ခင်ကြီး ကတ္တရာလမ်းကို ဖြတ်ကူးမည်အပြု၌ နန်းကိန္နရီ၏ကားသည် လေးညှို့မှ ပစ်လွှတ်အပ်သောမြားနှယ် တစ်ဟုန်ထိုး မောင်းထွက်သွားလေသည်။

ဒေါ်ရေနံ့သာခင်ခင်ကြီး ကားဆီသို့အရောက်၌ ဒရိုင်ဘာက ကားတံခါးကို အသင့်ဖွင့်ပေးသည်။ အမိန့်မပေးရပါဘဲလျက် ဒရိုင်ဘာသည် နန်းကိန္နရီ၏ကားနောက်မှလိုက်ရမည်ကိုအလိုလိုသိနေသည်။

ကမ္ဘာအေးစေတီလမ်းအတိုင်း ကားနှစ်စီး အရှိန်အဟုန်ပြင်းစွာ မောင်းနှင်လာသည်။ တစ်စီးက ဗော်ဝက်ဂင်၊ တစ်စီးက မာစီဒီး။

နန်းကိန္နရီ၏ကားသည် လမ်းဘေးမှာ အေးချမ်းစွာသွားနေသော လူနှစ်ယောက်ကို တိုက်မိမည်ပြုသေးသည်။ မိုးလေဝသအနီးမှ တံတားဖြူ လက်ရမ်းများကို ပွတ်တိုက်ကာ ချောင်းအတွင်း ထိုးဆင်းမည်ပြုသေးသည်။ တံတားလေးလမ်းဝမှ ထွက်လာသော လော်ရီကားနှင့် ခေါင်းချင်းဆိုင်မိမတတ်ဖြစ်ခဲ့သေးသည်။ ရှေ့မှမောင်းနေသော ဘတ်စ်ကားကို အချက်မပေးဘဲ ကျော်တက်ခဲ့သေးသည်။

မိမိ၏ကားအရှိန် ကြောက်မက်ဖွယ်ကောင်းအောင် ပြင်းထန်နေသည်ကို နန်းကိန္နရီမသိ။ တိုက်မိခိုက်မိမည်ရှိသည်တို့ကိုလည်း အမှတ်မထား။ စင်စစ်မြင်ကွင်းအားလုံးသည် မိမိ၏ မျက်စိအကြည်ဓာတ်၌ ဝေရီနေသည်၊ အုံ့မှိုင်းနေသည်။ ညသန်းခေါင် အမှောင်နှင့်မည်းမည်း၌ လဟာပြင်ထဲတွင် ကားမောင်းနေမိသည်ဟုသာ ထင်သည်။ လီဗာကို တအားဖိနင်းထားမိသည်။ လက်ကိုင်ဘီးကို တင်းကျပ်စွာ ဆုပ်ထားမိသည်။

အရာရာတို့သည် ရှေ့မှ ရိပ်ခနဲပေါ်လာပြီး ရိပ်ခနဲပျောက်ကွယ်သွားကြသည်။ မရေရာသော ထွေပြားသောပစ္စည်းဝတ္ထုများအဖြစ် ပေါ်လာလိုက်၊ ပျောက်သွားလိုက်နှင့်။

အကြည့်များကသာ ရီဝေနေသည်။ ဝိုးဝါးနေသည် မဟုတ်။ နားတွင်လည်း အသံဗလံပေါင်းစုံတို့ ဆူညံကျယ်လောင်စွာ မြည်ဟည်းနေသည်ဟု မှတ်ယူသည်။

ရင်၌ အလုံးစုံသော နာကျင်ကြေကွဲမှုတို့ကို တစ်လုံးတစ်ဝတည်း ခံစားနေရသည်ဟုထင်သည်။ နန်းကိန္နရီသည် သတိလက်လွတ်ဖြစ်နေသူပမာ ကားကို အဆင်ခြင်မဲ့ မောင်းခဲ့မိသည်။

သို့နှယ်ဖြင့် ကားသည် ရှစ်မိုင်လမ်းဆုံသို့ ရောက်လာသည်။ လမ်းဆုံမှာ မီးပွိုင့်ရှိနေသည်ကို နန်းကိန္နရီ သတိမရ၊ အမှုမထား။ ယင်းမီးပွိုင့်မှ နီရဲသောမီးလုံးသည် မိမိအား တားဆီးနေသည်ဟု မထင်။ သူမ၏အမြင်တွင် ရှေ့၌ အတားအဆီးဟူ၍ တစ်စုံတစ်ခုမျှမရှိတော့သည်နှယ်ပင်။

ကားအရှိန်ကိုမလျှော့ဘဲ မိမိသွားလိုရာလမ်းအတိုင်း ချိုးကွေ့လိုက်သည်။ ရှေ့တည့်တည့်မှာ ကားတစ်စီး၏အသွင်သဏ္ဌာန် ပေါ်လာသည်။ အာရုံသည် ဖျတ်ခနဲနိုးလာသည်။ စိတ်ထဲမှာ ထိတ်ခနဲဖြစ်သွားသည်။ လက်ကိုင်ဘီးကို အားကုန်ဆွဲလှည့်လိုက်မိသည်။ ထိုအခါ လမ်းဘေးရှိ ကုက္ကိုပင်စည်သည် မိမိထံပြေးဝင်လာလျက်ရှိကြောင်း နန်းကိန္နရီ နောက်ဆုံးတွေ့လိုက်ရသည်။

ရှစ်မိုင်လမ်းဆုံတစ်ဝိုက်မှာ အာမေဋိတ်သံ၊ အော်သံဟစ်သံတို့ဖြင့် ဆူညံသွားသည်။ ပြေးဟယ် လွှားဟယ်နှင့် ရုတ်ရုတ်သဲသဲဖြစ်သွားသည်။ ချက်ချင်းဆိုသလို ငရဲခန်းကလေးတမျှ ဖြစ်သွားသည်။

ဒေါ်ရေနံ့သာခင်ခင်ကြီးသည် မျက်လုံးများကို တင်းကျပ်စွာ မှိတ်ထားလိုက်မိသည်။ လမ်းဆုံမီးပွိုင့်၌ မီးနီပြထားပါလျက် နန်းကိန္နရီ၏မော်တော်ကား စွတ်ဝင်သွားသည်ကို မြင်ရသည်။ ကားတံခါးပေါက်မှ ကိုယ်တစ်ပိုင်းထုတ်လျက် တားဆီးမိခဲ့ပါသေးသည်။ အော်ဟစ်သတိပေးခဲ့မိပါသေးသည်။

နန်းကိန္နရီ၏ကားသည် တစ်ဖက်မှမောင်းဝင်လာသောကားတစ်စီးကို ကွေ့ရှောင်လိုက်သည်၌ လက်ကိုင်ဘီးကို မထိန်းနိုင်တော့ဘဲ လမ်းဘေးကုက္ကိုပင် ပင်စည်သို့ ဦးတည်သွားသည်။ သည်ကတည်းက ရေနံ့သာခင်ခင်ကြီး မျက်စိမှိတ်ထားလိုက်မိသည်။

နားတွင် အသံဗလံများကြားရသည်။ တစ်စုံတစ်ခုနှင့် အရှိန်ပြင်းစွာ ဆောင့်မိသံ။ နောက်တော့ အော်ဟစ်သံများ။ အားလုံးသည် ဒေါ်ရေနံ့သာခင်ခင်ကြီး၏နား၌ ငရဲပွက်သံနှယ် ဆူညံနေသည်။ ပွက်လောရိုက်နေသည်။

သူသည် မျက်လုံးများကို ဖြည်းဖြည်းချင်း ဖွင့်လိုက်သည်။ မရဲတရဲဖွင့်လိုက်သည်။

ဒရိုင်ဘာက ကားကို လမ်းဘေး၌ ရပ်ထားပေးခဲ့ပြီးနောက် နန်းကိန္နရီ၏ မော်တော်ကားရှိရာသို့ ပြေးသွားကြောင်း တွေ့ရသည်။ ယခုအခါ ကားနံဘေးတွင် လူတွေအုံနေပြီ။ ပတ်ပတ်လည်မှာ လူဝိုင်းနေပြီ။

မော်တော်ကားတံခါး ဖွင့်လိုက်သည်။ လက်များသည် တဆတ်ဆတ်တုန်နေသည်။ မြေပြင်နှင့် ခြေတို့ ထိတွေ့မိကြသည်။ မတ်မတ်ရပ်နိုင်အောင် မနည်းကြိုးစားရသည်။ တုန်လှုပ်မှုသည် တစ်ကိုယ်လုံးကို လွှမ်းခြုံလျက်ရှိသည်။ နန်းကိန္နရီ၏ မော်တော်ကားရှိရာသို့ အားတင်းလျှောက်လာရသည်။ လူအများကို တွန်းဖယ်ရသည်။ လူအုပ်အတွင်း တိုးဝင်လာခဲ့သည်။

မော်တော်ကားခေါင်းတစ်ခုလုံး ရစရာမရှိတော့လောက်အောင် ကြေမွနေပြီထင်သည်။ ရှေ့မှန်ကွဲနေသည်။ ကားတံခါးရွက် ပြုတ်ထွက်သွားသည်။ လူတို့သည် အတွင်းမှ နန်းကိန္နရီ၏ကိုယ်ကို ထုတ်ယူရန် ကြိုးစားနေကြသည်။ သွေးစသွေးနတို့ ဖြူသောကား၏ဆေးရောင်တွင် စွန်းထင်းနေသည်။

ဒေါ်ရေနံ့သာခင်ခင်ကြီးသည် တစ်စထက်တစ်စ ရဲတင်းလာရသလိုရှိသည်။ ရင်ထဲမှာ ပူနေသည်။ အသည်းနှလုံးသည် တဆတ်ဆတ်ခုန်နေသည်။ နန်းကိန္နရီအား ထုတ်ယူရန် ကြိုးစားနေသူတို့ အကြားသို့ ရောက်သွားသည်။ သွေးအလိန်းလိန်း ကပ်နေသော နန်းကိန္နရီကို ကား၏ကြမ်းပြင်တွင် မြင်ရပါပြီ။ **ဆက်လက်ဖော်ပြပါမည်။**

“ရှစ်မိုင်လမ်းဆုံတစ်ဝိုက်မှာ အာမေဋိတ်သံ၊ အော်သံဟစ်သံတို့ဖြင့် ဆူညံသွားသည်။ ပြေးဟယ် လွှားဟယ်နှင့် ရုတ်ရုတ်သဲသဲ ဖြစ်သွားသည်။ ချက်ချင်းဆိုသလို ငရဲခန်းကလေးတမျှ ဖြစ်သွားသည်။ ဒေါ်ရေနံ့သာခင်ခင်ကြီးသည် မျက်လုံးများကို တင်းကျပ်စွာ မှိတ်ထားလိုက်မိသည်။ လမ်းဆုံမီးပွိုင့်၌ မီးနီပြထားပါလျက် နန်းကိန္နရီ၏မော်တော်ကား စွတ်ဝင်သွားသည်ကို မြင်ရသည်။ ကားတံခါးပေါက်မှ ကိုယ်တစ်ပိုင်းထုတ်လျက် တားဆီးမိခဲ့ပါသေးသည်။ အော်ဟစ်သတိပေးခဲ့မိပါသေးသည်။ နန်းကိန္နရီ၏ကားသည် တစ်ဖက်မှမောင်းဝင်လာသော ကားတစ်စီးကို ကွေ့ရှောင်လိုက်သည်၌ လက်ကိုင်ဘီးကို မထိန်းနိုင်တော့ဘဲ . . .”

ဆရာမောင်သိန်းဆိုင်၏ “ရေနံ့သာ ခင်ခင်ကြီး” စာအုပ်အား စာရေးသူ၏ မိသားစု ခွင့်ပြုချက်ဖြင့် ကူးယူဖော်ပြခြင်းဖြစ်ပါသည်။ **စာတည်း**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၁၂)ရပ်ကွက်၊ မာလာရုံလမ်း၊ အမှတ်(၃၃၂)၊ အကျယ်အဝန်း ပေ(၃၃x၁၄)ရှိ မြေကွက်နှင့် မြေပေါ်ရှိ RC နှစ်ထပ်တိုက် အပါအဝင်အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ဆက်စပ်စာချုပ်များဖြင့် ဝယ်ယူပိုင်ဆိုင်လက်ရှိထားသူ ဒေါ်စန်းစန်းဝင်း [၁၂/လမန(နိုင်)၀၅၇၇၅၈၈] ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ်ပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ အဆိုပါအရောင်းအဝယ်အား ကန့်ကွက်လိုပါက စာရွက်စာတမ်းအထောက်အထားမူရင်းများဖြင့် ကျွန်ုပ်ထံသို့ ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးကျော်မင်းသူနှင့် ဒေါ်မိုးမိုးအေးတို့၏ လွှဲအပ်ညွှန်ကြားချက်အရ–**
**ဦးဝင်းဇော် (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်–၈၆၄၉)**
**အမှတ်(၅၈/၆၀)၊ ပထမထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ Ph: 09–5056944**

## ငြင်းချက်ထုတ်ရန်ဆင့်စာ
### (တရားမကျင့်ထုံးဥပဒေအမိန့်–၅၊ နည်းဥပဒေ–၂၀)
### ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ်တရားရုံးတော်၌
### ၂၀၂၂ခုနှစ်၊ တရားမကြီးမှုအမှတ်–၆၀

ဒေါ်အဲန်နယ်ဇီန် (တရားလို) နှင့် ဒေါ်စန်းနွဲ့ (တရားပြိုင်)

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၃၆)ရပ်ကွက်၊ တောင်ထိပ်ပန်းလမ်း၊ အမှတ်–(၄၀၃)နေ ဒေါ် စန်းနွဲ့ (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

သင့်အပေါ်၌ တရားလိုက **"ပဋိညာဉ်တိုင်း အရောင်းအဝယ်စာချုပ်အား မှတ်ပုံတင်ပြုလုပ်ချုပ်ဆိုပေးစေလိုမှု"** လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၂၂ခုနှစ်၊ ဇူလိုင်လ (၂၇)ရက် (၁၃၈၄ခုနှစ်၊ ဝါဆိုလကွယ်)နေ့ မွန်းမတည့်မီ (၁၀:၀၀)နာရီတွင် အထက်အမည်ပါသူ တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းအပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်က ထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၂ခုနှစ်၊ ဇူလိုင်လ (၁၃)ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(ဝါဝါထွေး)**
**မြို့နယ်တရားသူကြီး**
**ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်တရားရုံး**

## "သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်း အများသိစေရန် ကြေညာခြင်း"

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ကန်/မြောက်ရပ်ကွက်၊ ဘန္ဓာကုန်း၊ ၆ လမ်း၊ အမှတ်–၄၇၊ ၅ လွှာနေ ဦးအာရောဖ်အလီ(ခ) ကျော်နိုင်[၁၂/မဂတ(နိုင်)၁၁၅၁၂၃]–ဒေါ်ခင်လှဝင်း [၁၁/စတန(နိုင်)၀၄၃၀၁၁]တို့၏ သားဖြစ်သူ မောင်အောင်သူရ (ခ) အေးကရမ်ရှုရစ်သည် မိဘ၊ ညီအစ်ကို၊ မောင်နှမများအား အကြိမ်ကြိမ်စိတ်ဆင်းရဲအောင် ပြုလုပ်ပြီး မိဘတို့၏ ဆိုဆုံးမမှုတို့ကို မနာခံဘဲ မိဘများခွင့်မလွှတ်နိုင်သည့်ကိစ္စများကို အကြိမ်ကြိမ်ပြုမူ ဆောင်ရွက်ခဲ့သဖြင့် သားအဖြစ်မှ အမွေပြတ်အပြီးစွန့်လွှတ်လိုက်ပါကြောင်းနှင့် နောက်နောင်တွင်လည်း ၎င်းနှင့် ပတ်သက်၍ မည်သည့်ကိစ္စတစ်စုံတစ်ရာကိုမျှ လက်ခံဖြေရှင်းဆောင်ရွက် ပေးမည်မဟုတ်ပါကြောင်းကိုလည်း မောင်အောင်သူရ (ခ) အေးကရမ်ရှုရစ်နှင့် အများသိစေရန် ကြေညာအပ်ပါသည်။ **(စုံစမ်းမေးမြန်းခြင်းသည်းခံပါ)**

**ဖခင် ဦးကျော်နိုင် – မိခင် ဒေါ်ခင်လှဝင်း**

## ဖခင်အမည်မှန်

ရောဝတီတိုင်းဒေသကြီး၊ ဝါးခယ်မမြို့၊ အ.ထ.က(၂) Grade–11(C) စနစ်သစ်တန်းမှ မောင်ဝေယံထွန်း၏ ဖခင်အမည်မှန်မှာ ဦးအောင်မြတ်မင်း [၁၄/ဝခမ(နိုင်)၁၃၈၉၉၄]ဖြစ်ပါကြောင်း။

**ဦးအောင်မြတ်မင်း**

## ဖခင်အမည်မှန်

ရောဝတီတိုင်းဒေသကြီး၊ ဝါးခယ်မမြို့၊ ရွာလည်ရပ်ကွက်(၁)လမ်းနေ မမေမြတ်နိုးဇော်၏ ဖခင်အမည်မှန်မှာ ဦးအောင်မြတ်မင်း [၁၄/ဝခမ(နိုင်) ၁၃၈၉၉၄] ဖြစ်ပါကြောင်း။

**ဦးအောင်မြတ်မင်း**

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာ

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်–၃/မာန်ပြေ၊ မြေကွက်အမှတ်–၈၆၈/က၊ ဧရိယာ ပေ(၂၀x၆၀)၊ မြေကွက်တည်နေရာအမှတ် –၈၆၈/က၊ မာန်ပြေ (၁၆)လမ်းအနောက်၊ ၃/မာန်ပြေရပ်ကွက်၊ သာကေတမြို့နယ်၊ ဒေါ်အေးဗုံ [၁၂/သကတ(နိုင်)၀၃၃၆၁၄] အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ဒေါ်အေးဗုံထံမှ ပိုင်ဆိုင်ကြောင်း စာချုပ်အမှတ်–၃၈၈၁/၂၀၂၁ (၂၅–၁၁–၂၀၂၁) ဖြင့် ပိုင်ဆိုင်သူ ဦးစံအောင်[၁၂/သကတ(နိုင်)၀၃၀၂၉၃]မှ နှစ် (၆၀)ဂရန်မူရင်းမှာ ခြကိုက်ပျက်စီးကြောင်း သက်ဆိုင်ရာရပ်ကွက်အုပ်ချုပ်ရေးမှူးထောက်ခံစာ ရဲစခန်းထောက်ခံစာ၊ ကိုယ်တိုင်ဝန်ခံချက်၊ တရားရုံးကျမ်းကျိန်လွှာတို့ တင်ပြ၍ ဂရန်မိတ္တူလျှောက်ထားလာရာ ကန့်ကွက်ရန်ရှိပါက တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇) ရက်အတွင်း ကန့် ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်းဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေး ကြေညာအပ်ပါသည်။

**ဌာနမှူး**
**(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

သင့်
သွေးဖြင့်
အသက်ကယ်ပါ

## ကန့်ကွက်နိုင်ပါသည်

ကျွန်ုပ်တို့၏အမှုသည်က ၎င်းပိုင်ဆိုင်သော သန်လျင်မြို့၊ မြို့သစ်အရှေ့ရပ်ကွက်၊ အကွက်အမှတ်–၁၉၊ ဇရစ်စမ်းမြောက်ကွက်၊ ဦးပိုင်အမှတ်–၁၅၁/ခ၊ မြေကွက်အမှတ်–၁၆၈/ခ၊ ဧရိယာ –၀.၀၄၆ဧကရှိ ဂရန်အမှုတွဲအမှတ်–၉၉V/၂၀၁၁–၂၀၁၂ အရ ဦးသိန်းအောင် အမည်ဖြင့် ရရှိထားသည့် ဂရန်မြေကွက်နှင့် ၎င်းဂရန်မြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော သန်လျင်မြို့၊ မြို့သစ်အရှေ့ရပ်ကွက်၊ ကျောင်းလမ်း၊ အမှတ်(၁၈)ဟူသည့် နေအိမ်တို့နှင့် သန်လျင်မြို့၊ မြို့မတောင်ရပ်ကွက်၊ အကွက်အမှတ်–၁၃၊ မြူနီစီပယ်ဈေးကွက်၊ ဦးပိုင်အမှတ်–၁၈၊ ဧရိယာ–၀.၀၈၃ဧကရှိ ဂရန်အမှုတွဲအမှတ်–၁၄၂ V/၂၀၁၂–၂၀၁၃ အရ ဒေါ်မြင့်မြင့်ရွှေ(ခ) ဒေါ်မြင့်မြင့်ဆွေ အမည်ဖြင့် ရရှိထားသော ဂရန်မြေကွက်နှင့် ၎င်းဂရန်မြေကွက်ပေါ်တွင် ဆောက်လုပ်ထားသည့် သန်လျင်မြို့၊ မြို့မတောင်ရပ်ကွက်၊ လမ်းမတော်လမ်း၊ အမှတ်(၄၂)ဟူသော နေအိမ်တို့ကို အလဲအလှယ်ပြုလုပ်ရန်အတွက် ခြားနားသည့် ဂရန်မြေကွက်နှင့် နေအိမ်တန်ဖိုးတို့အပေါ်တွင် တန်ဖိုးငွေ တစ်စိတ်တစ်ဒေသပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက (၁၀)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်သည့်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက ဤအလဲအလှယ်ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ညွှန်ကြားချက်အရ**

**ဦးတင်ထွန်း B.A.(Law), LL.B** — **တရားလွှတ်တော်ရှေ့နေ(စဉ်–၂၃၀၉)**

**ဒေါ်တင်အေး(မစု)B.A., H.G.P.,R.L.** — **တရားလွှတ်တော်ရှေ့နေ(စဉ်–၇၄၈၁)**

**ဒေါ်သွဲ့ဦးမွန် (ငယ်ငယ်) LL.B**
**တရားလွှတ်တော်ရှေ့နေ(စဉ်–၈၉၂၀)**
**အမှတ်(၃)၊ ကြံ့ခိုင်ရေးလမ်း၊ မြို့သစ်အနောက်ရပ်ကွက်၊ သန်လျင်မြို့။**
**ဖုန်း–၀၉– ၅၁၄၄၀၆၇၊ ၀၉–၅၁၄၃၆၄၄၊ ၀၉–၄၂၁၁၄၄၄၃၂၊ ၀၅၆–၂၁၁၄၀**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ် (တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၉)၊ မြေကွက်အမှတ်(၃၁)၊ အောင်ဆုပန်လမ်း၊ အမှတ်(၄)၊ ဧရိယာ(၀.၀၅၅) ဧကမြေပေါ်ရှိ မြေနှင့် အဆောက်အအုံအကျိုးခံစားခွင့် အရပ်ရပ်ကို အမည်ပေါက်ပိုင်ဆိုင်သူ ဦးမြင့်ဆွေထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန်အတွက် စရန်ငွေ တစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါသည်။ ကန့်ကွက်လိုပါက ဤကြေညာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း တရားဝင်ခိုင်လုံသော စာချုပ်စာတမ်းမူရင်းများဖြင့် ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ကို ပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်သီတာဦး**
**တရားလွှတ်တော်ရှေ့နေ (စဉ်–၈၅၇၂/၂၀၁၂)**
**အမှတ်(၆၀)၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်**
**ရန်ကုန်မြို့။ Ph–09–43095811,01–378601**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ (၄/တောင်)ရပ်ကွက်၊ မေယုလမ်း၊ အမှတ်(၄၃၃/က+ခ) ဟုခေါ်တွင်သော မြေပေါ်တွင်ဆောက်လုပ်ထားသော (၆)ထပ်တိုက်၏ (၅–လွှာ) (ခေါင်းရင်းခန်း) အကျယ်အဝန်း (၁၅'x၅၅')ရှိ တိုက်ခန်း(၁)ခန်း အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့နှင့်ပတ်သက်၍ တရားဝင်လွှဲပြောင်းရောင်းချပိုင်ခွင့်၊ စီမံခန့်ခွဲပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူ ဒေါ်ခင်မာလှိုင် [၁၄/ဝခမ(နိုင်)၁၅၁၅၁၉]ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူများက အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကိုပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါတိုက်ခန်းအရောင်းအဝယ်ပြုလုပ်ခြင်းနှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူမည်သူမဆို ကန့်ကွက်မည့်သူရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ ပိုင်ဆိုင်မှု စာချုပ်စာတမ်းမူရင်းများနှင့်တကွ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အဆိုပါအရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးစီးအောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်လှိုင်နန်းထိုက်**
**တရားလွှတ်တော်ရှေ့နေ (စဉ်–၁၀၀၂၇)**
**Ph: 09–420083536**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(ဃ)၊ ဝေပုလ္လ(၂)လမ်း၊ မြေကွက်အမှတ်(၈၆ $\frac{၁}{၂}$)၊ ဒေါ်သန်းကြည် အမည်ပေါက်နှစ်(၆၀) မြေငှားဂရန်မူရင်းပါ မြေအကျယ်ပေ (၂၀x၆၀)အနက်မှ တရားဝင်မခွဲမစိတ်ရသေးသော မြေအကျယ်ပေ (၈x၆၀)ရှိမြေနှင့် ယင်းမြေပေါ်ရှိ နေအိမ်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို ဒေါ်အေးအေးမြင့် [၁၂/ဥကမ(နိုင်)၀၉၆၅၇]မှပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း၊ အရှုပ်အရှင်းတစ်စုံတစ်ရာမရှိ ကင်းရှင်းပါကြောင်း ဝန်ခံပါသဖြင့် ဦးကြည်ဝင်း [၅/ဘတလ(နိုင်)၀၄၃၀၄၂]မှ စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ရာ ဤကြော်ငြာစာပါသည့်နေ့မှ (၇)ရက်အတွင်း စာချုပ်စာတမ်းမူရင်း၊ စာရွက်စာတမ်းမူရင်းများနှင့်တကွ ဆက်သွယ်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ပြည့်သည့်တိုင် ကန့်ကွက်သူမရှိပါက ဤအရောင်းအဝယ်အား ဥပဒေနှင့်အညီပြီးသည်အထိ ဆက်လက်ဆောင်ရွက်မည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

**ညွှန်ကြားသူ–**
**ဦးကြည်ဝင်း**

**ညွှန်ကြားချက်အရ–**
**ဒေါ်ဝေဝေခိုင်(ခ) ဒေါ်မြမြဌေး(H.G.P, LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်–၆၆၀၅)၊ (၂၀–၇–၁၉၉၈)**
**ရုံး–(ဃ/၃၀၄)၊ ပထမထပ်၊ ခေမာသီလမ်း၊ မြောက်ဥက္ကလာပမြို့နယ်။ ဖုန်း–၀၉–၅၄၀၇၂၂၉**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်–၁၉၊ ကျောင်းလမ်း၊ မြေကွက်အမှတ်–၅၁၉/က၊ အကျယ်အဝန်း ပေ(၂၀x၆၀)၊ (၀.၀၂၇၅) ဧကရှိ နှစ်(၆၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အဆောက်အဦအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့သည် ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီတွင် ဒေါ်စပယ်[၁၂/ဗဟန(နိုင်)၀၂၆၀၇၆]အမည်ဖြင့် မှတ်သားတည်ရှိပြီး အရှုပ်အရှင်းကင်းစွာ လက်ဝယ်ရှိပိုင်ဆိုင်ပါကြောင်းနှင့် ရောင်းချပိုင်ခွင့်ရှိကြောင်း ဒေါ်စပယ်မှ ဝန်ခံကတိပြုလာသည့်အတွက် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသအား ပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ပိုင်ဆိုင်ကြောင်းအထောက်အထား(မူရင်း) များနှင့်အတူ ကျွန်ုပ်ထံသို့ ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်အားပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်ခင်သန္တာလွင်(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်–၈၃၆၅)**
**အမှတ်(၃၈၈)၊ အေးမြသာယာလမ်း၊၃၂–ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)**
**မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း–၀၉–၄၄၃၂၁၈၀၀၃၊ ၀၉–၇၈၆၃၁၇၂၈၀**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ် –၁၁၈၊ ရာဇာဓိရာဇ်လမ်း၊ မြေကွက်အမှတ်–၁၃၊ အကျယ်အဝန်း ပေ(၄၀x၆၀) ရှိ နှစ်(၆၀)ဂရန်မြေကွက်နှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့သည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီတွင် ဦးခင်မောင်ဟိန်း[၁၂/ဥကတ(နိုင်)၀၇၀၃၀၄]အမည်ဖြင့် မှတ်သားတည်ရှိပြီး အရှုပ်အရှင်းကင်းစွာ လက်ဝယ်ရှိပိုင်ဆိုင်ပါကြောင်းနှင့် ရောင်းချပိုင်ခွင့်ရှိကြောင်း ဦးခင်မောင်ဟိန်းမှ ဝန်ခံကတိပြုလာသည့်အတွက် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသအား ပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ပိုင်ဆိုင်ကြောင်းအထောက်အထား(မူရင်း)များနှင့်အတူ ကျွန်ုပ်ထံသို့ ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်အား ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်ခင်သန္တာလွင်(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်–၈၃၆၅)**
**အမှတ်(၃၈၈)၊ အေးမြသာယာလမ်း၊ ၃၂–ရပ်ကွက်၊**
**ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း–၀၉–၄၄၃၂၁၈၀၀၃၊**
**၀၉–၇၈၆၃၁၇၂၈၀**

## ကြော်ငြာစာ
### အမွေဆက်ခံခြင်း အက်ဥပဒေပုဒ်မ–၃၀၇
### ရန်ကုန်မြောက်ပိုင်းခရိုင်တရားရုံးတော်၌
### ၂၀၂၂ ခုနှစ်၊ တရားမအထွေထွေမှုအမှတ်–၇၀
### ကွယ်လွန်သူ ဦးလှထွေး၏ကျန်ရှိရစ်သော ပစ္စည်းများနှင့် စပ်လျဉ်းသည့်အမှု

**ဒေါ်ခင်မာချို** — **လျှောက်ထားသူ**

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ နံ့သာကုန်းရပ်ကွက်၊ ဘူတာရုံလမ်းသွယ်၊ အမှတ်(၆၄၅)တွင် နေထိုင်ခဲ့သော ကွယ်လွန်သူ ဦးလှထွေး၏ ကျန်ရှိရစ်သော ပစ္စည်းနှင့်စပ်လျဉ်း၍ အမွေဆက်ခံခြင်း အက်ဥပဒေပုဒ်မ–၃၀၇ အရ ကွယ်လွန်သူ ဦးလှထွေး၏ ကျန်ရစ်ခဲ့သော ပစ္စည်းများအား စီမံခန့်ခွဲခွင့်ပြုပါရန်နှင့် ပုဒ်မ–၃၀၇ပါပြဋ္ဌာန်းချက်များအရ လုပ်ပိုင်ခွင့်များ ဆောင်ရွက်ခွင့်ပြုပါမည့်အကြောင်း ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ နံ့သာကုန်းရပ်ကွက်၊ ဘူတာရုံလမ်းသွယ်၊ အမှတ်(၆၄၅)နေ ဒေါ်ခင်မာချိုမှ အမွေဆက်ခံခြင်း၊ အက်ဥပဒေပုဒ်မ ၃၀၇ အရ လျှောက်ထားလာသဖြင့် ဤအမှုကို ၂၀၂၂ ခုနှစ်၊ ဇူလိုင်လ(၂၇)ရက်၊ (၁၃၈၄ ခုနှစ်၊ ဝါဆိုလ ကွယ်နေ့)တွင် ကြားနာရန်ချိန်းဆိုထားသောကြောင့် ထိုကွယ်လွန်သူ ဦးလှထွေး၏ ကျန်ရှိရစ်သောပစ္စည်းတွင် အကျိုးစီးပွားတစ်ခုခု သက်ဝင်သည်ဟု အဆိုရှိသူတို့သည် ၂၀၂၂ ခုနှစ်၊ ဇူလိုင်လ(၂၇)ရက်၊ (၁၃၈၄ ခုနှစ်၊ ဝါဆိုလကွယ်နေ့) နံနက် ၁၀နာရီ၌ မိမိတို့ ကိုယ်တိုင်သော်လည်းကောင်း၊ မိမိတို့ နည်းလမ်းတကျ လွှဲအပ်ထားသော ကိုယ်စားလှယ်တစ်ဦးဦးဖြင့်သော်လည်းကောင်း လာရောက်အမှုရင်ဆိုင်ရန်နှင့် သက်ဆိုင်ရာအမှုတွဲအား ကြည့်ရှုရန် အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ၃၀၇နှင့်အညီဆင့်ဆိုလိုက်သည်။ ယင်းကဲ့သို့ လာရောက်အမှုရင်ဆိုင်ရန် ပျက်ကွက်ခဲ့လျှင် တရားရုံးကလျှောက်ထားသူ ဒေါ်ခင်မာချို၏ လျှောက်လွှာအပေါ် စစ်ဆေးကြားနာ၍ စီရင်ဆုံးဖြတ်လိမ့်မည်။

၂၀၂၂ ခုနှစ်၊ ဇူလိုင်လ(၈)ရက်နေ့၌ ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(အေးအေးသိန်း)**
**ဒုတိယခရိုင်တရားသူကြီး(၂)**
**ရန်ကုန်မြောက်ပိုင်းခရိုင်တရားရုံး**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၈)၊ အင်ကြင်းလမ်း၊ အမှတ်(၇၇)၊ ဦးစောဂျိုးဇက် အမည်ပေါက် နှစ်(၆၀) မြေငှားဂရန်ပါ မြေအကျယ် ပေ(၄၀x၆၀)အနက်မှ မခွဲမစိတ်ရသေးသော [မြေကွက်အမှတ်(၇၈)ဘက် –ဂရန်မိတ္တူခြမ်း] မြေအကျယ် ပေ(၂၀x၆၀)ရှိမြေနှင့် ယင်းမြေပေါ်ရှိ နေအိမ်အကျိုးခံစားခွင့်အရပ်ရပ်အာလုံးတို့ကို ဒေါ်နီလာအောင် [၉/မမန(နိုင်)၀၇၆၆၇၈]မှ ပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း၊ အရှုပ်အရှင်းတစ်စုံတစ်ရာမရှိ ကင်းရှင်းပါကြောင်း ဝန်ခံကြပါသဖြင့် ဒေါ်ခင်ခင်စန်း [၁၂/မဂဒ(နိုင်)၀၇၈၃၄၀]မှ စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ရာ ဤကြော်ငြာစာပါသည့်နေ့မှ (၇)ရက်အတွင်း စာချုပ်စာတမ်းမူရင်း၊ စာရွက်စာတမ်းမူရင်းများနှင့်တကွ ဆက်သွယ်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ပြည့်သည့်တိုင် ကန့်ကွက်မည့်သူမရှိပါက ဤအရောင်းအဝယ်အား ဥပဒေနှင့်အညီပြီးသည်အထိ ဆက်လက်ဆောင်ရွက်မည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

**ညွှန်ကြားသူ–**
**ဒေါ်ခင်ခင်စန်း**

**ညွှန်ကြားချက်အရ–**
**ဒေါ်ဝေဝေခိုင်(ခ) ဒေါ်မြမြဌေး(H.G.P, LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်–၆၆၀၅)၊ (၂၀–၇–၁၉၉၈)**
**ရုံး–(ဃ/၃၀၄)၊ ပထမထပ်၊ ခေမာသီလမ်း၊ မြောက်ဥက္ကလာပမြို့နယ်၊ ဖုန်း–၀၉–၅၄၀၇၂၂၉**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

တောင်ဥက္ကလာပမြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ်–၅၊မြေကွက်အမှတ်–၂၈၀/က၊ မြေကွက်တည်နေရာအမှတ်(၂၈၀/က)၊ပင်းယ(၁၂)လမ်း၊(၅)ရပ်ကွက်၊တောင်ဥက္ကလာပမြို့နယ်၊ဦးမောင်ကျော်(၁၂/ဥကတ(နိုင်)၀၇၄၆၄၅)အမည်ပေါက်နှစ်(၆၀)ဂရန်မြေအား အမည်ပေါက်–ဦးမောင်ကျော်(ဖခင်)နှင့် ဒေါ်သိန်းညို(မိခင်)တို့ကွယ်လွန်သဖြင့် ဒေါ်ခင်သက်တင်(သမီး)(GP)ဒေါ်သန်းသန်းနွယ်မှတစ်ဦးတည်းသောသမီးဖြစ်ကြောင်းကျမ်းကျိန်လွှာ–၁၂/၄၁၃/၂၀၂၁(၃–၁၂–၂၀၂၁)၊ထောက်ခံကျမ်းကျိန်လွှာ၊ သေစာရင်း၊အိမ်ထောင်စုစာရင်း၊ဂရန်မူရင်းနှင့်မြေစာရင်းရှိ၂၀၁၆ခုနှစ်တွင်ဦးမျိုးဆန်း (၁၂/ဥကတ(နိုင်)၀၉၉၄၅၅)၏ကန့်ကွက်ချက်မှတ်သားထားရှိခြင်းအား GP ဒေါ်သန်းသန်းနွယ်မှဌာနဝင်စာအမှတ်–၁၅၆၃(၁၈–၂–၂၀၂၂)နှင့်ပူးတွဲလျှက်ကန့်ကွက်မှုနှင့်ပတ်သက်၍ပြဿနာတစ်စုံတစ်ရာပေါ်ပေါက်လာပါကတာဝန်ယူဖြေရှင်းမည်ဖြစ်ပါကြောင်းကျမ်းကျိန်လွှာ–၂/၁၃၉၈/၂၀၂၂(၁၄–၂–၂၀၂၂)တင်ပြ၍ပိုင်ဆိုင်ကြောင်းစာချုပ်ချုပ်ဆိုရန်နှင့်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်လျှောက်ထားလာခြင်းအားတရားဝင်ခိုင်လုံသောအထောက်အထားများဖြင့်ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်းကန့်ကွက်နိုင်ပါကြောင်းနှင့်ကန့်ကွက်မှုမရှိပါကလုပ်ထုံးလုပ်နည်းအတိုင်းဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်းအသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)၊**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန၊ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးမြို့နယ်၊ ဘားလားစံပြကျေးရွာ (ယခုကျေးရွာသစ်လမ်း) ကွင်းအမှတ် (၄၉၅–အေ)၊ မြေကွက်အမှတ် (၂၃၁)၊ အကျယ်အဝန်း (၁၀၀x၁၂၀) ပေရှိ ဦးလှဌေး အမည်ပေါက်ဖြစ်သည့် မြေကွက်အား အရောင်းအဝယ်စာချုပ်များဖြင့် ဝယ်ယူပိုင်ဆိုင်ထားသည့် ဦးကျော်သူ [၁၂/တမန(နိုင်)၀၉၈၁၁၂]ထံမှဝယ်ယူရန် ကျွန်ုပ်၏မိတ်ဆွေက စရန်ငွေ တစ်စိတ်တစ်ဒေသပေးချေ၍ ဝယ်ယူပြီးဖြစ်ပါသည်။ ကန့်ကွက်လိုပါက သက်ဆိုင်သောစာရွက်စာတမ်းမူရင်းများဖြင့် ဤကြော်ငြာပါပြီး (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်ရန်မရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ယုယုနွယ် (LL.B, D.B.L)**
**တရားလွှတ်တော်ရှေ့နေ (စဉ်–၁၅၅၅၈)**
**အမှတ်(၁၃၂၇/က)၊ အေးရိပ်သာ (၇)လမ်း၊ (၄၃)ရပ်ကွက်၊**
**ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း–၀၉–၄၅၀၀၆၅၂၇၃**

## "ကန့်ကွက်နိုင်ပါသည်"

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၁၅)၊ မြေကွက်အမှတ်–(၃၀၈)၊ မြေအကျယ်အဝန်း (၄၀x၆၀)ပေရှိ ဦးမောင်မြင့် (ခ) ဦးမောင်မောင်မြင့် (YDN–093685) အမည်ပေါက် ပါမစ်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အမှတ်(၃၀၈)၊ ကုန်းဘောင်လမ်း၊ (၁၅)ရပ်ကွက်၊ အရှေ့ဒဂုံမြို့နယ်ဟု ခေါ်တွင်သည့် နေအိမ်၊ စွဲကပ်တည်ရှိနေသောအရာများ၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို မြေပါမစ် အမည်ပေါက်ထံက ဆက်စပ်စာချုပ်များဖြင့် ဝယ်ယူပိုင်ဆိုင်နေထိုင်ထားသူ ဒေါ်စန်းစန်းတင့် [၁၂/ဥကတ(နိုင်)၀၈၆၂၃၀] က တရားဝင်ရောင်းချ ပိုင်ခွင့်အပြည့်အဝရှိကြောင်း တာဝန်ယူဝန်ခံ၍ ရောင်းချရာ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ကလျာမင်း [၁၀/မလမ(နိုင်)၀၀၇၀၄၉] မှ ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။

အဆိုပါအရောင်းအဝယ်နှင့် ပတ်သက်ပြီး အကျိုးသက်ဆိုင်သူမည်သူမဆို ပိုင်ဆိုင်မှုအထောက်အထားစာရွက်စာတမ်းမူရင်း စုံလင်စွာဖြင့် ကျွန်ုပ်ထံသို့ (၇)ရက်အတွင်း လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်ခဲ့ခြင်းမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးအေးမော် (B.Sc, H.G.P, D.B.L, D.A.Psy)**
**အထက်တန်းရှေ့နေ (စဉ်–၁၈၆၀၉)**
**အမှတ်(၂၆၀)၊ ပထပ်(ဝဲ)လမ်း–၄၀၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း ၀၉–၅၁၄၃၅၈၃၊ ၀၉–၇၉၅၉၁၃၉၈၄၅**

# စစ်တက္ကသိုလ်ဗိုလ်လောင်းခေါ်ယူခြင်း

၁။ လျှောက်ထားသူသည်-

(က) ၂၀၂၃ ခုနှစ်၊ ဇန်နဝါရီလ (၁) ရက်နေ့တွင် အသက်(၁၆)နှစ်အောက် မငယ်ရ၊ (၁၈)နှစ်(၆)လထက် မကြီးရ။

( ခ ) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား အိမ်ထောင်မရှိဖူးသူ(လူပျို)ဖြစ်ရမည်။

( ဂ ) အနည်းဆုံးအရပ် (၅)ပေ၊ (၃)လက်မနှင့် ကိုယ်အလေးချိန် ပေါင်(၁၀၀)ထက်မနည်းရပေါင်(၁၄၀) ထက်မကျော်ရ။

(ဃ) မျက်မှန်တပ်ဆင်ထားသူများ မဖြစ်စေရ။

( င ) **၂၀၂၂ ခုနှစ်**တွင် ကျင်းပပြုလုပ်ခဲ့သော တက္ကသိုလ်ဝင်စာမေးပွဲတွင် ဖြေဆိုအောင်မြင်သူဖြစ်ရမည်။

၂။ လျှောက်လွှာများကို မိမိတို့နှင့်နီးစပ်ရာ တိုင်းစစ်ဌာနချုပ်များတွင် **၂၀၂၂ ခုနှစ်၊ ဇွန်လ (၂၂) ရက်နေ့**မှစ၍ အခမဲ့ရယူနိုင်သည်။

၃။ လျှောက်လွှာနှင့်အတူ အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်၊ မြို့နယ် ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှ ထောက်ခံစာ(**မူရင်း**)နှင့် ပတ်စ်ပို့အရွယ်ဓာတ်ပုံ(၃)ပုံ ပူးတွဲတင်ပြရမည်။

၄။ လျှောက်လွှာကို **၂၀၂၂ ခုနှစ်၊ ဩဂုတ်လ(၅)ရက်နေ့**နောက်ဆုံးထား၍ လျှောက်လွှာထုတ်ယူခဲ့သော **တိုင်းစစ်ဌာနချုပ်များ**သို့ ပြန်လည်ပေးပို့ကြရမည်။

၅။ သတ်မှတ်ချက်နှင့်ပြည့်စုံပြီး အရည်အချင်းပြည့်မီသော လျှောက်လွှာရှင်များသာ စစ်တက္ကသိုလ်ဗိုလ်လောင်း သင်တန်း **ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ**ကို ဖြေဆိုကြရမည်။

၆။ စစ်တက္ကသိုလ် ဗိုလ်လောင်းသင်တန်း ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲတွင် တက္ကသိုလ်ဝင်စာမေးပွဲသင်ရိုး ညွှန်းတမ်းအတိုင်း အောက်ပါဘာသာရပ်များကို ဖြေဆိုကြရမည်-

(က) အင်္ဂလိပ်စာ။

( ခ ) သင်္ချာ။

၇။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲကို **၂၀၂၂ ခုနှစ်၊ ဩဂုတ်လ(၂၁)ရက်နေ့**တွင် မိမိတို့လျှောက်လွှာ တင်သွင်းရာ တိုင်းစစ်ဌာနချုပ်တည်ရှိသည့်မြို့၌ ဖြေဆိုကြရမည်။

၈။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ ဖြေဆိုရမည့် **နေရာနှင့်အချိန်**ကို သတင်းစာမှ ကြော်ငြာပေးမည်။

၉။ ဖြေဆိုရမည့်ခုံအမှတ်မှာ လျှောက်လွှာတွင်ဖော်ပြထားသည့် ခုံအမှတ်အတိုင်းဖြစ်သည်။

၁၀။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ ဖြေဆိုအောင်မြင်သူများသည် တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက် အစစ်ဆေးခံရမည်။ တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက်အစစ်ဆေးခံရန် အကြောင်းကြားစာများကို သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များမှတစ်ဆင့် အချိန်မီပေးပို့သွားမည်။

၁၁။ သတ်မှတ်ထားသည့်အချက်အလက်များ တိကျပြည့်စုံစွာရေးသားဖော်ပြခြင်းမပြုသော လျှောက်လွှာများ၊ မမှန်မကန်ဖြည့်စွက်ရေးသားဖော်ပြသောလျှောက်လွှာများနှင့် အချိန်မီမရောက်ရှိသော လျှောက်လွှာများအား ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။ မိမိတို့ လျှောက်လွှာတင်သွင်းသည့်ဌာနတွင် ရွေးချယ်ခြင်းခံရသည်/မခံရ သည်ကို သွားရောက်စုံစမ်းမေးမြန်းနိုင်သည်။

**စစ်ရာထူးခန့်ချုပ်ရုံး**

**ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)**

# တပ်မတော်နည်းပညာတက္ကသိုလ်ဗိုလ်လောင်းခေါ်ယူခြင်း

၁။ လျှောက်ထားသူသည်-

(က) ၂၀၂၃ ခုနှစ်၊ ဇန်နဝါရီလ (၁) ရက်နေ့တွင် အသက်(၁၆)နှစ်အောက် မငယ်ရ၊ (၁၈)နှစ်(၆)လထက် မကြီးရ။

(ခ) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား အိမ်ထောင်မရှိဖူးသူ(လူပျို)ဖြစ်ရမည်။

(ဂ) အနည်းဆုံးအရပ် (၅)ပေ၊ (၃)လက်မနှင့် ကိုယ်အလေးချိန် ပေါင်(၁၀၀)ထက်မနည်းရပေါင်(၁၄၀) ထက်မကျော်ရ။

(ဃ) မျက်မှန်တပ်ဆင်ထားသူများ မဖြစ်စေရ။

(င) **၂၀၂၂ ခုနှစ်**တွင် ကျင်းပပြုလုပ်ခဲ့သော တက္ကသိုလ်ဝင်စာမေးပွဲတွင် **သိပ္ပံဘာသာတွဲ(သို့မဟုတ်) ဝိပ္ပံဘာသာတွဲ**ဖြင့် ဖြေဆိုအောင်မြင်သူဖြစ်ရမည်။

၂။ လျှောက်လွှာများကို မိမိတို့နှင့်နီးစပ်ရာ တိုင်းစစ်ဌာနချုပ်များတွင် **၂၀၂၂ ခုနှစ်၊ ဇွန်လ (၂၂) ရက်နေ့**မှစ၍ အခမဲ့ရယူနိုင်သည်။

၃။ လျှောက်လွှာနှင့်အတူ အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်၊ မြို့နယ် ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှ ထောက်ခံစာ(**မူရင်း**)နှင့် ပတ်စ်ပို့အရွယ်ဓာတ်ပုံ(၃)ပုံ ပူးတွဲတင်ပြရမည်။

၄။ လျှောက်လွှာကို **၂၀၂၂ ခုနှစ်၊ ဩဂုတ်လ(၅)ရက်နေ့**နောက်ဆုံးထား၍ လျှောက်လွှာထုတ်ယူခဲ့သော **တိုင်းစစ်ဌာနချုပ်များ**သို့ ပြန်လည်ပေးပို့ကြရမည်။

၅။ သတ်မှတ်ချက်နှင့်ပြည့်စုံပြီး အရည်အချင်းပြည့်မီသော လျှောက်လွှာရှင်များသာ တပ်မတော်နည်းပညာ တက္ကသိုလ် ဗိုလ်လောင်းသင်တန်း **ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ**ကို ဖြေဆိုကြရမည်။

၆။ တပ်မတော်နည်းပညာတက္ကသိုလ် ဗိုလ်လောင်းသင်တန်း ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲတွင် တက္ကသိုလ်ဝင် စာမေးပွဲသင်ရိုးညွှန်းတမ်းအတိုင်း အောက်ပါဘာသာရပ်များကို ဖြေဆိုကြရမည်-

(က) အင်္ဂလိပ်စာ။

(ခ) သင်္ချာ။

၇။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲကို **၂၀၂၂ ခုနှစ်၊ ဩဂုတ်လ(၂၀)ရက်နေ့**တွင် မိမိတို့လျှောက်လွှာ တင်သွင်းရာ တိုင်းစစ်ဌာနချုပ်တည်ရှိသည့်မြို့၌ ဖြေဆိုကြရမည်။

၈။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ ဖြေဆိုရမည့် **နေရာနှင့်အချိန်**ကို သတင်းစာမှ ကြော်ငြာပေးမည်။

၉။ ဖြေဆိုရမည့်ခုံအမှတ်မှာ လျှောက်လွှာတွင်ဖော်ပြထားသည့် ခုံအမှတ်အတိုင်းဖြစ်သည်။

၁၀။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ ဖြေဆိုအောင်မြင်သူများသည် တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက် အစစ်ဆေးခံရမည်။ တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက်အစစ်ဆေးခံရန် အကြောင်းကြားစာများကို သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များမှတစ်ဆင့် အချိန်မီပေးပို့သွားမည်။

၁၁။ သတ်မှတ်ထားသည့်အချက်အလက်များ တိကျပြည့်စုံစွာရေးသားဖော်ပြခြင်းမပြုသော လျှောက်လွှာများ၊ မမှန်မကန်ဖြည့်စွက်ရေးသားဖော်ပြသောလျှောက်လွှာများနှင့် အချိန်မီမရောက်ရှိသော လျှောက်လွှာများအား ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။ မိမိတို့ လျှောက်လွှာတင်သွင်းသည့်ဌာနတွင် ရွေးချယ်ခြင်းခံရသည်/မခံရ သည်ကို သွားရောက်စုံစမ်းမေးမြန်းနိုင်သည်။

**စစ်ရာထူးခန့်ချုပ်ရုံး**
**ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)**

# တပ်မတော်ဆေးတက္ကသိုလ်ဗိုလ်လောင်းခေါ်ယူခြင်း

၁။ လျှောက်ထားသူသည်-

(က) ၂၀၂၃ ခုနှစ်၊ ဇန်နဝါရီလ (၁) ရက်နေ့တွင် အသက်(၁၆)နှစ်အောက် မငယ်ရ၊ (၁၈)နှစ်(၆)လထက် မကြီးရ။

( ခ ) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား အိမ်ထောင်မရှိဖူးသူ(လူပျို)ဖြစ်ရမည်။

( ဂ ) အနည်းဆုံးအရပ် (၅)ပေ၊ (၃)လက်မနှင့် ကိုယ်အလေးချိန် ပေါင်(၁၀၀)ထက်မနည်းရပေါင်(၁၄၀) ထက်မကျော်ရ။

(ဃ) မျက်မှန်တပ်ဆင်ထားသူများ မဖြစ်စေရ။

( င ) **၂၀၂၂ ခုနှစ်**တွင် ကျင်းပပြုလုပ်ခဲ့သော တက္ကသိုလ်ဝင်စာမေးပွဲတွင် **သိပ္ပံဘာသာတွဲ**ဖြင့် ဖြေဆို အောင်မြင်သူဖြစ်ရမည်။

၂။ လျှောက်လွှာများကို မိမိတို့နှင့်နီးစပ်ရာ တိုင်းစစ်ဌာနချုပ်များတွင် **၂၀၂၂ ခုနှစ်၊ ဇွန်လ (၂၂) ရက်နေ့**မှစ၍ အခမဲ့ရယူနိုင်သည်။

၃။ လျှောက်လွှာနှင့်အတူ အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်၊ မြို့နယ်ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှ ထောက်ခံစာ(**မူရင်း**)နှင့် ပတ်စ်ပို့အရွယ်ဓာတ်ပုံ(၃)ပုံ ပူးတွဲတင်ပြရမည်။

၄။ လျှောက်လွှာကို **၂၀၂၂ ခုနှစ်၊ ဩဂုတ်လ(၅)ရက်နေ့**နောက်ဆုံးထား၍ လျှောက်လွှာထုတ်ယူခဲ့သော **တိုင်းစစ်ဌာနချုပ်များ**သို့ ပြန်လည်ပေးပို့ကြရမည်။

၅။ သတ်မှတ်ချက်နှင့်ပြည့်စုံပြီး အရည်အချင်းပြည့်မီသော လျှောက်လွှာရှင်များသာ တပ်မတော်ဆေးတက္ကသိုလ် ဗိုလ်လောင်းသင်တန်း **ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ**ကို ဖြေဆိုကြရမည်။

၆။ တပ်မတော်ဆေးတက္ကသိုလ် ဗိုလ်လောင်းသင်တန်း ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲတွင် တက္ကသိုလ်ဝင်စာမေးပွဲသင်ရိုးညွှန်းတမ်းအတိုင်း အောက်ပါဘာသာရပ်များကို ဖြေဆိုကြရမည်-

(က) အင်္ဂလိပ်စာ။

( ခ ) ဇီဝဗေဒ။

၇။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲကို **၂၀၂၂ ခုနှစ်၊ ဩဂုတ်လ(၁၉)ရက်နေ့**တွင် မိမိတို့လျှောက်လွှာတင်သွင်းရာ တိုင်းစစ်ဌာနချုပ်တည်ရှိသည့်မြို့၌ ဖြေဆိုကြရမည်။

၈။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ ဖြေဆိုရမည့် **နေရာနှင့်အချိန်**ကို သတင်းစာမှ ကြော်ငြာပေးမည်။

၉။ ဖြေဆိုရမည့်ခုံအမှတ်မှာ လျှောက်လွှာတွင်ဖော်ပြထားသည့် ခုံအမှတ်အတိုင်းဖြစ်သည်။

၁၀။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ ဖြေဆိုအောင်မြင်သူများသည် တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက်အစစ်ဆေးခံရမည်။ တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက်အစစ်ဆေးခံရန် အကြောင်းကြားစာများကို သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များမှတစ်ဆင့် အချိန်မီပေးပို့သွားမည်။

၁၁။ သတ်မှတ်ထားသည့်အချက်အလက်များ တိကျပြည့်စုံစွာရေးသားဖော်ပြခြင်းမပြုသော လျှောက်လွှာများ၊ မမှန်မကန်ဖြည့်စွက်ရေးသားဖော်ပြသောလျှောက်လွှာများနှင့် အချိန်မီမရောက်ရှိသော လျှောက်လွှာများအား ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။ မိမိတို့ လျှောက်လွှာတင်သွင်းသည့်ဌာနတွင် ရွေးချယ်ခြင်းခံရသည်/မခံရသည်ကို သွားရောက်စုံစမ်းမေးမြန်းနိုင်သည်။

**စစ်ရာထူးခန့်ချုပ်ရုံး**
**ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)**

# တပ်မတော်ဆေးတက္ကသိုလ် အမျိုးသမီးဗိုလ်လောင်းခေါ်ယူခြင်း

၁။ လျှောက်ထားသူသည်-

(က) ၂၀၂၃ ခုနှစ်၊ ဇန်နဝါရီလ (၁) ရက်နေ့တွင် အသက်(၁၆)နှစ်အောက် မငယ်ရ၊ (၁၈)နှစ်(၆)လထက် မကြီးရ။

( ခ ) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား အိမ်ထောင်မရှိဖူးသူ(အပျို)ဖြစ်ရမည်။

( ဂ ) အနည်းဆုံးအရပ် (၅)ပေ၊ (၃)လက်မနှင့် ကိုယ်အလေးချိန် ပေါင်(၁၀၀)ထက်မနည်းရ၊ပေါင်(၁၃၀) ထက်မကျော်ရ။

(ဃ) မျက်မှန်တပ်ဆင်ထားသူများ မဖြစ်စေရ။

( င ) **၂၀၂၂ ခုနှစ်**တွင် ကျင်းပပြုလုပ်ခဲ့သော တက္ကသိုလ်ဝင်စာမေးပွဲတွင် **သိပ္ပံဘာသာတွဲ**ဖြင့် ဖြေဆို အောင်မြင်သူဖြစ်ရမည်။

၂။ လျှောက်လွှာများကို မိမိတို့နှင့်နီးစပ်ရာ တိုင်းစစ်ဌာနချုပ်များတွင် **၂၀၂၂ ခုနှစ်၊ ဇွန်လ (၂၂) ရက်နေ့**မှစ၍ အခမဲ့ရယူနိုင်သည်။

၃။ လျှောက်လွှာနှင့်အတူ အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်၊ မြို့နယ် ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှ ထောက်ခံစာ(**မူရင်း**)နှင့် ပတ်စ်ပို့အရွယ်ဓာတ်ပုံ(၃)ပုံ ပူးတွဲတင်ပြရမည်။

၄။ လျှောက်လွှာကို **၂၀၂၂ ခုနှစ်၊ ဩဂုတ်လ(၅)ရက်နေ့**နောက်ဆုံးထား၍ လျှောက်လွှာထုတ်ယူခဲ့သော **တိုင်းစစ်ဌာနချုပ်များ**သို့ ပြန်လည်ပေးပို့ကြရမည်။

၅။ သတ်မှတ်ချက်နှင့်ပြည့်စုံပြီး အရည်အချင်းပြည့်မီသော လျှောက်လွှာရှင်များသာ တပ်မတော်ဆေးတက္ကသိုလ် ဗိုလ်လောင်းသင်တန်း **ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ**ကို ဖြေဆိုကြရမည်။

၆။ တပ်မတော်ဆေးတက္ကသိုလ် ဗိုလ်လောင်းသင်တန်း ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲတွင် တက္ကသိုလ်ဝင် စာမေးပွဲသင်ရိုးညွှန်းတမ်းအတိုင်း အောက်ပါဘာသာရပ်များကို ဖြေဆိုကြရမည်-

(က) အင်္ဂလိပ်စာ။

( ခ ) ဇီဝဗေဒ။

၇။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲကို **၂၀၂၂ ခုနှစ်၊ ဩဂုတ်လ(၁၉)ရက်နေ့**တွင် မိမိတို့လျှောက်လွှာ တင်သွင်းရာ တိုင်းစစ်ဌာနချုပ်တည်ရှိသည့်မြို့၌ ဖြေဆိုကြရမည်။

၈။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ ဖြေဆိုရမည့် **နေရာနှင့်အချိန်**ကို သတင်းစာမှ ကြော်ငြာပေးမည်။

၉။ ဖြေဆိုရမည့်ခုံအမှတ်မှာ လျှောက်လွှာတွင်ဖော်ပြထားသည့် ခုံအမှတ်အတိုင်းဖြစ်သည်။

၁၀။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ ဖြေဆိုအောင်မြင်သူများသည် တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက် အစစ်ဆေးခံရမည်။ တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက်အစစ်ဆေးခံရန် အကြောင်းကြားစာများကို သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များမှတစ်ဆင့် အချိန်မီပေးပို့သွားမည်။

၁၁။ သတ်မှတ်ထားသည့်အချက်အလက်များ တိကျပြည့်စုံစွာရေးသားဖော်ပြခြင်းမပြုသော လျှောက်လွှာများ၊ မမှန်မကန်ဖြည့်စွက်ရေးသားဖော်ပြသောလျှောက်လွှာများနှင့် အချိန်မီမရောက်ရှိသော လျှောက်လွှာများအား ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။ မိမိတို့ လျှောက်လွှာတင်သွင်းသည့်ဌာနတွင် ရွေးချယ်ခြင်းခံရသည်/မခံရ သည်ကို သွားရောက်စုံစမ်းမေးမြန်းနိုင်သည်။

**စစ်ရာထူးခန့်ချုပ်ရုံး**
**ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)**




## လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
## လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်း
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ်၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်း၊ ပြည့်ဖြိုးမြစွမ်းအင်နှင့် ရေအားစက်ရုံများဌာန လက်အောက်ရှိ ဓာတ်အားပေးစက်ရုံများအတွက် အောက်ဖော်ပြပါ ပစ္စည်းများဝယ်ယူရန် (မြန်မာကျပ်ငွေ) **(DDP At Site)** ဖြင့် **အိတ်ဖွင့်တင်ဒါ** ခေါ်ယူလိုပါသည်-

| | | |
|---|---|---|
| (က) | Tender No.18(T)(Re)/ EPGE/2022-2023 | ဆည်တော်ကြီးနှင့် ရဲရွာဓာတ်အားပေး စက်ရုံများအတွက် လျှပ်စစ်ပိုင်းဆိုင်ရာ အရန်ပစ္စည်း(၂)မျိုးဝယ်ယူခြင်း |
| (ခ) | Tender No. 19(T)/ EPGE/2022-2023 | ကြီးအုံကြီးဝစက်ရုံရှိ အမှတ်(၁)စက်၏ Stator နှင့် ဆက်စပ်ပစ္စည်းများဝယ်ယူခြင်း |

၂။ ဝယ်ယူမည့် နည်းပညာစံချိန်စံညွှန်းအဆိုပြုလွှာ စာအိတ်(က) (Technical Proposal)နှင့် ဈေးနှုန်းအဆိုပြုလွှာ စာအိတ်(ခ) (Financial Proposal)တို့အား သီးခြားစီချိပ်ပိတ်၍ တင်ဒါပိတ်ရက်များ၏ (၁၃:၀၀)နာရီ နောက်ဆုံးထား၍ **(လူကိုယ်တိုင်)** လာရောက်တင်သွင်းရမည်။

၃။ တင်ဒါပိတ်ရက်- **(က) (၂၉-၇-၂၀၂၂)ရက်၊ (၁၃:၀၀)နာရီ**
**(ခ) (၃၀-၈-၂၀၂၂)ရက်၊ (၁၃:၀၀)နာရီ**

၄။ တင်ဒါပုံစံအား (၁၅-၇-၂၀၂၂)ရက်မှ စတင်၍ ရုံးချိန်အတွင်း လာရောက်စုံစမ်းဝယ်ယူနိုင်ပြီး တင်ဒါကြော်ငြာအား ဝန်ကြီးဌာနဝက်ဆိုဒ် **(www.moee.gov.mm)** တွင်လည်း ကြော်ငြာထားမည်ဖြစ်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ(ဖုန်း-၀၆၇-၈၁၀၄၂၇၉)**

**ရမ္မဝတီ**
**အိမ်ခြံမြေအကျိုးဆောင်**
ဒဂုံမြို့သစ် (တောင်ပိုင်း၊ ဆိပ်ကမ်း၊ မြောက်ပိုင်း၊ အရှေ့ပိုင်း) မြေကွက်များဝယ်လိုသည်။
**ဖုန်း-၀၉-၄၃၁၇၉၇၄၇**

**အောင်မေတ္တာ**
ဒဂုံမြို့သစ် ဆိပ်ကမ်း၊ အရှေ့ပိုင်း၊ တောင်ပိုင်း၊ မြောက်ပိုင်းရှိ မြေကွက်များ ဈေးကောင်းပေးဝယ်ပါသည်။
PH: 09-5067241

## သွာနုတ္တသားသမီးဖြစ်ကြောင်း အများသိစေရန်ကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်စောညို[၁၂/လသယ(နိုင်)၀၈၀၆၈၈]၊ (ဘ-ဦးထွန်းခင်)၊ အမှတ်-၅၂၉/ခ၊ ဘိုးရာဇာလမ်း၊ (၇)ရပ်ကွက်၊ လှိုင်သာယာမြို့နယ်၊ ရန်ကုန်မြို့ နေထိုင်သူ၏ လွှဲအပ်ညွှန်ကြားချက်အရ အများသိစေရန် အောက်ပါအတိုင်း ကြေညာလိုက်သည်-

ကျွန်ုပ်မိတ်ဆွေ ဒေါ်စောညို၏ သမီးဖြစ်သူ မခင်လေးနွယ်(ခ) ကြူကြူသင်း [၁၂/လသယ(နိုင်)၀၉၁၅၀၄] (ဘ-ဦးလှမြင့်)သည် အစဉ်သဖြင့် မိဘ၏ဆုံးမမှုသြဝါဒကို မနာခံသည့်ပြစ်မှု အကြိမ်ကြိမ်ကျူးလွန်ခဲ့သူတစ်ဦးဖြစ်ကြောင်း လွှဲအပ်ညွှန်ကြားချက်အရ သိရှိရပါသည်။ မခင်လေးနွယ်(ခ) ကြူကြူသင်း၏ သားသမီးကျင့်ဝတ်ပျက်ကွက်မှု၊ မိဘဆိုဆုံးမသောစကားကို မယုံကြည်၊ နားမထောင်ဘဲ မိဘတို့၏ပြုမူမှုများ၊ စီးပွားရေး လုပ်ငန်းများကို အကြိမ်ကြိမ် ဖျက်ဆီးမှုများကြောင့် မခင်လေးနွယ်(ခ) ကြူကြူသင်းအား သွာနုတ္တသားသမီးအဖြစ် ကျွန်ုပ်၏မိတ်ဆွေနှင့် ၎င်း၏မိသားစုဝင်ဆွေမျိုးများမှ သတ်မှတ်ခဲ့ကြပြီးဖြစ်ကြောင်း လွှဲအပ်ညွှန်ကြားချက်အရ သိရှိရပါသည်။

သို့ဖြစ်ရာ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်စောညိုမှ အများသိစေရန်ကြေညာလိုသည်မှာ အဆိုပါအမွေရထိုက်ခွင့်မရှိသော သွာနုတ္တသမီး မခင်လေးနွယ်(ခ) ကြူကြူသင်း၏ အရပ်ရပ်သော စီးပွားရေး၊ လူမှုရေးနှင့် အခြားတစ်ပါးပါးသော ကိစ္စများ၌ ကျွန်ုပ်မိတ်ဆွေဖြစ်သူ မိခင်ကြီး ဒေါ်စောညိုမှသော်လည်းကောင်း ၎င်း၏ မိသားစုဝင်ဆွေမျိုးများမှသော်လည်းကောင်း ယခုအချိန်မှစ၍ နောက်နောင် လုံးဝ(လုံးဝ) တာဝန်ယူ ဖြေရှင်းဆောင်ရွက်ပေးတော့မည်မဟုတ်ကြောင်းဟူ၍ဖြစ်သည်။

ထို့အပြင် ဤကြေညာချက်ထည့်သွင်းပြီးနောက်ပိုင်းတွင် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ မိခင်ကြီး ဒေါ်စောညိုမှ သွာနုတ္တသမီး မခင်လေးနွယ်(ခ) ကြူကြူသင်း အပေါ်တွင်လည်းကောင်း၊ ၎င်းအား အားပေးအားမြှောက်ပြုကာ ကျွန်ုပ်မိတ်ဆွေ၏ အကျိုးစီးပွားပျက်စီးစေခဲ့သူများအားလည်းကောင်း၊ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူ တရားစွဲဆိုမှုများ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာလိုက်သည်။ **လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးနန္ဒမျိုးအောင် (LL.B) (DIPL)**
**အထက်တန်းရှေ့နေ**
**(စဉ်-၅၀၅၀၉/၁၀-၁၁-၂၀၁၈)**
**အမှတ်(၁၇၈)၊ အခန်း(၅)၊**
**ဗိုလ်အောင်ကျော်လမ်း(အောက်)**
**ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။**
**Ph: 09-428935929, 09-455203768**

**ဦးထက်စည်သူ(LL.B) (D.I.P.L)**
**အထက်တန်းရှေ့နေ**
**(စဉ်-၅၀၀၈၆/၁၁-၇-၂၀၁၈)**
**Ph:09- 5156635**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

တာမွေမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၄အေ(S-91)၊ မြေကွက်အမှတ် (၄၆၊ ၄၇)၊ ဧရိယာ(၀.၀၆၃)ဧက၊ မြေကွက်တည်နေရာအမှတ်(၂၈)၊ သမ္မာဒိဋ္ဌိလမ်း၊ မလွှကုန်းဒွေးကြွယ်(က)ရပ်ကွက်၊ တာမွေမြို့နယ်၊ မမြင့်မြင့်သိန်း (စီဂျီ-၀၆၁၃၃၀)အမည်ပေါက်၊ နှစ်(၆၀)ဂရန် မြေအား အမည်ပေါက် ဒေါ်မြင့်မြင့်သိန်း (မိခင်)နှင့် ဦးကျော်မင်း (ဖခင်)တို့ အသီးသီး ကွယ်လွန်သဖြင့် သားသမီးများဖြစ်သော ဦးဉာဏ်မင်း၊ ဦးထွန်းမင်း၊ ဒေါ်သန္တာမင်း၊ ဒေါ်နီလာမင်းတို့မွေးဖွားခဲ့ပါသည်။ သားတစ်ဦးဖြစ်သူ ဦးဉာဏ်မင်းသည် ၂၃-၁၂-၂၀၀၅ ရက်တွင် (မိခင်)ထက်စော၍ ကွယ်လွန်ခဲ့ပါသဖြင့် ၎င်း၏ ပိုင်ဆိုင်ခွင့်အစုအား အမွေမမီမြေးများဖြစ်သော ဦးအောင်မျိုးမင်း [၁၂/တမန(နိုင်)၀၀၁၀၁၁]၊ ဦးနေမျိုးမင်း [၁၂/တမန(နိုင်)၀၀၁၀၁၂]၊ ဒေါ်ယုယုယမင်း [၁၂/တမန(နိုင်)၁၀၅၂၄၆] တို့မှ လည်းကောင်း၊ သားတစ်ဦးဖြစ်သူ ဦးထွန်းမင်းသည်(၂၇-၁၀-၂၀၁၂)ရက်တွင် မိခင်ထက်စော၍ ကွယ်လွန်ခဲ့ပါသဖြင့် ၎င်း၏ ပိုင်ဆိုင်ခွင့်အစုအား အမွေမမီမြေးများဖြစ်သော ဦးရဲမင်းထွန်း [၁၂/တမန(နိုင်)၁၀၁၀၄၅]၊ ဦးသက်မင်းထွန်း [၁၂/တမန(နိုင်)၁၀၁၂၃၃]၊ ဦးဝေယံမင်းကျော် [၁၂/တမန(နိုင်)၁၀၅၂၄၅]တို့မှ လည်းကောင်း သမီးတစ်ဦးဖြစ်သူ ဒေါ်နီလာမင်း(ဇနီး)သည် (၁၄-၇-၂၀၁၁)ရက်တွင် ကွယ်လွန်သဖြင့် ၎င်း၏ ပိုင်ဆိုင်ခွင့်အစုအား ခင်ပွန်းဖြစ်သူ ဦးအောင်ထွန်း [၁၂/တမန(နိုင်)၀၀၉၀၆၇]မှ လည်းကောင်း၊ ဒေါ်သန္တာမင်း [၁၂/တမန(နိုင်)၀၀၈၀၉၀၁]တို့က ပူးတွဲ၍ ကျမ်းကျိန်လွှာများ၊ သေစာရင်းများ၊ အိမ်ထောင်စုလူဦးရေစာရင်းများ၊ ဂရန်မိတ္တူမှန်တို့ တင်ပြ၍ ပိုင်ဆိုင်ကြောင်းစာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာခြင်းအား ကန့်ကွက်ရန်ရှိပါက တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍(၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းများအတိုင်း ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း အသိပေး ကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
## ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန
## (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာနမှ အောက်ဖော်ပြပါ ရေအားလျှပ်စစ်စီမံကိန်းအသစ် (၆) ခုအား ပုဂ္ဂလိကရင်းနှီးမြှုပ်နှံမှုဖြင့် ဖြစ်မြောက်နိုင်စွမ်းအစီရင်ခံစာပြုစုခြင်းအပါအဝင် စီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်ရန် စိတ်ဝင်စားသူ လုပ်ငန်းရှင်ကုမ္ပဏီများသို့ လုပ်ငန်းအပ်နှံလိုပါသည်-

(က) ဖုန်အင်ခရေအားလျှပ်စစ်စီမံကိန်းကို ပုဂ္ဂလိကရင်းနှီးမြှုပ်နှံမှုဖြင့် ဖြစ်မြောက်နိုင်စွမ်းအစီရင်ခံစာပြုစုခြင်းအပါအဝင် စီမံကိန်းအကောင်အထည်ဖော် ဆောင်ရွက်ခြင်းလုပ်ငန်း
[Tender No. 07/DHPI(P&W)/2022-2023]

(ခ) ကဆန်ရေအားလျှပ်စစ်စီမံကိန်းကို ပုဂ္ဂလိကရင်းနှီးမြှုပ်နှံမှုဖြင့် ဖြစ်မြောက်နိုင်စွမ်းအစီရင်ခံစာပြုစုခြင်းအပါအဝင် စီမံကိန်းအကောင်အထည်ဖော် ဆောင်ရွက်ခြင်းလုပ်ငန်း
[Tender No. 08/DHPI(P&W)/2022-2023]

(ဂ) နမ့်မယ်ဆိုင်ရေအားလျှပ်စစ်စီမံကိန်းကို ပုဂ္ဂလိကရင်းနှီးမြှုပ်နှံမှုဖြင့် ဖြစ်မြောက်နိုင်စွမ်းအစီရင်ခံစာပြုစုခြင်းအပါအဝင် စီမံကိန်းအကောင်အထည်ဖော် ဆောင်ရွက်ခြင်းလုပ်ငန်း
[Tender No. 09/DHPI(P&W)/2022-2023]

(ဃ) နမ့်ကန်ရေအားလျှပ်စစ်စီမံကိန်းကို ပုဂ္ဂလိကရင်းနှီးမြှုပ်နှံမှုဖြင့် ဖြစ်မြောက်နိုင်စွမ်းအစီရင်ခံစာပြုစုခြင်းအပါအဝင် စီမံကိန်းအကောင်အထည်ဖော် ဆောင်ရွက်ခြင်းလုပ်ငန်း
[Tender No. 10/DHPI(P&W)/2022-2023]

(င) နမ့်တဘက် (ကယား) ရေအားလျှပ်စစ်စီမံကိန်းကို ပုဂ္ဂလိကရင်းနှီးမြှုပ်နှံမှုဖြင့် ဖြစ်မြောက်နိုင်စွမ်းအစီရင်ခံစာပြုစုခြင်းအပါအဝင် စီမံကိန်း အကောင်အထည်ဖော် ဆောင်ရွက်ခြင်းလုပ်ငန်း
[Tender No. 11/DHPI(P&W)/2022-2023]

(စ) အထက်ဆည်တော်ကြီးရေအားလျှပ်စစ်စီမံကိန်းကို ပုဂ္ဂလိကရင်းနှီးမြှုပ်နှံမှုဖြင့် ဖြစ်မြောက်နိုင်စွမ်းအစီရင်ခံစာပြုစုခြင်းအပါအဝင် စီမံကိန်း အကောင်အထည်ဖော် ဆောင်ရွက်ခြင်းလုပ်ငန်း
[Tender No. 12/DHPI(P&W)/2022-2023]

၂။ တင်ဒါပုံစံနှင့်အချက်အလက်များကို အောက်ပါလိပ်စာတွင် ရုံးချိန်အတွင်း လာရောက် စုံစမ်းဝယ်ယူနိုင်ပါသည်။ လာရောက်ဝယ်ယူရာတွင် ကုမ္ပဏီတစ်ခုလျှင် ကိုယ်စားလှယ် (၁) ဦးသာ ကိုဗစ်-၁၉ ရောဂါဆိုင်ရာ အကာအကွယ် (Mask နှင့် Faceshield) များ ဝတ်ဆင်၍ လာရောက် ဝယ်ယူပေးပါရန် မေတ္တာရပ်ခံပါသည်-

| | | |
|---|---|---|
| တင်ဒါပုံစံစတင်ရောင်းချမည့်ရက် | - | (၁၈-၇-၂၀၂၂)ရက်မှ (၅-၈-၂၀၂၂)ရက်ထိ (အစိုးရရုံးပိတ်ရက်များမပါ) |
| တင်ဒါပုံစံ ရောင်းချမည့်အချိန် | - | ရုံးဖွင့်ရက်(၁၀:၀၀)နာရီမှ( ၁၅:၀၀) နာရီအတွင်း |
| တင်ဒါပုံစံရောင်းချမည့်နေရာ | - | ရုံးအမှတ်(၂၇)၊ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန၊ (၃)ထပ်ဆောင်၊ ရုံးသစ်၊ နေပြည်တော် |
| တင်ဒါအဆိုပြုလွှာတင်သွင်းရမည့်ရက် အချိန်၊ နေရာ | - | အမှတ်စဉ် (၁)(က)ပါလုပ်ငန်းအတွက် (၁၈- ၁၁ -၂၀၂၂) ရက်၊ (၁၀:၃၀)နာရီ<br>အမှတ်စဉ် (၁)(ခ)ပါ လုပ်ငန်းအတွက် (၁၈- ၁၁ -၂၀၂၂) ရက်၊ (၁၁:၀၀)နာရီ<br>အမှတ်စဉ် (၁)(ဂ)ပါ လုပ်ငန်းအတွက် (၁၈- ၁၁ -၂၀၂၂) ရက်၊ (၁၁:၃၀)နာရီ<br>အမှတ်စဉ် (၁)(ဃ)ပါ လုပ်ငန်းအတွက် (၁၈- ၁၁ -၂၀၂၂) ရက်၊ (၁၃:၀၀)နာရီ<br>အမှတ်စဉ် (၁)(င)ပါ လုပ်ငန်းအတွက် (၁၈- ၁၁ -၂၀၂၂) ရက်၊ (၁၃:၃၀)နာရီ<br>အမှတ်စဉ် (၁)(စ)ပါ လုပ်ငန်းအတွက် (၁၈- ၁၁ -၂၀၂၂) ရက်၊ (၁၄:၀၀)နာရီ<br>ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန၊ အစည်းအဝေးခန်းမ (ရုံးအမှတ်-၂၇)(၃)ထပ်ဆောင်၊ ရုံးသစ်၊ နေပြည်တော်။ |

၃။ တင်ဒါကြော်ငြာပုံစံကို **လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၏** အင်တာနက်စာမျက်နှာ **www.moee.gov.mm** တွင်လည်း ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**
**ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန**
**လျှပ်စစ်စွမ်းအားဝန်ကြီးဌာန**
**ရုံးအမှတ်( ၂၇)၊ နေပြည်တော်**
**ဖုန်း-၀၆၇-၈၁၀၄၁၈၄၊ ၈၁၀၄၂၉၈**

## မွေးသက္ကရာဇ်အမှန်

သန်လျင်မြို့နယ်၊ ဘုရားကုန်းကျေးရွာအုပ်စု၊ ကွမ်းခြံကုန်းကျေးရွာနေ ဦးဘုန်းကျော်သူ၏ သမီး မနှင်းအိန္ဒြာဝေ၏ မွေးသက္ကရာဇ်အမှန်မှာ ၁-၁၀-၁၉၉၆ ဖြစ်ပါကြောင်း။

**တာယာအကွဲ၊ တာယာ**
**အပေါက်၊ တာယာအကြီး**
**အသေးSize အစုံ ဝယ်သည်။**
**ဆက်သွယ်ရန်**
**Ph-09-779527493**
**(မောင်မောင်)**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာချက်

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၇)၊ လူနေရပ်ကွက်အမှတ်(ကမာရွတ်)၊ မြေကွက်အမှတ်-(၆/န-၇)၊ ဧရိယာ (၀.၃၀၆)ဧကရှိ ဟူ၍ ပစ္စည်းစာရင်းဖော်ပြထားရှိသည့်မြေပိုင်မြေအကွက်မှ မခွဲစိတ်ရသေးသည့် (အလျား ပေ၅၀x အနံ ပေ၅၀) အကျယ်အဝန်းရှိ မြေကွက်အား ဦးတင်အောင် [၁၂/လမန(နိုင်)၁၀၀၇၈၆] (ဘ-ဦးဘစိန်) အမှတ်-၁၂/၁၃၊ ပဏ္ဍိတာရာမကျောင်းလမ်း၊ (၁၃)ရပ်ကွက်၊ လှိုင်မြို့နယ်မှ ပိုင်ဆိုင်ကြောင်း စာမှတ်စာတမ်းများပြသခြင်းနှင့် အဆိုပါမြေကွက်အား လိုက်လံပြသခြင်းတို့ပြုလုပ်ကာ ရောင်းချလိုကြောင်း အဆိုပြုလာသဖြင့် ကျွန်ုပ်၏မိတ်ဆွေများမှ (၈-၉-၂၀၂၂) ရက်က ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသအား စရန်အဖြစ် နှစ်ဖက်သဘောတူ ပေးအပ်ကာ အရောင်းအဝယ် စာချုပ်ချုပ်ဆိုခဲ့ပြီးဖြစ်ပါသည်။

ကန့်ကွက်လိုသူများအနေဖြင့် ဤသတင်းစာကြေညာပါရှိသည့်နေ့မှ တစ်ဆက်စပ်တည်းဖြစ်သော (၁၄)ရက် (၂)ပတ်အတွင်း ခိုင်လုံသောအထောက်အထားများဖြင့် ကန့်ကွက်ရန်ဖြစ်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်အား ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးနန္ဒမျိုးအောင် (LL.B) (DIPL)**
**အထက်တန်းရှေ့နေ**
**(စဉ်-၅၀၅၀၉/၁၀-၁၁-၂၀၁၈)**
**အမှတ်(၁၇၈)၊ အခန်း(၅)၊ ဗိုလ်အောင်ကျော်လမ်း (အောက်) ဗိုလ်တထောင်မြို့နယ်၊**
**ရန်ကုန်မြို့။ Ph: 09-428935929, 09-455203768**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## စွမ်းအင်ဝန်ကြီးဌာန
## ကုန်းပိုင်းလုပ်ကွက်များတွင် ရေနံအထွက်တိုးရေး လုပ်ငန်းများဆောင်ရွက်နိုင်ရန်အတွက် စိတ်ဝင်စားမှုအဆိုပြုလွှာဖိတ်ခေါ်ခြင်း(၂၀၂၂)

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊ စွမ်းအင်ဝန်ကြီးဌာန၊ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းမှ လက်ရှိလုပ်ကိုင်နေသော ကုန်းပိုင်းလုပ်ကွက် (၁၀)ကွက်တို့တွင် တွင်းစားစနစ် (Well by Well Basic)ကိုအခြေခံ၍ လုပ်ငန်းပူးပေါင်းဆောင်ရွက်ရေးသဘောတူစာချုပ် (Joint Operating Agreement-JOA) ဖြင့် ရေနံအထွက်တိုးရေးလုပ်ငန်းများကို အကျိုးတူပူးပေါင်းဆောင်ရွက်နိုင်ရန် တင်ဒါခေါ်ယူ ရွေးချယ်ဆောင်ရွက်သွားမည်ဖြစ်၍ ရင်းနှီးမြှုပ်နှံလိုသူ နိုင်ငံသားလုပ်ငန်းရှင်များနှင့် သမဝါယမအသင်းအဖွဲ့များမှ စိတ်ဝင်စားမှုအဆိုပြုလွှာများ တင်ပြနိုင်ရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းမှ လက်ရှိလုပ်ကိုင်နေသော အောက်ဖော်ပြပါ ကုန်းပိုင်းလုပ်ကွက် (၁၀)ကွက်တို့အား တင်ဒါရွေးချယ်ရန်အတွက် စိတ်ဝင်စားမှုအဆိုပြုလွှာတင်ပြရမည်ဖြစ်ပါသည်-

| စဉ် | လုပ်ကွက် | တည်နေရာ | စာချုပ်အမျိုးအစား |
|---|---|---|---|
| (၁) | PSC-D | မဟူတောင်ဒေသ | JOA |
| (၂) | RSF-1 | ကျောက်ခွက်-လက်ပံတိုဒေသ | JOA |
| (၃) | IOR-1 | အရာတော်ဒေသ | JOA |
| (၄) | RSF-8 | ရေနံမဒေသ | JOA |
| (၅) | IOR-4 | ပြည်ဒေသ | JOA |
| (၆) | IOR-6 | မြန်အောင်ဒေသ | JOA |
| (၇) | IOR-7 | ရွှေပြည်သာဒေသ | JOA |
| (၈) | MOGE-5 | အဖျောက်ဒေသ | JOA |
| (၉) | MOGE-5 | ညောင်တုန်းဒေသ | JOA |
| (၁၀) | MOGE-5 | မအူပင်တောင်ဒေသ | JOA |

၃။ ရင်းနှီးမြှုပ်နှံလိုသူ နိုင်ငံသားလုပ်ငန်းရှင်များနှင့် သမဝါယမအသင်းအဖွဲ့များသည် စိတ်ဝင်စားမှုအဆိုပြုလွှာ (Letter of Expression of Interests -LoEI) တင်ပြသည့်အခါ ကုမ္ပဏီ၏သင်းဖွဲ့စည်းမျဉ်း (Company's Articles of Association-AOA)၊ သင်းဖွဲ့မှတ်တမ်း (Memorandum of Association-MOA) သို့မဟုတ် ကုမ္ပဏီဖွဲ့စည်းပုံ (Constitution of Company)၊ ကုမ္ပဏီမှတ်ပုံတင်လက်မှတ် (Certificate of Incorporation)၊ လွန်ခဲ့သည့် (၃)နှစ်အတွက် ကုမ္ပဏီ၏ နှစ်ပတ်လည်အစီရင်ခံစာ (Last 3 years Annual Report)၊ လွန်ခဲ့သည့် (၃)နှစ်အတွက် ကုမ္ပဏီ၏ဘဏ္ဍာရေးရှင်းတမ်း (Last 3 Years Financial Statement) သို့မဟုတ် ဘဏ္ဍာရေးဆိုင်ရာအစီရင်ခံစာ (Financial Report)၊ ရေနံလုပ်ငန်းဆိုင်ရာ အတွေ့အကြုံများဖော်ပြချက် (Detail Track Record)၊ ကုမ္ပဏီတွင် လုပ်ငန်းကျွမ်းကျင်သူများ၊ ပညာရှင်များနှင့်ဖွဲ့စည်းထားသည့် ကုမ္ပဏီ၏ဖွဲ့စည်းမှုပုံစံနှင့် သက်ဆိုင်ရာစာရွက်စာတမ်းများအား Hard Copy [မူရင်း(၁)စုံ + မိတ္တူ(၃)စုံ]နှင့် Soft Copy တို့ကိုပူးတွဲ၍ **"မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း၏ ကုန်းပိုင်းလုပ်ကွက် (၁၀)ကွက်အတွက် စိတ်ဝင်စားမှုအဆိုပြုလွှာတင်သွင်းခြင်း-၂၀၂၂"**ဟု ရေးသားဖော်ပြ၍ လာရောက်တင်ပြရမည်။ စိတ်ဝင်စားမှုအဆိုပြုလွှာတင်ပြခြင်းကို ၂၀၂၂ ခုနှစ်၊ ဩဂုတ်လ ၁၂ ရက်နေ့ မွန်းတည့် (၁၂:၀၀) နာရီထက်နောက်မကျစေဘဲ လူကိုယ်တိုင်ဖြစ်စေ သို့မဟုတ် ကိုယ်စားလှယ်ဖြင့်ဖြစ်စေ အောက်ဖော်ပြပါလိပ်စာသို့ လိပ်မူ၍တင်ပြရမည်-

ညွှန်ကြားရေးမှူးချုပ်
ရေနံနှင့်သဘာဝဓာတ်ငွေ့စီမံရေးဦးစီးဌာန
စွမ်းအင်ဝန်ကြီးဌာန
ရုံးအမှတ်(၆)၊ နေပြည်တော်

၄။ စိတ်ဝင်စားမှုအဆိုပြုလွှာတင်ပြသူများသည် မိမိတို့၏အဆိုပြုလွှာများကို စာတိုက်ဖြင့်လည်းကောင်း၊ E-mail ဖြင့်လည်းကောင်း တင်ပြခြင်းခွင့်မပြုပါ။

၅။ စိတ်ဝင်စားမှုအဆိုပြုလွှာတင်ပြလိုသူများသည် သတင်းစာတွင် ကြော်ငြာသည့်နေ့ရက်မှ ရက်သတ္တပတ် (၂)ပတ်ကြာသည့်အခါ စိတ်ဝင်စားမှုအဆိုပြုလွှာတင်ပြရာတွင် လိုအပ်သည့်အခြေခံအချက်အလက်များနှင့်စပ်လျဉ်း၍ ၂၆-၇-၂၀၂၂ ရက်နေ့ (၁၃:၀၀)နာရီ၌ ရေနံနှင့်သဘာဝဓာတ်ငွေ့စီမံရေးဦးစီးဌာန၊ ရုံးအမှတ်(၆)၊ နေပြည်တော်တွင် ရှင်းလင်းတင်ပြမှုပြုလုပ်သွားမည်ဖြစ်သည်။

၆။ စိတ်ဝင်စားမှုအဆိုပြုလွှာတင်ပြမှုများအား ပဏာမရွေးချယ်ခံရသူများစာရင်း (Short List) ပြုလုပ်မည်ဖြစ်ပါသည်။ ပဏာမရွေးချယ်ခြင်းစာရင်း (Short List) တွင်ပါဝင်သည့် နိုင်ငံသားလုပ်ငန်းရှင်များနှင့် သမဝါယမအသင်းအဖွဲ့များသည် တင်ဒါဖိတ်ခေါ်သည့်လုပ်ကွက်များနှင့်သက်ဆိုင်သည့် ဘူမိဗေဒဆိုင်ရာ အချက်အလက်များကို မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း၏ ဘူမိဗေဒ/ဘူမိရူပဗေဒဌာနအဖွဲ့မှ အခမဲ့ ရှင်းလင်းတင်ပြမှုပြုလုပ်ပေးမည်ဖြစ်သည်။

၇။ ပဏာမရွေးချယ်ခြင်းစာရင်း (Short List) တွင်ပါဝင်သည့် နိုင်ငံသားလုပ်ငန်းရှင်များနှင့် သမဝါယမအသင်းအဖွဲ့များသည် လုပ်ကိုင်ဆောင်ရွက်လိုသည့် လုပ်ကွက်အတွက် အဆိုပြုလွှာများတင်သွင်းနိုင်ရန် JOA စာချုပ်နှင့်သက်ဆိုင်သည့် စည်းကမ်းသတ်မှတ်ချက်များ Standard Terms and Conditions ကို ရေနံနှင့်သဘာဝဓာတ်ငွေ့စီမံရေးဦးစီးဌာနမှ ရှင်းလင်းဖြေကြားပေးမည်ဖြစ်သည်။

၈။ ပဏာမရွေးချယ်ခြင်းစာရင်း (Short List)တွင်ပါဝင်သည့် နိုင်ငံသားလုပ်ငန်းရှင်များနှင့် သမဝါယမအသင်းအဖွဲ့များသည် မိမိတို့အဆိုပြုသည့် Terms and Conditions များအား အဆိုပြုလွှာတွင်ဖော်ပြ၍ ပြန်လည်တင်ပြရမည်။

၉။ အဆိုပြုလွှာတွင်ဖော်ပြထားသော လုပ်ကိုင်ဆောင်ရွက်လိုသည့် လုပ်ကွက်နှင့်စပ်လျဉ်းသည့် Terms and Conditions အဆိုပြုချက်များအပေါ် နည်းပညာပိုင်း၊ ငွေကြေးခိုင်မာတောင့်တင်းမှု၊ လုပ်ငန်းဆောင်ရွက်မှုအတွေ့အကြုံများ ရှိ-မရှိ စိစစ်ခြင်းနှင့် စည်းကမ်းသတ်မှတ်ချက်များနှင့်ညီညွတ်မှု ရှိ-မရှိ စိစစ်ခြင်းများပြုလုပ်၍ ရွေးချယ်သွားမည်ဖြစ်သည်။

၁၀။ ပဏာမရွေးချယ်ခြင်းစာရင်း (Short List)တွင် ပါဝင်ရွေးချယ်ခြင်းခံရသည့် နိုင်ငံသားလုပ်ငန်းရှင်များနှင့် သမဝါယမအသင်းအဖွဲ့များသည် အောက်ဖော်ပြပါလိပ်စာသို့ဆက်သွယ်ရမည်-

ညွှန်ကြားရေးမှူးချုပ်
ရေနံနှင့်သဘာဝဓာတ်ငွေ့စီမံရေးဦးစီးဌာန
စွမ်းအင်ဝန်ကြီးဌာန
ရုံးအမှတ်(၆)၊ နေပြည်တော်
ဖုန်း ၉၅-၀၆၇၃၄၁၁၀၄၆
ဖက်စ် ၉၅-၀၆၇၃၄၁၁၂၁၃
အီးမေးလ် **oilandgasplanningdepartment@gmail.com**

မှတ်ချက်။ အခြားသိရှိလိုသည်များရှိပါက အောက်ပါလိပ်စာများသို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်-

(၁) ညွှန်ကြားရေးမှူးချုပ်
ရေနံနှင့်သဘာဝဓာတ်ငွေ့စီမံရေးဦးစီးဌာန
စွမ်းအင်ဝန်ကြီးဌာန၊ နေပြည်တော်
ဖုန်း ၉၅-၀၆၇၃၄၁၁၀၄၆
ဖက်စ် ၉၅-၀၆၇၃၄၁၁၂၁၃
အီးမေးလ် **oilandgasplanningdepartment@gmail.com**

(၂) ဦးဆောင်ညွှန်ကြားရေးမှူး
မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း
စွမ်းအင်ဝန်ကြီးဌာန၊ နေပြည်တော်
ဖုန်း ၉၅-၀၆၇၃၄၁၁၀၅၅/ ၃၄၁၁၀၅၆
ဖက်စ် ၉၅-၀၆၇၃၄၁၁၁၇၈/ ၃၄၁၁၁၂၅
အီးမေးလ် **mogemdoffice4163@gmail.com**

## ဆဒ္ဒသဂ်ီါယနာ သာသနာ့သမိုင်းဝင်
## သီရိမင်္ဂလာကမ္ဘာအေးစေတီတော်မြတ်ကြီး
## လုံးတော်ပြည့်မျက်ပါးရွှေသင်္ကန်း ၊ ကြာမောက်ကြာလန် အထက်ပိုင်း ရွှေစင်ရွှေသား ရွှေပြားသင်္ကန်းနှင့် ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး(၅)ဆူ မျက်ပါးရွှေသင်္ကန်းကပ်လှူပူဇော်ခြင်း အောင်ပွဲ ရေစက်ချအလှူမင်္ဂလာဖိတ်ကြားလွှာ

သီရိမင်္ဂလာကမ္ဘာအေးစေတီတော်မြတ်ကြီးတွင် စေတနာရှင်အလှူရှင်များ၏ လှူဒါန်းမှုဖြင့် ဆောင်ရွက်ပြီးစီးခဲ့ပြီးဖြစ်သော လုံးတော်ပြည့်မျက်ပါးရွှေသင်္ကန်း ၊ ကြာမောက်ကြာလန် အထက်ပိုင်း ရွှေစင်ရွှေသား ရွှေပြားသင်္ကန်းနှင့် ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး(၅)ဆူ မျက်ပါးရွှေသင်္ကန်းကပ်လှူပူဇော်ခြင်း အောင်ပွဲ ရေစက်ချအလှူမင်္ဂလာကို အောက်ပါအစီအစဉ်အတိုင်း စေတီတော်အတွင်း၌ စည်ကား သိုက်မြိုက်စွာကျင်းပပြုလုပ်မည်ဖြစ်ပါသဖြင့် စေတနာသဒ္ဓါတရားထက်သန်စွာ ပါဝင်လှူဒါန်းခဲ့ကြသော အလှူရှင်များ တက်ရောက်ကြည်ညို၍ ကုသိုလ်တရားပွားများနိုင်ကြပါရန်နှင့် တက်ရောက်မည့် စာရင်းကို ဂေါပကရုံး ဖုန်းနံပါတ်များ ၀၉-၄၂၀၂၃၅၅၄၅ ၊ ၀၉-၄၄၃၁၉၇၈၁၅ ၊ ၀၉-၂၅၀၃၆၉၄၇၉ တို့သို့ (၂၀-၇-၂၀၂၂)ရက်အတွင်း ဆက်သွယ်စာရင်းပေးသွင်းနိုင်ကြပါကြောင်း ရိုသေလေးမြတ်စွာ ဖိတ်ကြားအပ်ပါသည်။ (တစ်ဦးချင်းဖိတ်စာပေးပို့ခြင်းမပြုပါ။)

ကျင်းပမည့်နေ့ရက်။ ။၁၃၈၄ – ခုနှစ်၊ ဝါဆိုလပြည့်ကျော် (၁၁)ရက်၊
၂၃-၇-၂၀၂၂ ရက်၊ စနေနေ့
ကျင်းပမည့်အချိန်။ ။မွန်းလွဲ ၂း၀၀ နာရီ ( မွန်းလွဲ ၁း၃၀ နာရီအရောက်ကြွရောက်ပေးပါရန်။)
ကျင်းပမည့်နေရာ။ ။စေတီတော်အတွင်း ဂေါတမရုပ်ပွားတော်မြတ်ရှေ့

သီရိမင်္ဂလာကမ္ဘာအေးစေတီတော် ဂေါပကအဖွဲ့

## ASEAN Network of Intellectual Property Enforcement Experts (ANIEE)က ဦးစီးကျင်းပမည့် Poster နှင့် Video ပြိုင်ပွဲသို့ ဖိတ်ခေါ်ခြင်း

၁။ ASEAN Network of Intellectual Property Enforcement Experts (ANIEE)မှ မူပိုင်ခွင့်ဆိုင်ရာ Poster နှင့် Video ပြိုင်ပွဲများကို ကျင်းပမည်ဖြစ်၍ အာဆီယံအဖွဲ့ဝင်နိုင်ငံများ ပါဝင်ယှဉ်ပြိုင်နိုင်သဖြင့် လူငယ်လူရွယ်များ ပါဝင်ယှဉ်ပြိုင်ရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ ပိုစတာပြိုင်ပွဲ စည်းကမ်းသတ်မှတ်ချက်များမှာ–
(က) "Respecting Intellectual Property Rights in Midst of the Pandemic to Protect MSMEs"ခေါင်းစဉ်ဖြင့် ယှဉ်ပြိုင်ရပါမည်။
(ခ) အသက် ၁၅ နှစ်မှ ၃၅ နှစ်အတွင်း လူငယ်လူရွယ်များပါဝင်ယှဉ်ပြိုင်နိုင်ပါသည်။
(ဂ) Poster အရွယ်အစားသည် A4 (8.27'x 11.69')(300 DPI) PORTRAIT ဖြစ်ရမည်။
(ဃ) ပြိုင်ပွဲဝင်သူသည် ပိုစတာပြုလုပ်နေသည့် အထောက်အထား video ကို တင်ပြရမည်။
(င) ပြိုင်ပွဲဝင်သူသည် တီထွင်ဖန်တီးမှုဖော်ပြရန်အတွက် Photoshop၊ Paint (သို့မဟုတ်) မည်သည့် graphics software ကိုမဆို အသုံးပြုနိုင်ပါသည်။
(စ) ပိုစတာသည် high resolution JPEG Format၊ Maximum File size–10 MB ဖြစ်ရမည်၊ အနည်းဆုံး 1920 x 1080 pixels နှင့် 300 dpi ဖြစ်ရမည်။
(ဆ) ပြိုင်ပွဲဝင်သူကိုယ်တိုင်ဖန်တီးထားသည့် Static digital Imageဖြစ်ရမည့်အပြင် ဖော်ပြချက် အကျဉ်းချုပ်သည် စကားလုံး ၁၀၀ ထက်မပိုရပါ။
(ဇ) ယခင်ပြိုင်ပွဲများတွင် ပြိုင်ခဲ့သည့်အကြောင်းအရာများ၊ ကုန်အမှတ်တံဆိပ်မူပိုင်ခွင့် ဥပဒေနှင့်စာပေနှင့်အနုပညာမူပိုင်ခွင့်ဥပဒေများကို ချိုးဖောက်သည့် အကြောင်းအရာများအား ပါဝင်ယှဉ်ပြိုင်ခွင့်မရှိပါ။
(ဈ) လူပုဂ္ဂိုလ်များ၏ ပုံရိပ်များပါဝင်ပါက အဆိုပါ ပုဂ္ဂိုလ်၏သဘောတူညီချက်ပါရှိရမည်။
(ည) ပြိုင်ပွဲဝင်သူသည် Poster တစ်ခုသာ တင်သွင်းယှဉ်ပြိုင်ရမည်။
(ဋ) ပြိုင်ပွဲဝင်လက်ရာများအနက်မှ အကောင်းဆုံးလက်ရာရှင်တစ်ဦးကို စိစစ်ရွေးချယ်ပြီး အာဆီယံဒေသတွင်းနိုင်ငံများနှင့်ယှဉ်ပြိုင်ရန် ပေးပို့သွားပါမည်။

၃။ Video ပြိုင်ပွဲအတွက် စည်းကမ်းချက်များမှာ–
(က) "IP and Youth: Digital Enforcement, Innovating for a Better Future" ခေါင်းစဉ်ဖြင့် ယှဉ်ပြိုင်ရပါမည်။
(ခ) အသက် ၁၅ နှစ်မှ ၃၅ နှစ်အတွင်း လူငယ်လူရွယ်များ(တစ်ဦးချင်း/အဖွဲ့) ပါဝင်ယှဉ်ပြိုင်နိုင်ပါသည်။
(ဂ) Video သည် ၁ မိနစ်မှ ၃ မိနစ်အတွင်း ကြာမြင့်ရမည်ဖြစ်ပြီး အင်္ဂလိပ်ဘာသာစကားဖြစ်ရမည်။ (မြန်မာဘာသာဖြင့် စာတန်းထိုး ရေးသားနိုင်သည်။)
(ဃ) ယှဉ်ပြိုင်သည့် Video သည် အခြား Social Media များအပါအဝင် You Tube Terms of Service and Community Guideline နှင့်ကိုက်ညီရမည်။
(င) အဆိုပါ Video သည် ပြိုင်ပွဲဝင်၏ ကိုယ်ပိုင်လက်ရာ ဖြစ်ရမည်ဖြစ်ပြီး လူပုဂ္ဂိုလ်များ၏ ပုံရိပ်များပါဝင်ပါက အဆိုပါပုဂ္ဂိုလ်၏ သဘောတူညီချက်ပါရှိရမည်။
(စ) ပြိုင်ပွဲဝင်သည် Video တစ်ခုသာတင်သွင်းယှဉ်ပြိုင်ရမည်။
(ဆ) ပြိုင်ပွဲဝင်လက်ရာများအနက်မှ အကောင်းဆုံးလက်ရာရှင်တစ်ဦးကို စိစစ်ရွေးချယ်ပြီး အာဆီယံ ဒေသတွင်းနိုင်ငံများနှင့် ယှဉ်ပြိုင်နိုင်ရန် ပေးပို့သွားပါမည်။

၄။ ANIEE မှ Poster နှင့် Video တစ်ခုချင်းစီအတွက် အောက်ပါအတိုင်း ဆုချီးမြှင့်မည်ဖြစ်ပါသည်–
(က) ပထမဆု – 500 USD
(ခ) ဒုတိယဆု – 300 USD
(ဂ) တတိယဆု – 200 USD

၅။ ပြိုင်ပွဲဝင်များသည် ပြိုင်ပွဲဝင်လက်ရာ(hard copy နှင့် soft copy)တို့ကို မိမိ၏ကိုယ်ရေးအကျဉ်း၊ မှတ်ပုံတင်မိတ္တူပူးတွဲလျက် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ မူပိုင်ခွင့်ဦးစီးဌာန၊ ရုံးအမှတ်(၅၂)၊ နေပြည်တော်သို့ လူကိုယ်တိုင်ဖြစ်စေ၊ စာတိုက်မှဖြစ်စေ၊ ipdept.public@gmail.com emailသို့ဖြစ်စေ(၁-၈-၂၀၂၂)ရက်နေ့နောက်ဆုံးထား၍ ပေးပို့ယှဉ်ပြိုင်သွားရန်နှင့် ပြိုင်ပွဲဝင်လက်ရာများအနက်မှ သတ်မှတ်စည်းကမ်းချက်နှင့်ကိုက်ညီသည့် Poster နှင့် Video ပြိုင်ပွဲတစ်ခုစီအတွက် အကောင်းဆုံး လက်ရာ(၁)ခုစီအား စိစစ်ရွေးချယ်ပြီး ရွေးချယ်ခံရသည့် ကာယကံရှင်ထံသို့ အကြောင်းကြားပါမည်။ အဆိုပါ လက်ရာ(၂)ခုအား အာဆီယံဒေသတွင်းပြိုင်ပွဲသို့ ပေးပို့ယှဉ်ပြိုင်သွားမည်ဖြစ်ပြီး အာဆီယံဒေသတွင်း ပြိုင်ပွဲတွင် ဆုရရှိပါက ဆက်သွယ်ပေးမည်ဖြစ်ပါသည်။

၆။ အာဆီယံဒေသတွင်း ဆုရရှိသူ၏ မူပိုင်ခွင့်သည် ကာယကံရှင်ဖြစ်သော်လည်း အဆိုပါ Poster နှင့် Video အား အသုံးပြုခွင့်သည် ANIEE နှင့်သက်ဆိုင်သည်။

၇။ အဆိုပါ ပြိုင်ပွဲနှင့်စပ်လျဉ်း၍ စုံစမ်းသိရှိလိုပါက မူပိုင်ခွင့်ဦးစီးဌာန၏ တယ်လီဖုန်းနံပါတ် ၀၆၇-၄၃၀၅၉၅ သို့မဟုတ် ၀၆၇-၄၃၀၅၉၆ သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**မူပိုင်ခွင့်ဦးစီးဌာန**
**စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ (၁၄၀)ရပ်ကွက်၊ ဝေသန္တရာလမ်း၊ မြေကွက်အမှတ်(၁၂၆)၊ အကျယ်အဝန်း အလျား ၆၀ ပေ x အနံ ၄၀ ပေရှိ ပါမစ်မြေကွက်နှင့် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ပါမစ်မြေကွက်အမည်ပေါက်သူ ဒေါ်အမာ (PAK-007099)ထံမှ ဆက်စပ်စာချုပ်များဖြင့် ဝယ်ယူပိုင်ဆိုင်ထားသူ ဒေါ်မြသော်ဒါသက် [၁၃/သပန(နိုင်) ၀၁၉၁၁၉]က အရှုပ်အရှင်းကင်းစွာဖြင့် လက်ရှိထားပိုင်ဆိုင်ကြောင်းနှင့် လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသဖြင့် ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် စရန်ငွေပေးချေထားပါသည်။ အရောင်းအဝယ်ကို ကန့်ကွက်လိုလျှင် ဤကြော်ငြာပါသည့်နေ့မှ (၁၄)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထား(မူရင်း)များဖြင့် ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်လျှင် ဥပဒေနှင့်အညီ အရောင်းအဝယ်ကို အပြီးသတ်ဆောင်ရွက်မည် ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးရှင်ငြိမ်း၊ တရားလွှတ်တော်ရှေ့နေ(စဉ်–၄၆၄၄)**
**အမှတ်–၅၂၊ ၅၆–လမ်း၊ ပုဇွန်တောင်မြို့နယ်။**
**ဖုန်း–၀၉– ၅၀၄၃၀၄၆**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြော်ငြာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ သံလွင်ရိပ်မွန်အိမ်ရာစီမံကိန်းအဆင့်ကြယ်စင်အိမ်ရာ တိုက်အမှတ်(B–5) အခန်းအမှတ်(၆၁၉) အခန်းအမျိုးအစား(Type–B+1a) အကျယ်အဝန်း (၉၃၇)စတုရန်းပေရှိ ကွန်ဒိုတိုက်ခန်းနှင့် ၎င်းတိုက်ခန်းတွင်ပါဝင်သော အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို ပိုင်ရှင်ဖြစ်သူ ဒေါ်မျိုးမျိုးအေး[၁၂/လမတ(နိုင်)၀၀၂၇၀၀၇]ကိုင်ဆောင်သူမှ လက်ဝယ်ထားရှိ၍ တရားဝင်ပိုင်ဆိုင်ပြီး ပြန်လည်ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုလာ၍ ကျွန်ုပ်၏မိတ်ဆွေမှ အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေအဖြစ် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါသည်။ ကန့်ကွက်မည့်သူရှိပါက ခိုင်လုံသောစာရွက်စာတမ်း(မူရင်း)အထောက်အထားအပြည့်အစုံဖြင့် ဤကြော်ငြာပါသည့်ရက်မှ စ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မည့်သူမရှိပါက အဆိုပါအရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်မိုးမိုးမြင့်**
**အထက်တန်းရှေ့နေ(စဉ်–၅၀၆၀၆)**
**၀၉–၄၂၅၀၁၂၂၂၅**
**အမှတ်(၄၅)၊ အောင်မေတ္တာလမ်း၊ သမိုင်း(၁)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။**
**S.R.S REAL ESTATE Ph–09–43125834, 09–779726621**

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာ

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၇)၊ မြေကွက်အမှတ်(၉၁၀/က)၊ မြေကွက်တည်နေရာအမှတ်(၉၁၀/က)၊ သီရိဇေယျာ (၁၉)လမ်း၊ ၇-ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ (ဒေါ်တင်ပြုံး) [၁၂/ဥကတ(နိုင်)၀၅၅၂၀၅] အမည်ပေါက်၊ နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ဒေါ်တင်ပြုံး(မိခင်/အဖွား)(၁၅-၇-၂၀၂၁)ရက်နေ့တွင်လည်းကောင်း၊ ဦးခင်ကြည်(ဖခင်) (၇-၁၂-၂၀၀၅)ရက်နေ့တွင်လည်းကောင်း၊ ဒေါ်ဝေဝေမာ(သမီး)(၁၆-၇-၂၀၂၁) ရက်နေ့တွင်လည်းကောင်း၊ ကွယ်လွန်သဖြင့် ဒေါ်ဝေဝေမာ၏အစုအတွက် ၎င်း၏တစ်ဦးတည်းသော ခင်ပွန်းဖြစ်သူ ဦးစိုးနိုင်နှင့် (၁-၃-၂၀၁၆)ရက်နေ့ နှစ်ဦးသဘောတူ ကွာရှင်းပြတ်စဲခဲ့သဖြင့် ၎င်းတို့၏ တစ်ဦးတည်းသောသမီးဖြစ်သူ ဒေါ်ရွှန်းလဲ့ဝေ[၁၂/ဥကတ(နိုင်)၂၀၂၅၆၀]နှင့် ပူးတွဲလျက် အမည်ပေါက်၏ ကျန်သားများဖြစ်သော ဦးချစ်ကိုကို[၁၂/ဥကတ(နိုင်)၀၅၈၅၇၂]၊ ဦးဝင်းကိုကို [၁၂/ဥကတ(နိုင်)၁၃၁၀၈၉] တို့၏ GP ဒေါ်မေဇင်ဦး[၁၂/ဥကတ(နိုင်)၁၇၆၂၀၈]မှ မိခင်/အဖွားတော်စပ်ကြောင်း၊ ကျမ်းကျိန်လွှာ ၆/၁၇၄၀/၂၀၂၂(၁၅-၆-၂၀၂၂) ထောက်ခံကျမ်းကျိန်လွှာ၊ GP ၈၆၂၈(၁၅-၇-၂၀၂၂)၊ ပါဝါရုပ်သိမ်းခြင်းမရှိသေးကြောင်း ကျမ်းကျိန်လွှာ ၆/၁၇၄၃/၂၀၂၂(၁၅-၆-၂၀၂၂)၊ ကွာရှင်းပြတ်စဲကြောင်းကတိစာချုပ်(၁-၃-၂၀၁၆)၊ သေစာရင်း၊ အိမ်ထောင်စုစာရင်း၊ ဂရန်မူရင်းတို့တင်ပြ၍ ပိုင်ဆိုင်ကြောင်းနှင့် အရောင်းမြေပုံကူးလျှောက်ထားလာခြင်းအား တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြော်ငြာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(ကျောက်မြောင်းကြီး)၊ မြေကွက်အမှတ်(၄၁)၊ သီတာလမ်း၊ အမှတ်(၄၁)ဟုခေါ်တွင်သော မြေရှင်များဖြစ်သည့် (၁) ဒေါ်မြမြအေး (CE–၀၈၀၂၆၀)၊ (၂) ဒေါ်ခင်အုန်းမြင့် [၁၂/တမန (နိုင်)၀၂၂၇၉၃]တို့ပိုင်ဆိုင်သော မြေပေါ်တွင် ဆောက်လုပ်ထားသော (၆)ထပ်တိုက်အဆောက်အဦ၏ ဒုတိယထပ် ၃–လွှာ(ဘီ) [(ဝဲဘက်)ခြေရင်း]အခန်း တိုက်ခန်းတစ်ခန်းအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို အဆင့်ဆင့်ဆက်စပ်စာချုပ်များဖြင့် တရားဝင်ပိုင်ဆိုင်ရောင်းချပိုင်ခွင့်ရှိသူဖြစ်သော ဒေါ်ခတ္တာဦး [၆/ကသန(နိုင်)၀၆၄၈၇၃]ထံမှ ကျွန်ုပ်၏မိတ်ဆွေများဖြစ်သော (၁) ဦးမြင့်စိုး (၂) ဒေါ်ခင်မေသန်းတို့မှ ဝယ်ယူရန်အတွက် အရောင်းအဝယ်အဖြစ် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ရာ ယင်းတိုက်ခန်းနှင့်ပတ်သက်၍ ပိုင်ဆိုင်အကျိုးခံစားခွင့်ရှိသူမည်သူမဆို ခိုင်လုံသော အထောက်အထားများနှင့်တကွ ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**

| | |
|---|---|
| **ဒေါ်လွင်မာဦး (LL.B)** | **ဒေါ်နော်အိန္ဒြေဖူးသစ်ဦး(LL.B)** |
| **တရားလွှတ်တော်ရှေ့နေ(စဉ်–၁၄၅၁၁)** | **အထက်တန်းရှေ့နေ(စဉ်–၅၂၆၇၄)** |

**အမှတ်(၁၁၇၄)၊ ဘုရင့်နောင်လမ်းမကြီး၊ (၅၁)ရပ်ကွက်၊**
**ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်။ ဖုန်း–၀၉– ၂၅၉၆၈၆၀၈၈**

## အများသိစေရန် ကြေညာခြင်း

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(ဆ)၊ သုနန္ဒာ(၁၂)လမ်း၊ မြေကွက်အမှတ် (၁၇၄ ၃/၂)ဟုခေါ်တွင်သော ဒေါ်ခင်မာရီ အမည်ဖြင့် ထွက်ရှိထားသော နှစ်(၆၀)မြေငှားဂရန်၊ အကျယ်အဝန်း (အလျား ၂၀'x အနံ ၆၀')၊ ဧရိယာ (၁၂၀၀)စတုရန်းပေအကျယ်ရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော နေအိမ်အပါအဝင် လျှပ်စစ်မီး၊ ရေနှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို စာချုပ်အဆက်ဆက်ဖြင့် ဝယ်ယူပိုင်ဆိုင်ထားသူ ဒေါ်လုလု [၁၂/ဥကမ(နိုင်)၀၆၉၆၅၀] ထံမှ ဝယ်ယူရန်အတွက် ဦးအောင်ကျော်ဦး [၇/ညလပ(နိုင်)၀၁၅၈၂၀]မှ စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများသည် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော အထောက်အထားမူရင်းများဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ထက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စအား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားသူ** | **လွှဲအပ်ညွှန်ကြားချက်အရ–** |
| **ဦးအောင်ကျော်ဦး** | **ဒေါ်အေးအေးမူ (ဥပဒေဘွဲ့)** |
| **[၇/ညလပ(နိုင်)၀၁၅၈၂၀]** | **တရားလွှတ်တော်ရှေ့နေ (စဉ်–၈၃၄၇)** |
| | **ဖုန်း– ၀၉–၄၂၀၃၀၆၉၃၈** |

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်မြို့၊ အလုံမြို့နယ်၊ ဂဠုန်ရပ်ကွက်၊ သိပ္ပံလမ်း၊ အမှတ်–၇၁၊ ၄–လွှာ (အေ)ဟုခေါ်တွင်သောတိုက်ခန်းကို ဆက်စပ်စာချုပ်များဖြင့် လက်ရှိလက်ဝယ်ပိုင်ဆိုင်ထားပြီး အရောင်းအဝယ် ပြုလုပ်ပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူများဖြစ်သော ဦးဖြိုးဝေ [၁၄/ညတန(နိုင်)၁၉၆၅၆၂]နှင့် ဒေါ်ခင်ငြိမ်းချမ်း [၁၄/ဟသတ(နိုင်)၃၁၁၈၆၆]တို့ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေ ဒေါ်သင်းသင်း [၁၄/မအပ(နိုင်)၁၈၉၆၈၉]၏ (၂၁–၃–၂၀၁၉)ရက်စွဲပါ အထွေထွေကိုယ်စားလှယ်လွှဲစာရရှိသူ ဒေါ်အေးစန္ဒာထွန်း [၁၂/အလန(နိုင်)၀၄၅၅၄၉]က အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေပေးချေပြီးဖြစ်ပါသည်။ ထိုတိုက်ခန်းနှင့်ပတ်သက်ပြီး ကန့်ကွက်ရန်ရှိပါက မည်သူမဆို ကျွန်ုပ်တို့ထံသို့ ဤသတင်းစာပါသည့်နေ့မှ (၇)ရက်အတွင်း အထောက်အထားအပြည့်အစုံဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။ (၇)ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ညွှန်ကြားချက်အရ–**
**ဦးသူရိန်မြင့် LL.B (စဉ်–၉၅၂၁/၂၀၁၃ခုနှစ်)**
**ဒေါ်ဆုမွန်ဆွေ LL.B,D.B.L (စဉ်–၁၂၈၁၈/၂၀၁၇ခုနှစ်)**
**တရားလွှတ်တော်ရှေ့နေများ**
**အမှတ်–၃၁၊ ဆင်ရေကန်လမ်း၊ ဆင်မင်းရပ်ကွက်၊ အလုံမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း–၀၉– ၅၀၅၉၈၂၂၊ ၀၉– ၇၉၅၇၉၀၇၆၇**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ အောင်ချမ်းသာ(၁)ရပ်ကွက်၊ ဦးပိုင်အမှတ်(၄)၊ မြေကွက်အမှတ်(၄၇၉)၊ ဗိုလ်ရာညွန့်လမ်း၊ ဗိုလ်ချုပ်ရေနံစက်ကွက်၊ အမှတ်(၂၅)၊ သန်လျင်မြေစာရင်းရုံး၌ ဦးတင်ဆန်း အမည်ပေါက်၊ အကျယ်အဝန်း ပေ(၄၀x၆၀)ရှိ မြေနှင့်မြေကွက်ပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို အရပ်ကတိစာချုပ်အဆက်စပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ထားသူ ဦးသိန်းဝင်း [၁၂/သကတ(နိုင်)၁၁၃၁၇၂]ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်မေမြတ်မွန် [၁၂/ဒပန(နိုင်)၀၅၀၁၇၅]က ဝယ်ယူရန်အတွက် **"နှစ်ဦးသဘောတူ မြေကွက်အရောင်းအဝယ်စရန်ပေးကတိစာချုပ်"**ကို ချုပ်ဆိုပြီးဖြစ်ရာ ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်တို့ထံ စာချုပ်စာတမ်းမူရင်းများနှင့်တကွ လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက မြေကွက်အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်မေမြတ်မွန်၏ လွှဲအပ်ညွှန်ကြားချက်အရ–**
**အဓိပတိ Law Firm**

| | |
|---|---|
| **ဦးအောင်ဖြိုးလတ်(LL.B)** | **ဒေါ်အိဖြူဇင်ခိုင်(LL.B)** |
| **တရားလွှတ်တော်ရှေ့နေ(စဉ်–၁၂၀၀၅)** | **တရားလွှတ်တော်ရှေ့နေ(စဉ်–၁၇၉၃၆)** |

**အမှတ်(၁၀၆)၊ ပထမထပ်၊ မြင်တော်သာလမ်း၊ ၃/မာန်ပြေရပ်ကွက်၊ သာကေတမြို့နယ်၊ ရန်ကုန်မြို့။**
**Ph–09– 770052185**

## ဒေါ်ခင်မူ[၆/ထဝန(နိုင်)၀၁၉၉၉၈] အမည်ဖြင့် ကျန်ရစ်သောပစ္စည်းအရပ်ရပ်တို့ကို လွှဲပြောင်းရောင်းချခြင်း၊ ပေးကမ်းခြင်း၊ စွန့်လွှတ်မှုများ မပြုလုပ်ကြရန် ကန့်ကွက်တားမြစ်ပါကြောင်း အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီမြို့နယ်၊ ဘွက်ကြီးကျေးရွာအုပ်စု၊ ဘွက်ကြီးကျေးရွာနေ ဒေါ်ခင်မူ၏ခင်ပွန်းဖြစ်သူ ဦးရဲကျော်သူ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အသိပေးကြေညာအပ်ပါသည်–

ဒေါ်ခင်မူနှင့် ဦးရဲကျော်သူတို့သည် (၂၀၀၆)ခုနှစ်က အကြင်လင်မယားအဖြစ် ပေါင်းသင်းခဲ့ရာ ယခုဆိုလျှင် (၁၆)နှစ်ပင်ရှိခဲ့ပြီဖြစ်ပါသည်။ ဒေါ်ခင်မူသည် မကျန်းမမာဖြစ်ခဲ့သဖြင့်(Victoria)ဆေးရုံနှင့် ရန်ကုန်ဆေးရုံကြီးတွင် ဆေးကုသမှုခံယူနေစဉ် ၎င်း၏မောင်အငယ်ဖြစ်သူက ဆေးဝါးကုသပေးပါမည် ၎င်းတို့နှင့်ထည့်လိုက်ပါရန် ပြောဆိုသဖြင့် ခင်ပွန်းဖြစ်သူ ဦးရဲကျော်သူက လိုက်လျောသဘောတူခဲ့ပါသည်။ ၎င်းအပြင် ဒေါ်ခင်မူအမည်ဖြင့် ဝယ်ယူထားသော အိမ်/မြေစာချုပ်များ၊ ဈေးဆိုင်ခန်းများ၊ ရွှေငွေလက်ဝတ်ရတနာများကို အသိမိတ်ဆွေများအား သက်သေထားပြီး ဦးရဲကျော်သူက ဒေါ်ခင်မူအား လွှဲအပ်ခဲ့ပါသည်။ ယခုအခါ ဒေါ်ခင်မူအမည်ဖြင့် ရှိသောပစ္စည်းအရပ်ရပ်တို့ကို ခင်ပွန်းဦးရဲကျော်သူသဘောမတူဘဲ ရောင်းချထားခြင်း၊ နာမည်ပြောင်းခြင်း၊ ပေးကမ်း ထားခြင်း စသည်များပြုလုပ်ထားကြောင်း စုံစမ်းကြားသိရပါသည်။

ထို့ကြောင့် ဒေါ်ခင်မူ(အမည်)ဖြင့် ဝယ်ယူထားသော လင်မယားနှစ်ဦးပိုင်ပစ္စည်းအရပ်ရပ်တို့ကို ခင်ပွန်းဦးရဲကျော်သူ သဘောမတူဘဲ လွှဲပြောင်းခြင်း၊ ရောင်းချခြင်း၊ ပေးကမ်းထားခြင်းစသည့်ကိစ္စအရပ်ရပ်တို့ကို (၃၀–၇–၂၀၂၂)နေ့ရက် နောက်ဆုံးထား၍ ခင်ပွန်းဖြစ်သူ ဦးရဲကျော်သူထံ(သို့မဟုတ်)ကျွန်ုပ်တို့ထံသို့ လာရောက်ဆက်သွယ်ညှိနှိုင်းဖြေရှင်းကြပါရန် သက်ဆိုင်ကြသူများအားလုံးတို့အား အသိပေးကြေညာအပ်ပါသည်။

သတ်မှတ်ရက်ကျော်လွန်ခဲ့ပါလျှင် ခင်ပွန်းဦးရဲကျော်သူအနေဖြင့် ဥပဒေကြောင်းအရ မလွှဲမရှောင်သာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သက်ဆိုင်သူအားလုံး သိရှိနိုင်ကြစေရန် အသိပေးကြေညာအပ်ပါသည်။

**ခင်ပွန်းဖြစ်သူ ဦးရဲကျော်သူ၏ လွှဲအပ်ညွှန်ကြားချက်အရ–**

| | |
|---|---|
| **ဒေါ်ခင်သန္တာဝင်း** | **ဦးစိုးအောင်** |
| **B.A(History), PGDL, (Dip in English)** | **(B.A, R.L, D.B.L, B.D.S)** |
| **(အထက်တန်းရှေ့နေ)(စဉ်–၅၂၂၉၅)** | **(တရားလွှတ်တော်ရှေ့နေ)(စဉ်–၆၉၃၄)** |

**အမှတ်(၁၆၀)၊ ၄ဝါလမ်း၊ ဌာနာရပ်ကွက်၊ အလုံမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း–၀၁–၂၂၃၇၉၆၊ ၀၉–၄၄၃၀၀၂၆၀၇၊ ၀၉–၂၅၄၀၆၁၄၆၉၊ ၀၉–၇၉၁၉၄၇၁၂၉**

အ. ထ. က(၁)ညောင်တုန်း၊ အ. ထ. က ဆားမလောက်
ကျောင်းဆရာ(ငြိမ်း)

## ဦးတင်အုန်း

### အသက်(၈၉)နှစ်

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊(၇)ရပ်ကွက်၊ သံလမ်း၊ အမှတ်(၂၅)နေ ဒေါ်မြင့်မြင့်ကြည် ကွယ်လွန်၏ချစ်လှစွာသောခင်ပွန်း၊ ကိုမြတ်ဇော်လင်းလင်းဦး-မခင်သီတာ၊ ကိုသက်အောင်နိုင်-မကြည်ပြာလင်း၊ မအေးပပငြိမ်း၊ ကိုဟိန်းအောင်-မဝင့်ဝါလင်းတို့၏ဖခင်ကြီး၊ မြေး(၄)ယောက်တို့၏အဘိုးသည် ၁၃-၇-၂၀၂၂(ဗုဒ္ဓဟူးနေ့) နံနက် ၇း၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၅-၇-၂၀၂၂(သောကြာနေ့) မွန်းလွဲ ၁ နာရီတွင် ထိန်ပင်သုသာန်၌ မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၁၁း၃၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဒေါ်သိန်းကြည် (ရွှေကျင်မြို့)
### အသက် (၉၅) နှစ်

ရန်ကုန်မြို့၊ အလုံမြို့နယ်နေ ဦးကျော်သူ (အမှုဆောင် အရာရှိချုပ် YESC-MOEP) - ဒေါ်နီလာရှိန်တို့၏ မိခင်၊ ဦးအေး၏ ချစ်လှစွာသောဇနီး ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး ရွှေကျင်မြို့နေ ဒေါ်သိန်းကြည် အသက် (၉၅) နှစ်သည် ၁၀-၇-၂၀၂၂ ရက်နေ့တွင် ကွယ်လွန်သွား ကြောင်းသိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ အထူးဝမ်း နည်းကြေကွဲရပါသည်။

ဥက္ကဋ္ဌ
မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီနှင့်
ဝန်ထမ်းများ

## အထူးဝမ်းနည်းခြင်း
မင်းတုန်းအသင်းနာယကကြီးနှင့် ကန်တော့ခံပုဂ္ဂိုလ်ဖြစ်သူ
### ဆရာကြီး ဦးထွန်းလှိုင်
ပြည်နယ်ပညာရေးမှူး(ငြိမ်း)
### အသက်(၈၈)နှစ်

ဆရာကြီး ဦးထွန်းလှိုင် (ပြည်နယ်ပညာရေးမှူး-ငြိမ်း)သည် ၇-၇-၂၀၂၂ (ကြာသပတေးနေ့) ည ၈း၁၅ နာရီတွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုဝင်များနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း။

**မင်းတုန်းအသင်း(ရန်ကုန်)**

## အထူးဝမ်းနည်းကြေကွဲခြင်း

ဒေါ်မိမိခိုင်၏ ချစ်လှစွာသောခင်ပွန်း ဦးခင်မောင်ရင် (ညွှန်ကြားရေးမှူး၊ လဝက-ငြိမ်း) အသက်(၇၁)နှစ်သည် ၁၁-၇-၂၀၂၂ ရက် ည ၁၁း၁၀ နာရီတွင် (၉၆)ပါးသော ရောဂါဖြင့် ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါ သည်။

**ညွှန်ကြားရေးမှူးချုပ်၊ လူဝင်မှုကြီးကြပ်ရေးဦးစီးဌာနနှင့်**
**အရာထမ်း၊ အမှုထမ်းဝန်ထမ်း မိသားစု**

## ဝမ်းနည်းကြေကွဲခြင်း
## ဦးသက်နိုင်ဦး
### အသက်(၃၈)နှစ်

ဦးသက်နိုင်ဦး(Senior Business Assistant) Zeya & Associates Co.Ltd သည် ၁၃-၇-၂၀၂၂ (ဗုဒ္ဓဟူးနေ့) နံနက် ၆ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိပါသဖြင့် မိသားစုနှင့်အတူ ထပ်တူဝမ်းနည်းကြေကွဲရပါသည်။

**ဦးဇေယျာသူရမွန်-ဒေါ်ခိုင်ခိုင်မြင့်**
**နှင့်**
**Zeya & Associates Co.,Ltd**
**မှ**
**ဝန်ထမ်းမိသားစုများ**

**ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရေတွင်းကုန်းရပ်ကွက်၊ ၁၁၈-လမ်း၊ အမှတ်(၃၇)၊ ၃-လွှာ မျက်နှာမူလျက်(ဝဲ)ဟု ခေါ်တွင်သည့် တိုက်ခန်းအရောင်းအဝယ်နှင့်စပ်လျဉ်းပြီး ကန့်ကွက်နိုင်ပါသည်**

အဆိုပါတိုက်ခန်းကို တရားဝင်ပိုင်ဆိုင်ထားသူ **ဦးဇော်မင်း [၁၂/တမန(နိုင်)၀၀၀၉၅၆]**၏ အမွေဆက်ခံပိုင်ဆိုင်သူ သားသမီးများဖြစ်ကြသော **၁။ ဒေါ်အေးမြမြထွန်း [၁၂/တမန(နိုင်)၀၉၃၁၄၉]၊ ၂။ ဦးကောင်းထက်ဇော် [၁၂/မဂတ(နိုင်) ၁၀၈၆၈၄]၊ ၃။ ဒေါ်ဆုနန္ဒာမင်း [၁၂/မဂတ(နိုင်)၁၁၄၃၉၈]** တို့ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေတစ်ဦးက ဝယ်ယူရန် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများ ယနေ့မှ (၁၀)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထားအပြည့်အစုံဖြင့် လာရောက် ကန့်ကွက်နိုင်ပါသည်။ ၎င်းရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို အပြီးအပြတ် ဆက်လက်ဆောင်ရွက်မည်ဖြစ်ပါကြောင်း။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးအောင်ဘော်(စဉ်-၄၀၃၅)**
**LL.B, DBL, DML, DIL, DLP, WIPO (Switzerland)**
**ဒေါ်အေးအေးစိုး(စဉ်-၅၈၂၇)**
**B.Sc, Hon(IC), HGP, R.L, D.B.L.**
**တရားလွှတ်တော်ရှေ့နေများ**
**ဦးရဲမြင့်ထွန်း(LL.B) (စဉ်-၅၀၅၂၂) အထက်တန်းရှေ့နေ**
**အမှတ်(၂၇)၊ ၁၂၁-လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။**
**Tel: 294766 HP: 09- 5017044**

## ဦးစိုးလှိုင်
### အသက်(၉၇)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ ဂျောင်ဝိုင်းလေးကျေးရွာနေ (ဦးထွန်းညိမ်း-ဒေါ်စောတင်)တို့၏သား၊ ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်နေ (ဦးစံမြ-ဒေါ်ကစ်တီ)တို့၏သားသမက်၊ ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ ခေမာသီလမ်းမကြီး၊ အမှတ်(၆)နေ (ဒေါ်မြမေ)၏ခင်ပွန်း၊ (ဦးအေးကျော်)-ဒေါ်နွဲ့နွဲ့ရီ (အလက-၁၊ ဒဂုံ-ငြိမ်း)၊ (ဦးချမ်း-ဒေါ်သန်းသန်းဦး)၊ ဦးမျိုးမြင့်ထွန်း (Ancient Cities flotilla Co.,Ltd)-ဒေါ်ဘေဘီအေး(ပြင်သစ်လမ်းညွှန်)တို့၏ဖခင်၊ ကိုသိန်းထွန်း- မတင်အေးခိုင်၊ ကိုပြည့်စုံထွန်း၊ ကိုရဲဇော်မင်း၊ မောင်သက်ထွန်း၊ မောင်သန်းထွန်းတို့၏အဘိုး၊ မောင်နန္ဒ၏ဘိုးဘိုးသည် ၁၂-၇-၂၀၂၂ (အင်္ဂါနေ့) မွန်းလွဲ ၁း၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၄-၇-၂၀၂၂ (ကြာသပတေးနေ့) မွန်းလွဲ ၁ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း အသိပေးအပ်ပါသည်။ (နေအိမ်မှကားများ မွန်းတည့် ၁၂ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

## ဦးကြင်မောင်(မိတ္ထီလာမြို့)
### အသက်(၈၂)နှစ်

မိတ္ထီလာမြို့၊ ပေါက်ချောင်းရပ်ကွက်နေ (ဦးစိန်-ဒေါ်သန်း)တို့၏သား၊ ဒေါ်စန်း၏ခင်ပွန်း၊ ဒေါ်ဥမ္မာဦး၊ ဦးစိုးမိုး(စိုက်ပျိုးရေးဦးစီးဌာန၊ နေပြည်တော်)-ဒေါ်ကတ္တာ နွယ်လှလွင်(ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်)၊ ဦးမျိုးအောင်-ဒေါ်ဖြိုးသူဇာ(မြဝတီဘဏ်ရုံးချုပ်)တို့၏ မွေးသဖခင်၊ မမျိုးမျိုးကိုကော်၏ အဘိုးသည် ၁၃-၇-၂၀၂၂ (ဗုဒ္ဓဟူးနေ့) နံနက် ၇း၄၅ နာရီတွင် ဘဝတစ်ပါးသို့ ကူးပြောင်းသွားပါ သဖြင့် ယင်းနေ့ညနေ ၄ နာရီတွင် မြင်တော်ကန်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြား အပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဦးခင်မောင်ရင်
ညွှန်ကြားရေးမှူး၊ လဝက(ငြိမ်း)
### အသက်(၇၁)နှစ်

အမှတ်(၁၄/ဘီ)၊ အောင်သပြေလမ်း၊ စမ်းချောင်းမြို့နယ်နေ (ဦးကျော်တင်-ဒေါ်စောနွယ်)တို့၏သား၊ ဒေါ်မိမိခိုင်၏ခင်ပွန်း၊ မစုဝိုင်းယဉ်၊ မင်ဝိုင်းယဉ်တို့၏ဖခင်သည် ၁၁-၇-၂၀၂၂ ရက် ည ၁၁း၁၀ နာရီတွင် (၉၆)ပါး သောရောဂါဖြင့် ကွယ်လွန်သွားကြောင်း သိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲ ရပါကြောင်း။

**အထက(၁) သာကေတ**
**ကျောင်းသား/သူဟောင်းများအသင်း**

**ရန်ကုန်မြို့၊ ဒေါပုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃)၊ လူနေရပ်ကွက်အမှတ်(ဗိုလ်ထွန်းဇံ)၊ မြေကွက်အမှတ်(၂)၊ ဧရိယာ (၂၅x၅၀)ပေရှိ နှစ်(၆၀) ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ဒေါပုံမြို့နယ်၊ ဗိုလ်ထွန်းဇံရပ်ကွက်၊ မင်းနန္ဒာလမ်း၊ အမှတ်(၃၆)ဟုခေါ်တွင်သည့် မြေနှင့်အဆောက်အအုံ အရောင်းအဝယ်နှင့်စပ်လျဉ်းပြီး ကန့်ကွက်နိုင်ပါသည်**

အဆိုပါမြေကွက်နှင့် အဆောက်အအုံ၏ တရားဝင်အမည်ပေါက် ပိုင်ရှင် **ဦးဘိုးကြွေ [၁၂/ဒပန(နိုင်)၀၂၉၁၀၅]**နှင့် **ဦးကျော်သန်း [၁၂/ဒပန(နိုင်) ၀၂၉၀၀၄]**တို့ဖြစ်ပြီး အရပ်ကတိအရောင်းအဝယ်စာချုပ်အဆက်စပ်ဖြင့် ဝယ်ယူထားသူ **ဒေါ်ချိုချို(ခ)ဒေါ်မြင့်မြင့်ချို [၁၂/ဒပန(နိုင်)၀၃၄၈၉၀]**နှင့် **ဒေါ်မြင့်မြင့် [၁၂/ပဇတ(နိုင်)၀၁၇၁၆၅]**တို့ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေ တစ်ဦးက ဝယ်ယူရန် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။ ကန့်ကွက်လိုသူများ ယနေ့မှ (၁၄)ရက်အတွင်း ပိုင်ဆိုင်မှု အထောက်အထားအပြည့်အစုံဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။ ၎င်းရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို အပြီးအပြတ် ဆက်လက် ဆောင်ရွက်မည် ဖြစ်ပါကြောင်း။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးအောင်ဘော်(စဉ်-၄၀၃၅)**
**LL.B, DBL, DML, DIL, DLP, WIPO (Switzerland)**
**ဒေါ်အေးအေးစိုး(စဉ်-၅၈၂၇) B.Sc, Hon(IC), HGP, R.L, D.B.L.**
**တရားလွှတ်တော်ရှေ့နေများ**
**ဦးရဲမြင့်ထွန်း(LL.B) (စဉ်-၅၀၅၂၂) အထက်တန်းရှေ့နေ**
**အမှတ်(၂၇)၊ ၁၂၁-လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။**
**Tel: 294766 HP: 09- 5017044**



**အပြင်ထွက်တိုင်း**
**ပါးစပ်နှင့်**
**နှာခေါင်းစည်း(mask)ကို**
**စနစ်တကျ မပျက်မကွက်**
**တပ်ဆင်ပါ**

## ဦးခိုင်ထွန်း(မော်လမြိုင်)
### အသက်(၇၃)နှစ်

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ အမှတ် (၇၆/၇၈)၊ ငါးလွှာ(B)၊ မဟာသုခလမ်း၊ ကျီတော်ရပ်ကွက်နေ (ဦးအပ်မှျင်-ဒေါ်ကျန်ရင်)တို့၏သားကြီး၊ (ဦးကွန်ပါ-ဒေါ်ထွန်းမေ)တို့၏သားသမက်၊ (ဒေါ်သိန်းသိန်းအေး)၏ ချစ်လှစွာသောခင်ပွန်း၊ ဒေါ်ညွန့်ညွန့်ယဉ်၊ ဒေါ်ချိုချိုယဉ်၊ ဦးစိန်ယု၊ ဦးမြတ်စိန်၊ ဦးစိန်နိုင်၊ ဒေါ်ညိုညိုယဉ်၊ ဦးစိန်တိုးတို့၏ အစ်ကိုကြီး၊ မင်းလူမော်၊ မင်းခိုင်ဇော်၊ မင်းကောင်းကျော်တို့၏ မွေးသဖခင်ကျေးဇူးရှင် ဦးခိုင်ထွန်းသည် ၁၂-၇-၂၀၂၂ (အင်္ဂါနေ့) ညနေ ၆း၃၀နာရီတွင် ကွယ်လွန် သွားပါသဖြင့် ၁၄-၇-၂၀၂၂ (ကြာသပတေးနေ့) ညနေ ၃ နာရီတွင် ရေဝေးသုသာန်၌ မီးသဂြိုဟ်မည် ဖြစ်ပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ၁၈-၇-၂၀၂၂ (တနင်္လာနေ့) နံနက် ၆ နာရီတွင် အထက်ပါ နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ကိုကျော်သူ
### (United Wood Industries Co.,Ltd)
### အသက်(၄၆)နှစ်

ပဲခူးမြို့၊ ဆိုရှယ်လစ်(၃)လမ်း၊ အမှတ်(၈၉၆)နေ (ဦးသော်-ဒေါ်နွဲ့)တို့၏သား၊ ရန်ကုန်မြို့၊ မြေနီကုန်း၊ ကျောင်းလမ်း၊ အမှတ်(၂၁)နေ (ဦးကံတင်)-ဒေါ်တင်တင်ဝင်းတို့၏ သားသမက်၊ (ကိုဝင်းမြင့်ဦး)၊ (ကိုအောင်နိုင်ဦး)၊ ကိုငွေးလွင်ဦး- မခင်မျိုးကြွယ်၊ ကိုဇော်မျိုးကျော်-မစန်းစန်းဝေ၊ (ကိုဇော်မင်းလတ်)-မရီရီဝင်း၊ ကိုမင်းသိန်းထွဋ်-(မကျော်မေသိန်းထွန်း)တို့၏ ညီ/မောင်၊ မမြတ်ဟေသီကျော်၊ မချမ်းမြေ့ဟေသီတို့၏ဖခင်၊ မခိုင်ဇင်ဝင်း၏ခင်ပွန်း ကိုကျော်သူသည် ၁၃-၇-၂၀၂၂ (ဗုဒ္ဓဟူးနေ့) နံနက် ၃း၄၅ နာရီတွင် (၉၆)ပါးသောရောဂါဖြင့် ကွယ်လွန်အနိစ္စရောက်သွားပါသဖြင့် ၁၅-၇-၂၀၂၂ (သောကြာနေ့) မွန်းတည့် ၁၂ နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင် သဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

## ဦးသက်နိုင်ဦး
### (Senior Business Assistant) Zeya & Associates Co.,Ltd
### အသက်(၃၈)နှစ်

မကွေးတိုင်းဒေသကြီး၊ ချောက်မြို့နယ်၊ ပခန်းငယ်ကျေးရွာနေ (ဦးမော်မြင့်အောင်-ဒေါ်ခင်ဝင်း)တို့၏သား၊ ဦးအောင်စိုး-ဒေါ်ခင်ထွေးရီတို့၏သားသမက်၊ ဦးတင်ဝင်းအောင်-ဒေါ်ခင်မော်ဝင်း၊ ဦးရဲလင်းထွဋ်-ဒေါ်ခင်ဝင့်ဝင့်ကျော်တို့၏ ညီ/မောင်၊ ဒေါ်ဝေဝေလှိုင် (ရေကြောင်းပို့ဆောင်ရေးဦးစီးဌာန)၏ ချစ်လှစွာသောခင်ပွန်း၊ မောင်ခေတ်ရွှေရောင်ခန့်၏ ဖခင်သည် ၁၃-၇-၂၀၂၂ (ဗုဒ္ဓဟူးနေ့) နံနက် ၆ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၄-၇-၂၀၂၂ (ကြာသပတေးနေ့) ညနေ ၄ နာရီတွင် ကျီစုသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါ သည်။ (နေအိမ်မှ ကားများ မွန်းလွဲ ၂း၃၀ နာရီတွင် ထွက်ပါမည်) [ကွယ်လွန်သူအားရည်စူး၍ ၁၉-၇-၂၀၂၂ (အင်္ဂါနေ့) နံနက် ၇ နာရီမှ ၁၁ နာရီအထိ အမှတ်(၁၄၇)၊ (၁၁)လမ်း၊ ယမုံနာ (၁)ရပ်ကွက်၊ ဒေါပုံမြို့နယ်နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ညှိုးငယ်သောစိတ်ထားဖြင့် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဦးတင်မောင်စိုး(ခ)ဦးဇော်မိုး
### အသက်(၅၈)နှစ်

မွန်ပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတွင် တာဝန်ထမ်းဆောင်နေသော ညွှန်ကြားရေးမှူး ဒေါ်အေးအေးခိုင်၏ ချစ်လှစွာသောခင်ပွန်း ဦးတင်မောင်စိုး(ခ)ဦးဇော်မိုး (အကြီးတန်းစာရေး၊ ချမ်းမြသာစည်မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန)သည် ၁၂-၇-၂၀၂၂ (အင်္ဂါနေ့) ညနေ ၄း၁၃ နာရီတွင် (၉၆)ပါးသောရောဂါဖြင့် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ညွှန်ကြားရေးမှူးချုပ်နှင့် ဝန်ထမ်းမိသားစုများ**
**အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန(ရုံးချုပ်)**

**လျှပ်စစ်ဓာတ်အားကို ချွေတာနိုင်သည့် နည်းလမ်းများ**

ကွန်ပျူတာကို အသုံးမပြုသည့်အခါ လျှပ်စစ်ခလုတ်ကို ပိတ်ပါ။
Standby Mode ဖြင့် ထားသည့်တိုင် လျှပ်စစ်စားမှု ရှိနေသည်ကို သတိပြုစေလိုပါသည်။



**တိုင်းရင်းသားလူမျိုးစုများစွာ မှီတင်းနေထိုင်လျက်ရှိသည့် မိမိတို့နိုင်ငံအတွက် အချင်းချင်း သွေးစည်းညီညွတ်မှုရှိမှသာ ပြည်ထောင်စုကြီး မပြိုကွဲဘဲ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲမည်ဆိုသည်ကို အတိတ်သမိုင်းမှ သင်ခန်းစာရရှိခဲ့ပြီး ဖြစ်ပါသည်။ အနာဂတ်တွင်လည်း အလားတူပင် တိုင်းရင်းသားညီအစ်ကိုမောင်နှမများ၏ ကျစ်လျစ်ခိုင်မာသည့် ညီညွတ်သော စုပေါင်းအားကို ဆက်လက်ကြိုးပမ်းတည်ဆောက်သွားကြရမည် ဖြစ်ပါသည်။**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မဟာသရေစည်သူ မင်းအောင်လှိုင်၏ ၂၀၂၂ ခုနှစ် ဖေဖော်ဝါရီလ ၁၂ ရက်နေ့တွင်ကျရောက်သော (၇၅)နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနားသို့ ပေးပို့သည့် သဝဏ်လွှာမှ ကောက်နုတ်ချက်) ၁၂-၂-၂၀၂၂

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် ၉ ရပ်

၁။ **နိုင်ငံရေး**
- (က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့်ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး
- (ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA)ပါ အတိုင်း အလေးထားလုပ်ဆောင်ရေး
- (ဂ) လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကို ကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေး "မူ" ကို ဆက်လက်လိုက်နာကျင့်သုံးရေး

၂။ **စီးပွားရေး**
- (က) စိုက်ပျိုးရေးနှင့် မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- (ခ) ဈေးကွက်စီးပွားရေးစနစ်တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကိုဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- (ဂ) ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာ ထုတ်လုပ်နိုင်သည့် အလုပ်အကိုင် အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး

၃။ **လူမှုရေး**
- (က) စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ်ရှင်သန်ထက်မြက်ရေး
- (ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်း အစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားယဉ်ကျေးမှု စရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- (ဂ) တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး



## စစ်ကိုင်းတိုင်းဒေသကြီး ဆားလင်းကြီးမြို့နယ်၌ PDF အမည်ခံ အကြမ်းဖက်အဖွဲ့က မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးကို မီးရှို့ဖျက်ဆီး

နေပြည်တော် ဇူလိုင် ၁၃

စစ်ကိုင်းတိုင်းဒေသကြီး ဆားလင်းကြီးမြို့နယ်၌ PDF အမည်ခံ အကြမ်းဖက်အဖွဲ့က မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးကို မီးရှို့ဖျက်ဆီးသွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဇူလိုင် ၁၃ ရက်နံနက် ၅ နာရီ ၅၅ မိနစ်ခန့်တွင် စစ်ကိုင်းတိုင်းဒေသကြီး ဆားလင်းကြီးမြို့နယ် အမှတ်(၂)ရပ်ကွက်ရှိ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးကို PDF အမည်ခံ အကြမ်းဖက်သမားများက မီးရှို့ဖျက်ဆီးသွားကြောင်း သတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် မီးသတ်တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့က သွားရောက်မီးငြိမ်းသတ်ခဲ့ရာ နံနက် ၆ နာရီ ၁၀ မိနစ်ခန့်တွင် မီးငြိမ်းသွားခဲ့ပြီး မီးလောင်မှုကြောင့် အဆောက်အအုံအတွင်းရှိ မဲရုံသုံးပစ္စည်းများ မီးလောင်ပျက်စီးဆုံးရှုံးခဲ့ကြောင်း သိရသည်။

ထိုကဲ့သို့ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးကို မီးရှို့ဖျက်ဆီးခဲ့သည့် အကြမ်းဖက်သမားများကို ဖော်ထုတ်ဖမ်းဆီးအရေးယူနိုင်ရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက လုံခြုံရေးလုပ်ငန်းစဉ်များနှင့်အညီ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

## အာဆီယံ အမျိုးသမီးပြိုင်ပွဲတွင် မြန်မာအသင်း အုပ်စုဒုတိယဖြင့် ဆီမီးဖိုင်နယ် တက်ရောက်

ရန်ကုန် ဇူလိုင် ၁၃

၂၀၂၂ အာဆီယံ အမျိုးသမီးချန်ပီယံရှစ်ပြိုင်ပွဲ အုပ်စု(ခ) နောက်ဆုံးနေ့ကို ယနေ့ ညနေပိုင်းက ဖိလစ်ပိုင်နိုင်ငံ၌ ဆက်လက်ကျင်းပရာ မြန်မာအသင်း ရှုံးပွဲကြုံတွေ့ရသော်လည်း ဆီမီးဖိုင်နယ် တက်ရောက်သွားသည်။

**ဆီမီးဖိုင်နယ်တက်ရောက်**

မြန်မာအသင်းသည် အုပ်စုနောက်ဆုံးပွဲတွင် လက်ရှိချန်ပီယံ ဗီယက်နမ်အသင်းနှင့် တွေ့ဆုံခဲ့ရာ လေးဂိုးပြတ်အရေးနိမ့်ခဲ့ခြင်းဖြစ်သည်။ မြန်မာအသင်းသည် ယခုပွဲ မတိုင်မီကတည်းက ဆီမီးဖိုင်နယ်တက်ရောက်ပြီးဖြစ်သောကြောင့် ယခုပွဲတွင် အမာခံကစားသမားအားလုံးအနားပေးပြီး လူငယ်ကစားသမားများဖြင့် ပွဲထွက်ကစားစေခဲ့သောကြောင့် ဂိုးပြတ်အရေးနိမ့်ခဲ့ရခြင်းဖြစ်သည်။ မြန်မာအသင်းအနေဖြင့် ဆီမီးဖိုင်နယ်တွင် ကစားသမားများ အင်အားအပြည့်ကစားနိုင်ရန်အတွက် လူငယ်ကစားသမားများဖြင့် ယှဉ်ပြိုင်စေခဲ့ခြင်းဖြစ်သည်။ **စာမျက်နှာ ၁၆ ကော်လံ ၁ သို့** ☆



မြန်မာအသင်းနှင့် ဗီယက်နမ်အသင်းတို့ ယှဉ်ပြိုင်ကစားကြစဉ်။

**ယနေ့** ဖတ်စရာ

**ပြည်လမ်းနှင့် ဗားကရာလမ်းထောင့် မြေနီကုန်း ခုံးကျော်တံတားအောက်ရှိ ယာဉ်ထိန်းကင်းရုံအား PDF အမည်ခံ အကြမ်းဖက်သမားများက လက်ပစ်ဗုံးများဖြင့် လာရောက်ပစ်ခတ်ခဲ့မှုကြောင့် အပြစ်မဲ့ပြည်သူ အမျိုးသမီးတစ်ဦးသေဆုံး၊ အမျိုးသားခြောက်ဦးနှင့် အမျိုးသမီးလေးဦး ထိခိုက်ဒဏ်ရာရ**

စာမျက်နှာ - ၁၅

## CDM ဝန်ထမ်းများ၊ ကျောင်းသား ကျောင်းသူများနှင့် လူငယ်လူရွယ်များအား ကြိုဆိုရေးစခန်းများ ဖွင့်လှစ်လက်ခံခြင်းနှင့် နီးစပ်ရာလုံခြုံရေးစခန်းများ၌ လက်ခံခြင်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာချက်ထုတ်ပြန်

နေပြည်တော် ဇူလိုင် ၁၃

နယ်စပ်ဒေသအသီးသီးနှင့် အချို့သော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များအတွင်း ရောက်ရှိနေသည့် CDM ဝန်ထမ်းများ၊ ကျောင်းသား ကျောင်းသူများနှင့် လူငယ်လူရွယ်များအား နယ်စပ်ကြိုဆိုရေးစခန်းအသီးသီးနှင့် နီးစပ်ရာ တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့စခန်းအသီးသီးသို့ ဆက်သွယ်၍ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်နိုင်ကြောင်းနှင့် ယင်းသို့သတင်းပို့ဆက်သွယ်သူများကို သတ်မှတ်စည်းကမ်းချက်များနှင့်အညီ နေ့စဉ်ပြည်သူ့ဘဝတွင် အေးချမ်းစွာနေထိုင်နိုင်ရေး အာမခံချက်ပေးသွားမည်ဖြစ်ကြောင်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့က အသိပေးထုတ်ပြန်ထားကြောင်း သိရှိရသည်။ ကြေညာချက်အပြည့်အစုံမှာ-

**စာမျက်နှာ ၁၆ ကော်လံ ၁ သို့** ❖